စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆု

ဇော်လွင်ဦး (ဟင်္သာတ)

ပန်းပဲရှိန်းအား

# မြန်မာ့ မင်းလမ်းဓား



၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆု

# ပန်းပဲရွမ်းအား မြန်မာ့မင်းလမ်းစား

## ဇော်လွင်ဦး (ဟံသာတ)

တည်းဖြတ်စီစဉ်သူ - ဒေါ်နုနုယဉ် (နန်းညွှန့်ယဉ်ခမ်း)
စာတည်းမှူး

- ဒေါ်မေသူစိုး (လင်းထက်သော်တာ)
စာတည်း

အဖုံးပန်းချီ - ဇော်လွင်ဦး (ဟံသာတ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# စာကြည့်တိုက်တွင်သုံးရန်


၉၅၉· ၁၂၂
ဇော်

ဇော်လွင်ဦး(ဟသ်ာတ)

ပန်းပဲစွမ်းအား မြန်မာ့မင်းလမ်းစား/ ဇော်လွင်ဦး(ဟသ်ာတ)။ - - ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၈။

၂၀၁ စာ၊ ၁၈ စင်တီ။ - - (စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်)

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရစာအုပ်ဖြစ်သည်။

၁။ စားများ

(၁) စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်

(၂) ပန်းပဲစွမ်းအား မြန်မာ့မင်းလမ်းစား

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျေးဇူးစကား | |
| | စကားချီး | |
| ၁။ | ဓား | ၁ |
| ၂။ | စာပေနှင့် မှတ်တမ်းများထဲက ဓားများ | ၁၇ |
| ၃။ | ဓားနှင့် ဘုန်းလက်ရုံး | ၄၉ |
| ၄။ | မင်းလမ်း | ၆၂ |
| ၅။ | ပန်းပဲကုန်ကြမ်း | ၆၇ |
| ၆။ | ပန်းပဲဖိုများ | ၇၀ |
| ၇။ | မြန်မာ့ဓားထုတ်လုပ်ရေး | ၈၆ |
| ၈။ | ဓားတစ်လက်၏ အင်္ဂါရပ်များ | ၉၇ |
| ၉။ | မင်းလမ်းဓား | ၁၀၄ |
| ၁၀။ | ပန်းပဲပညာရှင် | ၁၁၉ |
| ၁၁။ | သံရွေးချယ်ခြင်း | ၁၂၄ |
| ၁၂။ | သံဖြတ်ခြင်း | ၁၃၀ |
| ၁၃။ | ဓားလောင်းခြင်း | ၁၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ဓားကြမ်းပုံဖော်ခြင်း | ၁၃၉ |
| ၁၅။ | ကိုက်ထိုးခြင်း | ၁၄၃ |
| ၁၆။ | ဇဝါစိတ်ခြင်း၊ ဇဝါရိုက်ခြင်း | ၁၄၇ |
| ၁၇။ | မီးဆေးခြင်း | ၁၅၂ |
| ၁၈။ | ဓားသွေးခြင်း | ၁၅၇ |
| ၁၉။ | ဓားချွေးဓားရိုး | ၁၆၇ |
| ၂၀။ | ဓားအိမ် | ၁၇၄ |
| ၂၁။ | ပန်းရိုက်ခြင်း | ၁၇၈ |
| ၂၂။ | ဓားအိမ်နှင့် ဓားရိုးအရောင်တင်ခြင်း | ၁၈၃ |
| ၂၃။ | ပန်းပဲမိသားစုများ | ၁၈၇ |
| ၂၄။ | ဝယ်သူထံသို့ | ၁၉၁ |
| ၂၅။ | ကျမ်းကိုးစာရင်း | ၁၉၉ |

# ကျေးဇူးစကား

ဤစာမူဖြင့် ဖခင်ကြီးနှင့် ကွယ်လွန်သူမိခင်ကြီးတို့အား လည်းကောင်း၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို လည်းကောင်း ရိုသေလေးမြတ်စွာ ဦးညွှတ်အပ်ပါသည်။

စာရေးဖြစ်အောင် ဖန်ကြိမ်များစွာ တိုက်တွန်းအားပေးခဲ့သော ခင်မင်လေးစားရသည့် ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောအဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ အရေးပေါ်ဆေးပညာဌာနပါမောက္ခ (ဌာနမှူး) ဒေါက်တာဦးမော်ဦး (မော်ဦး-ဆေး ၂) ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

စာမူကို အထပ်ထပ်ဖတ်ရှု ပြုပြင်ပေးသော ချစ်ဇနီး ဒေါ်စမ်းစမ်းအေး (နီတာ)၊ စာရေးဖြစ်အောင် စေ့ဆော်ပေးခဲ့သည့် သမီး ဒေါက်တာဆုမွန်လွင်၊ စာရေးသားနိုင်စေရန်အတွက် မိသားစုလုပ်ငန်းများကို သိမ်းကျုံးလုပ်ဆောင်ပေးသော တူမ မငုဝါလှိုင်နှင့် ကွန်ပျူတာစာစီပေးသော ညီမ မယုယုခိုင်တို့ကို ကျေးဇူးတင်ပါသည်။

မင်းလမ်းရွာသို့ သွားရောက်လေ့လာရာတွင် လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးပါသော ပျော်ဘွယ်မြို့မှ ဦးထွန်းထွန်းဝင်း (ခရိုင်ပါတီကော်မတီဝင်၊ ရမည်းသင်းခရိုင်ပြည်နိုင်ဖြိုးပါတီ) ကို အထူးကျေးဇူးတင်ရှိပါသည်။ ထို့အတူ မင်းလမ်းရွာအတွင်း လှည့်လည်လေ့လာနိုင်အောင် အသေးစိတ်စီစဉ်ကာ ကိုယ်တိုင်လိုက်ပါကူညီပေးပါသော မင်းလမ်းမြောက်ကျေးရွာနေ ဦးသိန်းလွင်မိသားစုအားလည်းကောင်း၊ မင်းလမ်းတောင်ကျေးရွာမှ ပန်းပဲဆရာကြီးများဖြစ်ကြသော ဦးကျော်ညွန့်၊ ဦးတင်ရွှေမိသားစုများနှင့် ဦးကျော်မြင့်၊ ဦးဝင်းမောင်မိသားစုတို့အားလည်းကောင်း၊ သိလိုသမျှ မေးမြန်းသမျှကို မညည်းမညူ ဖြေကြားပေးကာ လက်တွေ့လုပ်ဆောင်ပြသပေးကြပါသော မင်းလမ်းတောင်ရွာမှ ပန်းပဲ၊ ပန်းရိုက်၊ ဇဝါထိုးသူ ညီအစ်ကိုမောင်နှမများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ဇော်လွင်ဦး(ဟသ်ာတ)

## စကားချီး

သတင်းစာတစ်စောင်ထဲတွင် ပျော်ဘွယ်မြို့နယ် မင်းလမ်းကျေးရွာက ဓားများအကြောင်းကို ဖတ်ရှုခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ မြန်မာနိုင်ငံတွင်ရှိသော စစ်ကျောင်းကြီးများ၊ တပ်မတော်အဆောင်အယောင်များ၊ လက်ဆောင်ပေး အလှချိတ်ဓားများကို မင်းလမ်းရွာက ပြုလုပ်သည်ဟု ယင်းသတင်းစာထဲတွင် ရေးသားတင်ပြထားသည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်သဖြင့် သတင်းစာအမည်၊ စာရေးသူတို့ကို မမှတ်မိတော့ပါ။ ထိုအချိန်ကတည်းက မင်းလမ်းသို့ သွားရောက်လေ့လာလိုခဲ့သည်။ သို့သော် အလှမ်းဝေးကွာခြင်း၊ အချိန်မရခြင်းတို့ကြောင့် စိတ်သာရောက်သော်လည်း ကိုယ်က မပေါက်ခဲ့ပါ။


လွန်ခဲ့သော ငါးနှစ်ခန့်ကမှ ခရီးသွားရင်း မင်းလမ်းကို ဝင်ဖြစ်သည်။ အသေးစိတ်လေ့လာလိုသော်လည်း ကိုယ်က ခရီးသွားဟန်လွှဲဖြစ်နေခြင်း၊ သွားမည့်အစီအစဉ်နှင့် အချိန်ကွက်တိဖြစ်နေခြင်းတို့ကြောင့် သိသည်ဆိုရုံမျှသာ မေးမြန်းခဲ့ရသည်။

ထိုအချိန်တွင်လည်း သတင်းစာပါ ဆောင်းပါးရှင် ညွှန်းဆိုခဲ့ သကဲ့သို့ပင် ဆုဓားများ၊ စစ်ရေးပြ ဂုဏ်ပြုဓားများ၊ အမှတ်တရ အလှချိတ်ဓားများ၊ ဂျပန်ကင်ဒိုဓားပုံစံများ၊ ဂေါ်ရခါးဓားကောက် ပုံစံများ၊ နတ်ဆက်သောဓားများအပါအဝင် ဓားမျိုးမျိုးပြုလုပ် နေသည်ကို မျက်မြင်ကိုယ်တွေ့ လေ့လာတွေ့ရှိခဲ့ရသည်။ မူလကပင် ရှိခဲ့သော သိလိုစိတ်နှင့် စိတ်ဝင်စားမှုတို့မှာ ပို၍ မြင့်တက်လာသည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်က ပျော်ဘွယ်ကို တစ်ခေါက် ဖြတ်သွားဖြစ်သော်လည်း မင်းလမ်းကို မဝင်ဖြစ်ခဲ့ပါ။ သို့သော် ထူးခြားချက်တစ်ခုအနေဖြင့် မင်းလမ်းရွာရှေ့ ရန်ကုန်-မန္တလေးကားလမ်းဘေးတစ်လျှောက်တွင် ဆိုင်ငယ်ကလေးများဖြင့် ကျေးရွာထွက်ဓားများကို ချိတ်ဆွဲ ခင်းကျင်းပြသကာ ရောင်းချ နေသည်ကို တွေ့ရှိခဲ့ရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် နေပြည်တော်တွင် တစ်လကျော်ကျော်ကြာမြင့်မည့် သင်တန်းတစ်ခု တက်ရောက်ရန် အကြောင်းဖန်လာခဲ့သည်။ ထိုထက်ပို၍ အကြောင်းသင့်ခဲ့သည်မှာ ပျော်ဘွယ်မြို့သား ညီငယ်တစ်ဦးနှင့် ရင်းနှီးခင်မင်ခဲ့ရာ မင်းလမ်းအကြောင်း သိလိုသမျှမေးမြန်းရင်း မင်းလမ်းသို့ လိုက်ပါလေ့လာပါရန် အားတက်သရော ဖိတ်ကြားခြင်း ခံခဲ့ရသည်။ သို့နှင့် အားလပ်ရက်တွင် မင်းလမ်းသို့ ရောက်ဖြစ်ခဲ့ သည်။ ကနဦးတွင်မတော့ ခပ်စိမ်းစိမ်းသာ ဖြေကြသည်။ ခဏကြာ စကားပြောဖြစ်သောအခါ ဝေဝေဆာဆာ ဖြစ်လာကြသည်။ သေချာမေးမြန်းကြည့်သောအခါတွင်မူ သိလိုသမျှကို တိတိကျကျ ပြောပြကြသည်။ လက်တွေ့လုပ်ကိုင်ရင်း ရှင်းပြကြပါတော့သည်။

သို့နှင့် နှစ်ပေါင်းများစွာ သိလိုစိတ်ပြင်းပြခဲ့ရသည့် မင်းလမ်းမားအကြောင်းကို မှတ်တမ်းတင် ရေးဖွဲ့နိုင်ခဲ့ပါသည်။ မင်းလမ်းမားအကြောင်း စိတ်ဝင်တစားရှိခဲ့မည်ဆိုပါလျှင် ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာလုပ်ငန်းတစ်ရပ်ကို ဖော်ထုတ် ရေးသားနိုင်ခြင်းဖြစ်သဖြင့် ကြည်နူး ကျေနပ်မိပါမည်။ မရှင်းလင်း၊ နားမလည်၊ လိုအပ်ချက်တို့ရှိမည်ဆိုပါက စာရေးသူ၏ လေ့လာမှု၊ တင်ပြမှုတို့ ချို့ယွင်း အားနည်းခြင်းကြောင့်သာ ဖြစ်ပါသည်။

## ဓား



ဓားကို "ခုတ်၊ လှီး၊ ဖြတ်၊ ခွဲ၊ ထိုးသွင်းရန် အသွားတစ်ဖက်သာ ပါသော အရိုးတပ် သံလက်နက်" ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သို့သော် ကျောက်ဖြင့်လုပ်သောဓား၊ သံမဟုတ်သော သတ္တုများဖြစ်သည့် ကြေး၊ ငွေ၊ လောဟာ၊ မိုးကြိုး၊ စတီး စသည်တို့ဖြင့် ပြုလုပ်သောဓား၊ သစ်၊ ဝါးတို့ဖြင့်ပြုလုပ်သော ဓားတို့ကိုလည်း ဓားဟုပင် ခေါ်ဆိုကြပါသည်။ ဓားများတွင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အသုံးပြုပုံအမျိုးမျိုး ကွဲပြားခြားနားသည်ကို တွေ့နိုင်သည်။ ထိုသို့ ကွဲပြားခြားနား

သည့်အပေါ် မူတည်ကာ အခေါ်အဝေါ် အမျိုးမျိုးလည်း ကွဲပြားကြသည်။ အရွယ်အစားကို လိုက်၍လည်းကောင်း၊ ပုံသဏ္ဍာန်ကို လိုက်၍လည်းကောင်း ဓားတို၊ ဓားမြှောင်၊ ဓားရှည်၊ ဓားမောက်၊ ဓားမ စသည်ဖြင့် ခေါ်ကြသည်။ ပုံသဏ္ဍာန်ကိုလိုက်၍ ဓားတိုတွင် ဓားမြှောင်၊ မောင်းချဓား စသည်ဖြင့် ကွဲပြားသကဲ့သို့ ဓားရှည်တွင် ငှက်ကြီးတောင်ဓား၊ စလူဖူးဓား၊ လေးကင်းဓား၊ ခါးပတ်ဓား စသည်ဖြင့် ခေါ်ကြသေးသည်။



ငှက်ကြီးတောင်ဓား (တပ်မတော်စစ်သမိုင်းပြတိုက်)

ဓားထွက်ရာ အရပ်ဒေသကိုလိုက်၍ ပျော်ဘွယ်ဓား၊ မကွေးဓား၊ ပြည်ဓား၊ ရန်ကုန်ဓား၊ ခတ္တိယဓား၊ ဝဲကြီးဓား၊ သာယာဝတီဓား၊ ပနန်းရွာဓား၊ သိန္နီဓား၊ အင်းလေးဓား၊ မိုင်းနောင်ဓား၊ ဗန်းမော်ဓား၊ ခန္တီးဓား၊ မိုးနဲဓား၊ မိုးကြိုးဓား ဟု ခေါ်ကြသည်လည်း ရှိသည်။ မိုးကြိုးဓား ဟူသော အသုံးအနှုန်းနှင့် ပတ်သက်၍ မြန်မာစာပေတွင် ဝိဝါဒ ကွဲပြားမှုများရှိသည်။ ညောင်ရမ်းခေတ် အိုင်ချင်းကဗျာတစ်ပုဒ်ဖြစ်သော တောင်တွင်းရှင်ငြိမ်းမယ်၏ စစ်မှာတမူကဗျာပါ *"မြင်းမှာ အုန်းခွဲ၊ ကျွန်မှာ ကုလား၊ ဓားမှာ မိုးကြိုး၊ ယွန်းပုဆိုးနှင့် စစ်သည်ပုံမှာ ကျွန်ယုံစားမို့"* ဟူသော ကဗျာစာသားများကို စကားပြေပြန်ကြရာ၌ *"မြင်းတို့တွင် အုန်းခြောက်ခွံရောင် အမွေးရှိသော မြင်းက ပိုမိုကောင်းမွန်သည်။*

*နိုင်းစေရာတွင် ကုလားအစေခံများက ကျိုးနွံသည်။ ပုဆိုးတို့တွင် ယွန်းပုဆိုးက အကောင်းဆုံးဖြစ်သည်။ စစ်သည်တို့တွင်လည်း ပျို့ချစ်သူက အရှင်သခင်၏ ယုံစားခြင်းခံရသူမို့ အတော်ဆုံး ဖြစ်သည်"* ဟု ပြန်ဆိုကြသော်လည်း *ဓားမှာမိုးကြိုး* ဟူသော ကဗျာစာသားအတွက် ပညာရှိများအတွင်း ယူဆပုံ ကွဲပြား ကြသည်။ ထိုကဗျာကို အထက်တန်း မြန်မာကဗျာ လက်ရွေးစင် တွင် ထည့်သွင်း ပြဋ္ဌာန်းထားရာ၌ *"ဓားမှာမိုးကြိုး ဆိုသည်ကို အသွားတွင် မိုးကြိုးထည့်၍ ပြုလုပ်ထားသော ဓား"* ဟု လွယ်လင့် တကူ အနက်ဖွင့်ပေးထားသည်ကို တွေ့ရှိရသည်။ ထိုအဓိပ္ပာယ်ကို စဉ်းစားကြည့်ပါက ဓားအသွားတွင် မိုးကြိုးထည့်လုပ်ထား သည်မှာမဖြစ်နိုင်ဘဲ ဓားရွက်တွင် မိုးကြိုးဇဝါ ရိုက်ထားသော ဓားသာ ဖြစ်နိုင်သည်ကို တွေ့ရသည်။


မေမြို့မိုးကြည်၏ စာပေခေတ် ကိုးခေတ်မှ မြန်မာကဗျာများ အဖွင့် (စာ-၅၁) တွင် *"အင်းဝ၊ ပင်းယနှင့် ကျောက်ဆည်ခရိုင် အကြားရှိ မိုးကြိုးတွင်းရွာကား ဓားကောင်းထွက်သည်။ မိုးကြိုးဓား၊ ဝေ့ဓားသည် အလွန် နာမည်ကြီးသည်။ စပယ်ဖူးပုံ ဦးဝိုင်း၊ ငှက်ကြီးတောင် ဦးချွန်၊ သွေးစီးချောင်း မျှော့ကြောင်း၊ ဓားခွေး လုပ်ထားပုံ သပ်ရပ်သည်။ တလက်လက်နှင့် သံမဏိရောင် ထွက်နေသည်"* ဟု ပါရှိသည်။ ထို့အတူ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် အငြိမ်းစားယူသွားသော ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဆရာကြီး ဦးဘိုသင်းကလည်း သူ၏ အခြေခံပညာအထက်တန်း မြန်မာကဗျာသင်ကြားရေး စာအုပ် တွင် *"မိုးကြိုးတွင်းရွာမှ ထွက်သည်"* ဟု ဖော်ပြထားသည်ကို

တွေ့ရသည်။ မိုးကြိုးတွင်းရွာသည် ယခုအထိ မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်အတွင်း တည်ရှိပြီး ငွေးရွာသည် ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်း တည်ရှိသည်။


ဖော်ပြခဲ့သော ဓားများကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နာမည်မကျော်ကြားသည့်တိုင် ဒေသတစ်ခုအတွင်း ဓားပြုလုပ်သည့် ကျေးရွာ သို့မဟုတ် ဓားပြုလုပ်သည့် ပန်းပဲပညာရှင်၏ အမည်ဖြင့် ကျော်ကြားကြသည်လည်း ရှိသည်။ ဥပမာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ချိုက်ကျေးရွာမှ ထွက်သောဓားများသည် ချိုက်ဓား၊ ချိုက်ကတ်ကြေး စသည်ဖြင့် အမည်ကျော်ကြားသကဲ့သို့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မင်းလမ်းကျေးရွာမှ ထွက်သော ဓားများသည်လည်း မင်းလမ်းဓားဟု အမည် ကျော်ကြားသည်။ ထို့အတူ ဓားပြုလုပ်သော ပန်းပဲပညာရှင်များ၏ အမည်ကို ဓားများပေါ်တွင် ကြော်ငြာသဖွယ် ရေးထိုး ထားတတ်သည်ဖြစ်ရာ *ဆြာအောင်၊ ဆြာဝင်း* စသည်ဖြင့် ထင်ရှား ကျော်ကြားကြသည်များ ရှိသည်။ အချို့သောဒေသများတွင် မိမိတို့ခရိုင်၊ မြို့နယ်အတွင်း ဓားထုတ်လုပ်သောကျေးရွာများ၏ အမည်ဖြင့် ထင်ရှားသည်လည်း ရှိသည်။ ဥပမာအားဖြင့် ဟသာ်ာတ ခရိုင်၊ အင်္ဂပူမြို့နယ် နောက်မီးကျေးရွာမှ ထွက်ရှိသော နောက်မီးဓားများမှာ ထင်ရှားကျော်ကြားသည်။

မြန်မာတိုင်းရင်းသားများသည် မိမိတို့၏ မိရိုးဖလာ ထုံးတမ်းစဉ်လာများနှင့်အညီ ဓားကို ကိုင်စွဲလေ့ရှိကြသည်။ ရေမြေဒေသ ကွဲပြားခြားနားခြင်း၊ အသုံးပြုပုံ ကွဲပြားခြားနားခြင်း၊


အယူအဆ ကွဲပြားခြားနားခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများ ကွဲပြားခြားနားခြင်းတို့ကြောင့် တိုင်းရင်းသားလူမျိုးတစ်ဦးနှင့်တစ်ဦး၊ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုတို့တွင် ဓား၏အရွယ်အစား၊ ပုံသဏ္ဍာန်၊ အသုံးပြုပုံတို့ ကွဲပြားခြားနားကြသည်။ ထို့ကြောင့် ဓားကို စွဲကိုင်သော လူမျိုးစုကိုလိုက်၍ ဗမာဓား၊ ရှမ်းဓား၊ နာဂဓား၊ ကချင်ဓား၊ ရဝမ်ဓား၊ ရှမ်းတရုတ်ဓားဟု ခေါ်ကြသည်။




တိုင်းရင်းသားတို့၏ ဆောင်ဓားများ



ရှမ်းဓား (ရှမ်းပြည်နယ်တွင် အသုံးများသည်)



ကချင်ဓား
(ကချင်ပြည်နယ်မှ ခန္တီးရှမ်း၊ ရဝမ်၊ လရှီ တိုင်းရင်းသားတို့ အသုံးများသည်)




**နာဂဓား (စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးနယ်တစ်ဝိုက်တွင် အသုံးများသည်)**

မြန်မာတိုင်းရင်းသားတို့၏ နေ့စဉ်ဘဝတွင် ဓားသည် မရှိမဖြစ် အသုံးပြုရသော လက်နက်ကိရိယာတစ်ခု ဖြစ်သည်။ သာမန်အားဖြင့် အများစုက ဓားကို ကျေးလက်သုံး ပစ္စည်းတစ်ခု အဖြစ်သာ တွေးဆလေ့ရှိသည်။ ထိုတွေးဆချက်ကို မှားသည်ဟု မဆိုနိုင်သော်လည်း မြို့ပြတွင် နေထိုင်သူများအတွက်လည်း မရှိမဖြစ် လိုအပ်သည်ကို မေ့လျော့နေလေ့ရှိသည်။ ကျေးလက်ဒေသများ အထူးသဖြင့် တောတောင်ဒေသများသို့ ရောက်ရှိသွားမည်ဆိုလျှင် လူတိုင်း၏လက်တွင် ဓားတစ်လက် အမြဲပါလေ့ရှိသည်။ တောတိုး တောင်တက်သူများအတွက် ဓားသည် ခုတ်ထွင်ရှင်းလင်းရန် မရှိမဖြစ် အရေးပါလှသည်။ သို့သော် မြို့ပြနေသူတိုင်း၏ မီးဖိုချောင်တွင် ဓားသည် မရှိမဖြစ် အိမ်သုံးပစ္စည်းတစ်ခုဖြစ်သည်။ အလှပြုပြင်ဆိုင်၊ ဆံပင်ညှပ်ဆိုင်များ အတွက် ဘလိတ်ဓားသည် မရှိမဖြစ် လူသုံးပစ္စည်းတစ်ခုဖြစ်သကဲ့သို့ ဆေးရုံ၊ ဆေးခန်းများအတွက် ခွဲစိတ်ဓားသည်လည်း မပါမဖြစ် ကိရိယာတစ်ခုဖြစ်သည်။


ထို့အတူ ရဟန်းတော်များအတွက် မရှိမဖြစ်လိုအပ်သော ပရိက္ခရာရှစ်ပါးဖြစ်သည့် သင်းပိုင်၊ ကေသီ၊ ဒုကုဋ်၊ သပိတ်၊ သင်တုန်း၊ အပ်၊ ခါးပန်းကြိုး၊ ရေစစ်တို့တွင် ဓားတစ်မျိုးဖြစ်သော

သင်တုန်းဓားလည်း ပါဝင်ရာ ဓားသည် သာသနာတော်အတွက် မရှိမဖြစ် ပစ္စည်းတစ်ခုဟုလည်း ဆိုရမည်။


ထို့ကြောင့် ဓားကိုအသုံးပြုသည့် လုပ်ငန်းပေါ် မူတည်ကာ နတ်ဆက်ဓား၊ မခုတ်ဓား၊ ဝါးခုတ်ဓား၊ သစ်ခုတ်ဓား၊ သစ်ဖျင်းသစ်ရွေဓား၊ မျှောခုတ်ဓား၊ တောတက်ဓား၊ တောရှင်းဓား၊ ချုံရှင်းဓား၊ မြက်ခုတ်ဓား၊ ပေါင်းခုတ်ဓား၊ ကန်သင်းခုတ်ဓား၊ ကိုင်းခုတ်ဓား၊ ကျူခုတ်ဓား၊ ဓနိခုတ်ဓား၊ အမဲလိုက်ဓား၊ အမဲခုတ်ဓား၊ ငါးခုတ်ဓား၊ မြက်စဉ်းဓား၊ ကောက်ရိုးစဉ်းဓား၊ ပြောင်းရိုးစဉ်းဓား၊ ဖက်လှီးဓား၊ ထန်းလှီးဓား၊ စစ်သုံးဓား၊ ခွဲစိတ်ခန်းသုံးဓား၊ မုတ်ဆိတ်ရိတ်၊ ခေါင်းရိတ် ဘလိတ်ဓား၊ သင်တုန်းဓား စသည်ဖြင့် ခွဲခြား ခေါ်ဆိုကြသည်လည်း ရှိသည်။




ထင်းခုတ်ဓားမ



သစ်ဖျင်းသစ်ရွေဓား




ဓနိခုတ်၊ ကျူခုတ်သည့် ခတ္တီယဓား (ထန်းတပင်နယ်တွင် အသုံးပြုသည်)



နှီးဖြာသည့် ဓားမောက်



ပြောင်းဖူးဖက်လှီးသည့် ဖက်လှီးဓား




ဓနိခုတ်ဓားမ (ရေးနယ်တွင် အသုံးများသည်၊ ထိပ်တွင် တူရွှင်းဦးပါသည်)



ဖက်လိပ်ဓား (မြစ်ဝကျွန်းပေါ်တွင် အသုံးများသည်။)




သလုံးဓား (ရွှေဘိုနယ်တွင် အသုံးများသည်)



ထန်းလှီးဓား



ထန်းသီးခုတ်၊ ထန်းသီးထွင်းဓား




မြက်စဉ်းဓား


သာမန်အားဖြင့် ဓားကို အဆင်တန်ဆာမပါဘဲ သုံးစွဲကြသည်က များသည်။ သို့သော် ဓားကို အဆောင်အယောင်တစ်ခု၊ ဂုဏ်ဒြပ်တစ်ခုအနေဖြင့် အသုံးပြုမည်ဆိုလျှင် ဓားကို အဆင်တန်ဆာများ တပ်ဆင် အသုံးပြုကြသည်။ အဆင်တန်ဆာဟု ဆိုရာ၌ ဓားရွက်တွင်လည်းကောင်း၊ ဓားရိုးတွင်လည်းကောင်း၊ ဓားအိမ်တွင်လည်းကောင်း ပြုလုပ်ဖန်တီးထားသည့် အလှအပတန်ဆာဆင်မှုကို ဆိုလိုသည်။ ထိုသို့ ပြုလုပ်ထားသော ဓား၏ အဆင်တန်ဆာကိုလိုက်၍ ဓားနက်၊ ဓားနက်ဗလာ၊ ဓားအဆောက်ရွှေဖြူ၊ ဓားမိုးကြိုးဆင့်၊ ဓားအိမ်ဖြူ၊ မိုးကြိုးဓား (မိုးကြိုး ဇဝဓား)၊ ရွှေဇဝဓား၊ ငွေဇဝဓား၊ ယိုးဒယား တရုတ်ဓား၊ ကျောက်စီဓား၊ ပတ္တမြားကျောက်စီဓား၊ သံရှင်ဓား၊ ရွှေဓား၊ ငွေဓား စသည်ဖြင့် ခေါ်ကြသည်။




ရှေးခေတ်က အသုံးပြုခဲ့သော ဓား၊ ဓားဗလာ



ဆောင်ဓား



ရှပ်စုံရွှေဓား




ယိုးဒယားဓား

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ အရွယ်အစား၊ အသုံးပြုပုံ၊ နေရာဒေသ စသည်တို့ကြောင့် ဓား၏အရွယ်အစား၊ ပုံသဏ္ဍာန်တို့ မည်သို့ပင် ကွဲပြားခြားနားနေသည်ဖြစ်စေ ဓားသည် လူ့ဘဝတွင် မရှိမဖြစ် အသုံးအဆောင်ပစ္စည်းတစ်မျိုးဟု ဆိုနိုင်သည်။ မွေးခန်းတွင် စတင်ခွဲစိတ်စဉ်ကတည်းက ဓားကို အသုံးပြုခဲ့ရပြီး လူ့ဘဝတစ်လျှောက်လုံးတွင် စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး တည်းဟူသော အရေးသုံးပါးတွင် ဓားသည် မပါမဖြစ် ပါရှိရသည်။ ထို့ပြင် ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးစံ၊ အသက်အန္တရာယ်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံအချင်းချင်း ချစ်ကြည်ငြိမ်းချမ်းရေး စသည်တို့အထိ မပါမဖြစ် အသုံးအဆောင်တစ်ခုဟု ဆိုနိုင်သည်။ ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်ဖြစ်ရာ ဓားကို အဓိက လက်နက်တစ်ခုသဖွယ် အသုံးမပြုတော့သည့်တိုင် နိုင်ငံအများစုက နိုင်ငံ၏ အဆောင်

အယောင်၊ အထိမ်းအမှတ်၊ လက်ဆောင်ပဏ္ဏာအဖြစ် ဓားကို အသုံးပြုနေကြဆဲဖြစ်သည်။

ထို့ပြင် ခေတ်မီလက်နက်ကိရိယာများ မည်မျှပင် ထွန်းကား နေစေကာမူ စစ်ပွဲများ၏ အရေးပါလှသော နောက်ဆုံးတိုက်ပွဲ များတွင် ဓား၏အသုံးဝင်မှုသည် ယနေ့အထိ အရေးပါအရာရောက် နေဆဲပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တောတောင်များ အတွင်း ချိတက်တိုက်ခိုက်ရသည့် တိုက်ပွဲများတွင် လမ်းရှင်းရန်၊ သစ်ဝါးခုတ်ရန် စသည်တို့အတွက် ဓားကိုသာ အဓိက အသုံးပြုနေဆဲ ဖြစ်သကဲ့သို့ အသံတိတ်ချေမှုန်းခြင်း၊ အနီးကပ်ချေမှုန်းခြင်းများ တွင် ဓားတစ်မျိုးဖြစ်သော လှံစွပ်(Bayonet) ကိုသာ အဓိက လက်နက်အဖြစ် အသုံးပြုနေရဆဲဖြစ်သည်။



လှံစွပ် (Bayonet)

ထို့အပြင် ဓားသည် အရှိန်အဝါ အဆင့်အတန်း အောင်မြင်မှုကို ထင်ဟပ်စေသော ဂုဏ်ဒြပ်တစ်ခုအဖြစ် နေရာ ယူလျက်ရှိသည်။ ထို့ကြောင့် ဓားဟုဆိုလျှင် စိတ်ဝင်စားဖွယ် ကောင်းသည်ဟု ဆိုရမည်။

အမှန်စင်စစ် ဓားကို ကျောက်ခေတ်နှောင်းကာလ ကတည်းက စတင်သုံးစွဲလာခဲ့ကြောင်း ခိုင်မာသည့် အထောက် အထားများအရ သိရှိနိုင်သည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်း သမိုင်းဝင်နေရာများကို တူးဖော်ရှာဖွေရာတွင် တောင်ကြီးခရိုင်၊ ရှာင်မြို့နယ်အတွင်း ပြဒါးလင်းဂူ တူးဖော်မှုသည် မြန်မာတို့၏ ကျောက်ခေတ်လူနေမှုဘဝကို ပြက်ပြက်ထင်ထင် မြင်တွေ့ စေခဲ့သည်။ ပြဒါးလင်းဂူ တူးဖော်မှုတွင် ကျောက်ဓား၊ ကျောက်တူ၊ ကျောက်ပဲခွပ်၊ ကျောက်ခြစ် ကိရိယာ၊ ကျောက်လက်နက် စုစုပေါင်း ၁၆၀၀ ကျော် ရရှိခဲ့သည်။ ကျောက်လက်နက်များကို ထိုဒေသထွက် ထုံးကျောက်များနှင့် ပြုလုပ်ကြသည်သာမက သလင်းကျောက်၊ နှမ်းဖတ်ကျောက်၊ မီးသင့်ကျောက်နှင့် အင်ကြင်းကျောက်များဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိခဲ့ရသည်။ ဆိုရပါလျှင် ကျောက်ခေတ် ကတည်းက မြန်မာနိုင်ငံတွင် ဓားများ အသုံးပြုနေပြီဆိုသော ခိုင်မာသည့် သက်သေဖြစ်သည်။ ပြဒါးလင်းဂူတွင်သာမက မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင်လည်း ကျောက်ခေတ်သုံးဓားဟု ခေါ်နိုင်သော ခုတ်စဉ်းကိရိယာများကို တွေ့ရှိရသည်ဟု ဆိုကြသည်။ အထူးသဖြင့် ကျောက်လက်နက်များကို ပခုက္ကူမှ ပြည်မြို့အထိ ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် တွေ့ရလေ့ရှိသည်။ ရှေးဟောင်းသုတေသနပြုထားချက်များအရ ညောင်ဦးနှင့် မကွေးအကြားတွင် အများဆုံး တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

ယနေ့ခေတ်သုံးဓားပုံနှင့် အလွန်ဆင်တူသော ကျောက် ခေတ်သုံးဓားကို အထက်မြန်မာပြည် ပုံတောင်၊ ကျောချောင်း၊



**ကျောက်ခေတ်သုံး ဓားလက်နက်များ**

ဇယားရွာအနီးရှိ တောင်ခုလတ်တွင် ဦးအောင်သူ၊ သခင်တင်မြနှင့် ဗိုလ်တင်စိန်တို့က တွေ့ရှိခဲ့ကြဖူးသည်ဟု မင်းယက္ခ၏ မြန်မာ့ဓား စာအုပ်တွင် ဖော်ပြပါရှိသည်။ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး၊ ကြိမ်ချောင်း၊ သပေါ့လိပ်နှင့် မော်တုံရွာများမှ ကျောက်ခေတ်သစ် လက်နက် (၁၄) ခု စုဆောင်းရရှိခဲ့ဖူးကြောင်း၊ ယင်းကျောက်ခေတ် သစ် လက်နက်များတွင် သစ်ခေါက်ထုရန် ကျောက်ကျည်ပွေ့၊ တံစဉ်သွား၊ အမင်းပါ ဓားရှည်၊ အမင်းပါ ပဲခွပ်၊ ပုဆိန်သွား၊ ပိစပ်ဖူး ပဲခွပ် အစရှိသည်ဖြင့် မျိုးစုံတွေ့ရှိရကြောင်းကို ၁၉၇၈ ခုနှစ်၊ မတ်လထုတ် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်စာစောင်တွင် ဦးအောင်မြင့်က 'သုဝဏ္ဏဘူမိနှင့် တနင်္သာရီတိုင်းမှ ကျောက်ခေတ်သစ် အထောက်အထားများ' ဟူသောခေါင်းစဉ်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်ကို လေ့လာတွေ့ရှိနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဓားကို ကျောက်ခေတ်ကတည်းက အသုံးပြုနေပြီ ဖြစ်ကြောင်းမှာ အငြင်းပွားဖွယ်မရှိဟု ဆိုနိုင်သည်။

ကျောက်ခေတ်တွင်မက ကြေးခေတ်၊ သံခေတ်တို့တွင် အသုံးပြုခဲ့သည့် ဓားများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဟန်လင်း မြို့ဟောင်းတူးဖော်ရာတွင် အေဒီ ၂ ရာစုမှ ၉ ရာစုအတွင်း ရှိမည်ဟု ခန့်မှန်းရသော လူအရိုးစုတစ်ခုကို တွေ့ရှိခဲ့ကြသည်။ ထူးခြားသည်မှာ ထိုအရိုးစုနှင့်အတူ သံလျက်သဏ္ဌာန် နှစ်ဖက်သွား ကြေးဓားကို တွေ့ရှိရကြောင်း ၁၉၇၄ ခုနှစ်၊ ဇွန်လ ၁၅ ရက်ထုတ် လမ်းစဉ်သတင်း၊ အတွဲ ၁၀၊ အမှတ် ၁၂ ပါ *'အတိတ်ကို ဆက်စပ်ကြည့်သောအခါ'* ဆောင်းပါးတွင် ဖော်ပြပါရှိသည်။

မြန်မာ့ကြေးခေတ်၊ သံခေတ် သုတေသနလုပ်ငန်းများကို ၁၉၉၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ဒေသတွင် စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဘုတလင်မြို့နယ် မုံထူး၊ ဝက်လက်မြို့နယ် ဟန်လင်း၊ တောင်သာ မြို့နယ် အင်းတဲ၊ မလှိုင်မြို့နယ် မြင်းဦးလှည့်၊ နွားကန်နှင့် မြောက်လည်၊ ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်း၊ ဥမှင်၊ ထန်းတစ်ပင်၊ ထုံးဘို၊ မိတ္ထီလာမြို့နယ် ညောင်ကုန်း၊ မြာရေဝေ၊ ကူမဲမြို့နယ် ပြည့်စုံကုန်း၊ ရမည်းသင်းမြို့နယ် မြို့လှ၊ သာစည်မြို့နယ် ကန်သစ်ကုန်းတို့တွင် ဆောင်ရွက်ခဲ့ကြသည်။ ယင်းတူးဖော်မှုများ တွင် အခြားသောအသုံးအဆောင်များ၊ အလှဆင်ပစ္စည်းများနှင့် အတူ သံအသွားတွင် ကြေးလက်ကိုင်ရိုးတပ် နှစ်ဖက်သွားဓားများ၊ အချောသွေးထားသည့် အမင်းပါ ပုဆိန်အမျိုးမျိုး၊ သံလှံသွား၊ တူရွင်း၊ တံစဉ်၊ ချွန်း စသော သံကိရိယာများကို တွေ့ရှိခဲ့ကြသည်။ သို့ဖြစ်ရာ မြန်မာတို့သည် သမိုင်းမတင်မီခေတ်ကတည်းက ကျောက်၊ ကြေး၊ သံ စသည်တို့ဖြင့် ဓားများအသုံးပြုနေပြီ ဖြစ်ကြောင်း အခိုင်အမာ ပြဆိုနိုင်သည်။

ထို့အတူ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော ပျူမြို့ဟောင်းများဖြစ်ကြသည့် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့ကို တူးဖော်ရာတွင်လည်း သံဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်း အများအပြားတွေ့ရှိခဲ့ရာတွင် ဓားများ ပါဝင်သည်ကို တွေ့ရသည်။

သရေခေတ္တရာမြို့ဟောင်း တူးဖော်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့ဖူးသော ရှေးဟောင်းသုတေသန ဝန်ထောက် ဆရာကြီးဦးစိန်မောင်ဦးက 'ပျူတို့၏ ထူးဆန်းသော အစွဲအလမ်းတစ်ခုမှာ သံသည် မကောင်းဆိုးဝါးတို့ကို ကာကွယ်နိုင်သည်ဟူသော အစွဲအလမ်းပင်ဖြစ်သည်။ သံမယ်နကြီးများကို မြို့ရိုးပတ်လည်တွင်လည်းကောင်း၊ အဆောက်အအုံ ပတ်လည်တွင်လည်းကောင်း ရိုက်ထားကြသည်။ အရိုးအိုးများနှင့်အတူ သံဓား၊ သံချောင်း၊ သံချိတ်စသော သံကိရိယာများကိုလည်း တစ်ပါတည်း မြှုပ်နှံလေ့ရှိကြသည်' ဟု ရှေးဟောင်းမြန်မာမြို့တော်များစာအုပ်ပါ သရေခေတ္တရာ မြို့ဟောင်းစာတမ်းတွင် ရေးသားဖော်ပြခဲ့သည်။ ယင်းအချက်က ပျူခေတ် သရေခေတ္တရာတွင် သံဓားများရှိနေပြီဟူသောအချက်ကို အခိုင်အမာ သက်သေထူသကဲ့သို့ ရှိသည်။

အထူးသဖြင့် ဟန်လင်းမြို့ဟောင်း တူးဖော်ရာတွင် သံလက်နက်ပစ္စည်းမျိုးစုံ ၁၅၆ ခု တူးဖော်ရရှိခဲ့သည်။ ယင်းတို့တွင် ဓားရှည်အမျိုးမျိုး၊ ဓားမြှောင်အမျိုးမျိုး ပါဝင်သည်။ ထို့ကြောင့် ပျူခေတ်တွင်လည်း ဓားလက်နက်များကို အသုံးပြုနေပြီဟု ဆိုရပေမည်။

× × × × ×

## စာပေနှင့် မှတ်တမ်းများထဲက ဓားများ

ဓားသည် လူမှုဘဝတွင် မပါမဖြစ် အသုံးအဆောင်ဟု ဆိုရာတွင် ကာကွယ်ရေးအတွက်လည်း မရှိမဖြစ်ပစ္စည်းဟု ဆိုရလိမ့်မည်။ ကာကွယ်ရေးဟုဆိုရာတွင် မိမိကိုယ်ကို ကာကွယ်ရေးမှသည် နိုင်ငံတော်ကာကွယ်ရေးအထိ ကျယ်ပြန့်သည်။ ကာကွယ်သည် ဆိုသောစကားရပ်တွင် ခုခံခြင်းနှင့် တိုက်ခိုက်ခြင်းတို့ အကျုံးဝင်သည်။ ရန်သူကို ခုခံရန်အတွက်လည်းကောင်း၊ ပြန်လည်တိုက်ခိုက်ရန်အတွက်လည်းကောင်း ဓားသည် သမိုင်းဦးအစမှသည် ယနေ့ခေတ်အထိ မရှိမဖြစ်လိုအပ်သော လက်နက်တစ်ခုဟု ဆိုလျှင်ပင် မှားမည်မထင်ပါ။ အဘယ့်ကြောင့်ဆိုသော် ယနေ့ခေတ်ကဲ့သို့ နည်းပညာအရပ်ရပ် ဖွံ့ဖြိုးတိုးတက်သောခေတ်တွင်ပင် စစ်ပွဲများ၏နောက်ဆုံးအဆင့် လုံးထွေးတိုက်ခိုက်ခြင်းများတွင် ဓားလက်နက်က မပါမဖြစ်ပါဝင်ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် စာပေ၊ လက်ာ၊ သမိုင်း၊ ရာဇဝင်များတွင် ခေတ်အလျောက် ထင်ရှားကျော်ကြားသော ဓားများအကြောင်းကို ဖော်ပြလေ့ရှိသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မျောက်ဂဏ္ဍိ တွင် မားနှင့် ပတ်သက်၍

"တကောင်းပြည် နန်းပွဲမှာ ပန်းပဲမောင်တင့်တယ်လုပ်တဲ့ မားဟာ အသွားရှစ်သစ်ရှိသတဲ့။ ပေါက်ကျိုင်း နဂါးကို ခုတ်တဲ့ မားမကုတ်ကြီးကတော့ တရုတ်ကြီးခြောက်ယောက်ချီပြီး မ တာ တောင် နဲ့နဲ့မှ မကြွဘူး။ အနို့ပြီး သရေခေတ္တရာပြည်ကြီး ဘုန်းမီးနေလ အစိုးရတော်မူတဲ့ သာသနာ့ဒါယကာ ဒွတ္တဘောင် မင်းရဲ့ လက်သုံးတော်မားကတော့ နွားလည်ပင်းကိုတောင် အကွင်းလိုက် ဖြတ်ချနိုင်ကြောင်း၊ ငှင်းပြင် ပေါက္ကံခေတ်တုန်းက ကျန်ရစ်တဲ့ မားတစ်စင်းကြောင့် ကုလားမင်းများတောင် ကြောက်ရ တယ်။ နော့ပြီး တစ်ခါ ရတနာပူရ အင်းဝမြို့ကြီးကို ထီးနန်းအစ ပထမတည်ထောင်အုပ်စိုးတော်မူတဲ့ သတိုးမင်းဖျားရဲ့ မားဟာ များစွာပဲ ထက်မြက်တယ်။ အနို့ပြီး သာယာဝိုင်း စစ်ကိုင်းသခ်ယာ ဆိုတဲ့ သမိုင်းပုံ အခြေသာတဲ့ ဇေယျာပူရတိုင်း စစ်ကိုင်းရွှေပြည်ကို တည်ထောင်တော်မူတဲ့ ဇမ္ဗူလုံးမင်္ဂလာ သခ်ယာစောယွန်းရဲ့ နန်းစဉ်လက်သုံးတော်မားမှာ လွန်စွာပင် အဟုတ်ကောင်းသဖြင့် ဆင်ဦးခေါင်းတောင် ကောင်းကောင်းကြီးပြတ်ကျအောင် ဖြတ်ချ နိုင်တယ်။ နော့ပြီး ကျွန်ုပ်တို့အင်းဝမှာ ပထမမင်းခေါင်ရဲ့မားမှာ ငွေသားတုံးကြီး နှစ်မိုက်ခန့်အပုံကို အကုန်လုံး ခုတ်ချနိုင်တယ်။ နို့ပြီး အနို အင်းဝမှာပဲ မင်းသဖတရယ်လို့ တန်ခိုးလင်းခဲ့တဲ့ မိုးညှင်းမင်းတရားကြီးရဲ့ အသွားထက်စွာ၊ ရတနာအမျိုးမျိုး အရိုးကျောက်စီနာရဏ်ရွှေမားမှာဖြတော့ ယမနေသား အပင်ကြီးကို မားတင်ပြီးခုတ်မယ် မိုးရုံနဲ့ ရက္ခစိုးဖတောင် ထွက်ပြေးရသတဲ့"

စသည်ဖြင့် ထင်ရှားသော မြန်မာ့ဓားများအကြောင်းကို ဖော်ပြထားသည်။

မုံရွေးဆရာတော်၏ ကုသပျို့တွင် 'အကြေးမန္တ၊ အခွံမလှစ်၊ အသစ်မဟောင်း၊ အခေါင်းစေ့ငြား၊ ဝါးခြောက်ဆယ်လုံး၊ ရုံးတပြိုင်တွဲ၊ ကလာပ်ဖွဲ့မှ၊ ဝှက်ကဲ့စလျှင်း၊ သံချောင်းသွင်းလည်း၊ လျှပ်လင်းသောလား၊ ပြတ်သွားရှင်ရှင်၊ ဓားရေးဆင်သော်' ဟု အခေါင်းပိတ် ဝါးစိမ်းအလုံးခြောက်ဆယ်တွင် အတွင်းက သံချောင်းခံကာ စုစည်းထားသောဝါးစည်းကို လျှပ်ပြက်သကဲ့သို့ တစ်ချက်တည်း ခုတ်လိုက်သော ဓားချက်ကြောင့် တစ်ချက်တည်း ပြတ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ရွှေနန်းကြော့ရှင် ဘုရင်နရပတိ၏ လက်သုံးတော် နန်းစဉ်ဓားဖြစ်သည့် ယိမ်းနွဲ့ပါးဓားဖြင့် ရှမ်းမင်း သိုဟန်ဘွားကို မင်းကြီး ရန်နောင်ကိုယ်တိုင် ကုပ်ကို ခုတ်သတ်လိုက်ရာ တစ်ချက်တည်းနှင့် ဦးခေါင်းပြတ်ကျသည့်ပြင် ဘုရင်၏ ယာယီပလ္လင် နောက်ပိုင်းက ဝါးပိုးတိုင်ကြီးနှင့် ကြမ်းငါးချောင်းပါ ပြတ်ကျသွားသည်ဟု ဆိုသည်။ ထိုယိမ်းနွဲ့ပါးဓားသည် ဆင်ပေါ်ကလူကို ခုတ်လျှင် ဆင်ကနှင့်တကွပြတ်၍ ဆင်ကိုပါထိသည်ဟု နာမည်ကြီး သည်။

အင်းဝနရပတိကြီး မင်းသားဘဝတွင် ရှမ်းသံလည်ဘွားနှင့် တိုက်ကြရာ သံလည်ဘွားက ဓားနှင့်ခုတ်သဖြင့် နရပတိကြီး၏ ချပ်သုံးထပ် ပြတ်ဖူးသည်ဟု ဆိုသည်။

ရာဇဝိရာဇ်အရေးတော်ပုံကျမ်းတွင် မွန်သူရဲကောင်း ဗျည်းနွဲ့၏ဓားမှာ ကျောက်အထု သံတောင်တစ်တောင် ပြတ်သည် ဟု ဆိုသည်။

စာပေလက်ာများတွင် မြန်မာ့သမိုင်းတစ်လျှောက်၌ ဓားကို အသုံးပြုပုံ၊ ပြုပြင်မွမ်းမံပုံ၊ ဓားရေးသိုင်းကွက်များ၊ ဓားနှင့် လေ့ကျင့်ခြင်းများ၊ ဓားစွမ်းရည်များကိုလည်း ဖော်ပြခဲ့ကြသည်။

မုံရွေးဆရာတော်၏ ကုသပျို့၌

"ဓားစွဲစာရင်း၊ ဓားခင်းပြီးမြောက်၊ ရွှေမောက်တိုရပ်၊ ပါးအကပ်တွင်၊ မှောက်တပ်တစ်ဖက်တို၊ နှစ်ဖက်တို ရှေ့လှည့်၊ နောက်လှည့်ဖိတ်နှုတ်၊ နှစ်ဖက်နှုတ်က၊ စွန်သုတ် ပန်းကုံးဖြုတ်၊ လက်ကောက်ဝတ်နှင့်၊ အင်တွဲခတ်ဓားပြ၊ ဒေါင်းမြီးကတည့်၊ မီးတိုင်ပြ ဓားလျှို၊ ရွှေပိုးချည်လွှား၊ လွင့်သည့်ဓားနှင့်၊ ကျားမြီးဆွဲ ဓားဝှက်၊ ရွှေတဘက်လည်ရောက်၊ ရေသောက်သက်တင်၊ စင်ရေသုတ်ချက်၊ ဆက်ရက်ခုန်ဟန်၊ သည်လှန်ရင်ကွဲ၊ ယာဝဲအလှ၊ ဓားလှမျက်နှာကာ၊ ကြာခံဓားခုတ်၊ ရှေ့နှုတ်လည်ရောက်၊ လည်နောက်ဓားသွဲ့၊ ဤသို့ဖွဲ့သည်၊ သုံးဆယ့်ခုနစ်တန်၊ ဓားရေး မွန်ကို၊ အားသွန်ပြီးကြလေစေကုန်"

ဟု ဓားရေး ၃၇ ချင်းကို ရေးသီဖွဲ့ဆိုခဲ့ကြောင်း တွေ့ရှိ မှတ်သားရသည်။

မြန်မာစာပေတွင်ပါရှိသော မြန်မာ့ဓားအကြောင်း တင်ပြတိုင်း မပါမဖြစ်ဖော်ပြရမည်မှာ ကာချင်းကဗျာအကြောင်း ဖြစ်သည်။ မြန်မာစာပေအဖွဲ့ ပုံသဏ္ဍာန်များအနက် ကာချင်း ကဗျာသည် ကာကစဥ်တွင် သီဆိုရသော သီချင်းကဗျာဖြစ်သည်။ ကာချင်းဆိုသည်မှာ လက်ယာဘက်က ဓား၊ လက်ဝဲဘက်က ဗန်းငယ်ကဲ့သို့ ခပ်ဝိုင်းဝိုင်း ပုံသဏ္ဍာန်ရှိ ကာကိုကိုင်၍ တစ်ဖက်က တိုက်ခိုက်လာသည်ကို ကာကွယ်ဟန်၊ ဓားခုတ်ဟန်၊ ဓားဝင့်ဟန်

များဖြင့် ခြေကို သိုင်းကွက်ကျနင်း၍ ကရာတွင် သီဆိုသော သီချင်းဖြစ်သည်။ စစ်သွေး စစ်မာန် အားမာန် တက်ကြွစေသော သီချင်းတစ်မျိုးဖြစ်သည်။

ပင်းယခေတ်မတိုင်မီ ပုဂံခေတ် ပျက်သုဉ်းခါနီးတွင် မြန်မာနိုင်ငံကို တရုတ်တို့က ရန်စနှောင့်ယှက်မှုများ ရှိခဲ့သည်။ တရုတ်တို့ ရန်ကြောင့် ပုဂံပြည်ကြီး ပြိုကွဲခဲ့ရသဖြင့် တရုတ်ပြေးမင်းဟုပင် အမည်တွင်ခဲ့သော နရသီဟပတေ့မင်းသည် ပုဂံခေတ်၏ နောက်ဆုံးမင်းဖြစ်သည်။ ထို့နောက်တွင် မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယဟူ၍ ပြည်ငယ်များ ပေါ်ပေါက်လာခဲ့သည်။ ထိုပြည်ငယ်များတွင် မြန်မာ့ယဉ်ကျေးမှုကို နှစ်သက်မြတ်နိုးသော ရှမ်းညီနောင်သုံးဦးတို့ အသီးသီး မင်းပြုခဲ့ကြသည်။ ညီငယ်သီဟသူသည် ပင်းယကို မြန်မာသက္ကရာဇ် ၆၇၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ သီဟသူ၏သားတော် ကျော်စွာသည် မြင်စိုင်းမြို့ကို စားရာမှ နောင်အခါတွင် ပင်းယ၌ မင်းဖြစ်လာသည်။ သူ၏လက်ထက်တွင် ဆင်ဖြူငါးစီးရသဖြင့် ငါးစီးရှင်ကျော်စွာဟု တွင်သည်။

ပင်းယခေတ်တွင် ပြည်ပတရုတ်ရန် ကာကွယ်ရေးမှာလည်း အရေးကြီးလှသည်။ ထိုသို့ ကာကွယ်နိုင်ရန်အတွက် နိုင်ငံအတွင်းတွင် အင်အားတောင့်တင်းစေရန် စီမံခဲ့ကြရသည်။ စစ်အင်အားတောင့်တင်းစေရန်သာမက အရည်အချင်းနှင့် ပြည့်ဝစေရန်အတွက် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ပြာသိုလ မြင်းခင်းသဘင်ပွဲတွင် ဆင်ရေး၊ မြင်းရေး၊ ဓားရေး၊ လှံရေး ပြိုင်ပွဲများ ပြုလုပ်ပေးခဲ့သည်။ ယင်းသို့စစ်ရေးအတွက် ပြင်ဆင်ခဲ့ကြရာတွင် ဗန်းငယ်ကဲ့သို့သော ခပ်ဝိုင်းဝိုင်း ပုံသဏ္ဍာန်ရှိ

ကာကိုကိုင်၍ ကသော မားရေးပြပွဲများလည်း ပါဝင်သည်။ ယင်းကဲ့သို့ ကာနှင့်အတူ မားရေးပြခြင်းကို ကာရေးပြသည်ဟုလည်း ခေါ်ကြသည်။ အထူးသဖြင့် မြင်စိုင်းသားတို့သည် ကာရေးပြရာတွင် ထူးချွန်ခဲ့ကြပုံရသည်။

ကာရေးပြရာတွင် သီဆိုရန်အတွက် ကာချင်းများကို ရေးဖွဲ့ခဲ့ကြသည်။ ကာချင်းများသည် သီဆိုသူကိုရော၊ ကြားနာသူကိုပါ စစ်သွေးစစ်မာန် တက်ကြွစေသည်။ ငါးစီးရှင်ကျော်စွာသည် သူငယ်စဉ်အရွယ် ဖခမည်းတော်လက်ထဲက “ခါးပတ်တော်မှာ ရွှေချည်စုံ၊ မှိုင်းလုံးရွှေဝတ်လုံ၊ မလုံသာချမ်းအေးမြ” အစရှိသော တျာချင်းကို အထူးနှစ်ခြိုက်ခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် သူဘုရင်ဖြစ်လာသောအခါတွင် မိမိ၏တပ်မတော်သားများ စိတ်အားတက်စေရေးအတွက် အားပေးအားမြှောက်ပြုလိုသဖြင့် မြင်စိုင်းရွှေပြည်ကာချင်းကို ကိုယ်တိုင်စပ်ဆိုကာ ကိုယ်တိုင် ကာရေးအစွမ်းပြခဲ့သည်ဟု စာပေများတွင် ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့မားများအကြောင်း ဖော်ပြမည်ဆိုပါလျှင် မားနှင့်တွဲယှဉ်ဆက်စပ်လျက်ရှိသော ကာချင်းများကို ဖော်ပြသင့်သည်ဟု ယူဆမိပါသည်။

‘တမောင်း တမောင်း၊ တို့တမောင်းသည်၊ တမောင်း ဘကောင်း သာလော၊ ဘကောင်း ဘကောင်း။ အနီးမြင်မှတ်၊ စေတီထွတ်သည်၊ တောင်မြောက် သာလျောင်းလော၊ သာလျောင်း သာလျောင်း။ ။ သင်းတွဲမြောင်းကြီး၊ အယဉ်စီးသည်၊ ဖြင်ညီး မြစ်လောင်းလော၊ မြစ်လောင်း မြစ်လောင်း။ ။ ဥတည် သည်လည်း၊ ဥတည်ရံဝန်း၊ ပြသွန်းသွန်းသည်၊ ထက်ဝန်း

တန်းဆောင်လော၊ တန်းဆောင် တန်းဆောင်။ ။ ပေါင်းကွပ် စေကျင်၊ တန်ပြင်ပြင်ကား၊ ဆင်လျှင်နင်းကောင်းလော၊ နင်းကောင်း နင်းကောင်း။ ။

ကျိုးနက်ရေ မြို့ခြေအပြည့်ထား၊ တေဟူသည်ကား၊ ထွားရှည် ကျော်ပြန့်ပွား။ ။ တေဟူသည်ကား၊ ဆဲ့တရွာတခြား၊ ဒေဝကျော် ထင်ရှား။ ။မဏိဆင်သည်၊ မျက်ရှင်ကွန်းတော်လား၊ ကွန်းတော် ကွန်းတော်။ ။ အမွှမ်းစွင့်စွင့်၊ ကန္တာရမြင့်သည်၊ ကြံ့သင့် သာလျှောင်းလော၊ သာလျှောင်း သာလျှောင်း။ ။ ရဝေဆီးသည်၊ လက်ဘီးလေတံခါး၊ တရုတ်လာသည်၊ ရှိုင်ရှိုင်လော ရှိုင်ရှိုင်။ ။ မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော၊ ဖြိုင်ဖြိုင်။ ။ လင်းပြင်ပြည့်မျှ၊ ငှက်လင်းတ၊ လတိုင်းလော၊ လတိုင်း လတိုင်း။ ။မြင်းသည် သိန်းသန်း၊ များစွာလွန်းသည်၊ ထက်ဝန်းရန်သ၊ မနိုင် မနိုင်။ ။ လျှပ်စစ်တိမ်ပြင်၊ မှိုင်းမင်းလွှင်သည်လည်း၊ လွှင်သည်လည်း။ ။ တိမ်သည်မည်းမည်း၊ မည်းသည်လည်း၊ မည်းသည်လည်း။ ။ တိမ်မည်းတက်ရာ၊ မိုးသေးပါ၍၊ ရွာသည်မိုးကား၊ ရိုက်ကြိုး ကြည်းသည်လည်း၊ ကြည်းသည်လည်း။ ။ ကန့်သင်းမှေ မမြင်သည်လည်း၊ မမြင်သည်လည်း။ အရှိုင်းမနေချင်သည်လည်း၊ မနေချင်သည်လည်း။ ။ ပြေးလျှင်တစီး၊ မြင်းသည်လည်း၊ မြင်းသည်လည်း။ ။ နှင်တံမကမ်းခင်သည်လည်း၊ မကမ်းခင် သည်လည်း။ ။ ဒသာလည်း ဒသာ၊ ကောင်းခြင်းခပင်း၊ ကြိုက်သည်လည်း၊ ကြိုက်သည်လည်း။ ။ ရာဇသကြံန်၊ စည်းစိမ်ခံသည်လည်း၊ ခံသည်လည်း။ ။ အသခ်ယာ ချမ်းသာ စံသည်လည်း၊ စံသည်လည်း။ ။ နှစ်ပါးမင်း၏၊ ညီရင်းလဟူ၊

သီဟာသူကား၊ အယူဖြောင့်စင်း၊ မြအဆင်းသို့၊ ချင်းလေ ရပ်မျက်နှာသည်လည်း၊ ရပ်မျက်နှာသည်လည်း။ ။ သီးမှည့်ကြီး အာသည်လည်း၊ အာသည်လည်း။ ။ သယ်တန်ခိုး၊ မပြတ်ကိုးသည်၊ သုံးလူ့အမှူး၊ ဂုဏ်ကျေးဇူးသည်လည်း၊ ဂုဏ်ကျေးဇူးသည်လည်း။ ။ မုက္ခပတ်မျက်ရှင်၊ ပလ္လင်ခတ်သည်လည်း၊ ခတ်သည်လည်း။ ။

ငါးစီးရှင်ကျော်စွာ၏ ထင်ရှားလှသော မြင်စိုင်းရွှေပြည်ကာချင်း တာဝတီသာ နတ်ရွာလော၊ နတ်ရွာလော။ ။ ဟုတ်တည်းရှင်ခြင်း၊ ရှင်ခြင်း။ ။ ဟုတ်တည်း ဆွေရင်း၊ ဆွေရင်း။ ။ ဟုတ်တည်းသည်ရင်း၊ သည်ရင်း။ ။ မြင်စိုင်းဟူသည်၊ ရွှေပြည် ရွှေပြည်။ ။ မြင်စိုင်းရွှေမြေ ပန်းသင်းခွေ၊ ပင်ခြေချုံထက်နွယ်၊ ချုံထက်နွယ်။ ။ တောင်လေရှုန်းရှုန်း၊ မိုးခတ်အုန်း၊ ကင်ပုန်းပွင့်ချိုချယ်၊ ပွင့်ချိုချယ်။ ။ နွယ်ပန်းခွာညို၊ ပွင့်ပေလို၊ ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်။ ။ တောင်ထွတ်ဖျားဆီ၊ ရွှေစေတီ၊ သရီရဓာတ်စွယ်၊ သရီရဓာတ်စွယ်။ ။ ယာဆီမြေကောင်း၊ ကျသည့်ပြောင်း၊ မနှောင်းမှည့်ဆောလွယ်၊ မှည့်ဆောလွယ်။ ။ ခါနှင့် ဘုတ်ချိုး၊ ကြက်တောမျိုး၊ လိုစိုးကျက်မြေကျယ်၊ ကျက်မြေကျယ်။ ။ ယုဉ်ဖော်မဝေး၊ ဖော်ရွှေကျေး၊ စာနွေးစားလိုဖွယ်၊ စားလိုဖွယ်။ ။ ယရည်းသွန်းသွန်း၊ မြင်းသည်ဝန်း၊ လုံ့ချွန်းတွန်းတက်ပယ်၊ တွန်းတက်ပယ်။ ။ စောလူးစီးတမ်၊ မျိုးဆက်ဒန်၊ လျှင်ထန် မြင့်မဆွယ်၊ မြင့်မဆွယ်။ ။ မြောက်စည်လတီး၊ ဝင်ခါနီး၊ စောထီးနန်းထက်ကျယ်၊ နန်းထက်ကျယ်။ ။ သာသည့်မြေပြင်၊ စောနတ်ရှင်၊ နန်းခွင် ရှုတင့်တယ်၊ ရှုတင့်တယ်။ ။ အထူးလော၊ တက်တိမ်လော၊ နေရောင်လော။ ။

မြန်မာစာပေသမိုင်းတွင် ဓားနှင့်သက်ဆိုင်သော စာပေလက်ာတို့ကို အများဆုံးရေးဖွဲ့ခဲ့သူမှာ ဝက်မစွတ်မြို့စား ဒုတိယ

နဝဒေးကြီး ဖြစ်သည်။ ဒုတိယနဝဒေးကြီးဘွဲ့ခံ ဦးနုကို မော်ကွန်း နဝဒေးကြီးဟု ခေါ်တွင်ကြသော်လည်း အခြားသောကျမ်းများကိုပါ ရေးသားခဲ့ပါသေးသည်။ ဒုတိယနဝဒေးကြီးသည် မြန်မာ့ခားရေး ၃၇ ချင်းနှင့်ပတ်သက်သော လူးတားများကိုလည်း ရေးသားခဲ့သည်။ သို့သော် ယခုအခါ လူးတား ၁၀ ပုဒ်မျှသာ ရှာဖွေတွေ့ရှိရပါတော့သည်။

ရှာဖွေတွေ့ရှိရသော လူးတား ၁၀ ပုဒ်တွင် ပထမအပုဒ်မှာ နိဒါန်းဖြစ်ပြီး ဒုတိယအပုဒ်မှာ ခားရေး ၃၇ ချင်း၏အမည်များဖြစ်သည်။ ကျန်ရှစ်ပုဒ်မှာ ခားရေးအမည်နှင့် လှူပ်ရှားမှုဟန်ပန်ကို ဖော်ပြထားခြင်းဖြစ်သည်။

ထိုလူးတားကြောင့် ရှေးမြန်မာကြီးတို့၏ ခားရေးအမည်များနှင့် လှူပ်ရှားမှုဟန်ပန်အမူအရာများကို သိခွင့်ရသဖြင့် ရှေးခေတ်မြန်မာ့ခားရေးတို့ကို သိလိုသူများအတွက် များစွာတန်ဖိုးရှိလှပါသည်။

သက္ကရာဇ် ၁၁၇၀ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့ မင်းနဝဒေးဆက်။ ခားကရေး သုံးဆယ့်ခုနစ်ချင်းလူးတား

(၁) ရွှေဘုန်းတော်။ ။ မမြော်ဖူးနိုင်၊ ကျေးဇူးလှိုင်၍၊ ကျော်ပြိုင်တုလွတ်၊ မိုးမြေညွှတ်မျှ၊ ဝိဝဋ္ဋဌာ၊ ကမ္ဘာကိန်းပြန့်၊ စုန်ဆန်နိမ့်မြင့်၊ စာတစ်ဆင့်ထက်၊ လောင်းမင့်ဘုန်းတော်၊ သဲသဲကျော်လျက်၊ ဥပေါ်သထာ၊ ယဉ်သာညီးညီး၊ မ တစ်စီးကို၊ ဘုန်းကြီးဘုရား၊ ဖဝါးစက်ရှင်၊ ရွှန်းရွှန်းတင်မှ၊ ဘူဇဂ်သို၊ အာနိဝင်းလျှပ်၊ တိတိစပ်သည်၊ အကျပ်သိန်းနေ၊ ကြောရွှတ်ငွေသို့၊ မီးရေလေဝန်း၊ ယမိုက်ထွန်းသား၊ ရွှေမင်းကွန်းမော်၊ ပုထိုးကျော်ကို၊

တည်တော်မူရာ၊ ထိုအခါဝယ်၊ အာကန်ပြန်ခေါက်၊ ဆဒ္ဒန်ရောက်သည်၊ ရွှေမှောက်နရိန်၊ ဒေဝသိန်ဟာ၊ အာဟိန္ဒာ၊ ဆူဦးရှိသား၊ သာကီယနွယ်၊ တို့ဘုန်းကြွယ်ကို၊ လျှောက်ဖွယ်ပြီးပိုင်၊ မချီးနိုင်လည်း၊ အပြိုင်ငါးရာ၊ ဒီပါတဝန်း၊ ကျွန်းကိုမလောက်၊ မလန်းပေါက်ဖြင့်၊ ထံအောက်စက်ရွှေ၊ ရောက်နိုင်စေသား၊ ကျက်သရေသစ်လင်း၊ မားရေးချင်းကို၊ မင်းမင်းတကာ၊ စဉ်လာနောင်နောင်၊ သိစိမ့်အောင်ဟု၊ စာစောင်ရှုန်းရှင်၊ မော်ကွန်းတင်သည်၊ အောင်မင်္ဂလာဦးတည့်လေ။ ။ သုံးဆယ့်ခုနစ်ရေး ပျံ့ပျံ့မွှေး။ ။

(၂) ရွှေဘုန်းတော်။ ။ နီဒေါ်ပဒေသ၊ ပိုက်ဦးစ၍၊ သွယ်ချစဉ်စီ၊ ကုံးရစ်သီသော်၊ မားချီမားခင်း၊ အခြင်းထွေရာ၊ မျက်နှာကာမားလှ၊ ထိုပမှန်ထုတ်၊ မားခုတ်စေ့စပ်၊ မောက်တိုယပ်မားလျှိုး၊ ဆိုရိုးမလွဲ၊ ခတ်အင်တွဲက၊ ရင်ခွဲအသားလှန်၊ ယဉ်ထန်ရေပေါ်၊ စင်ရော်သုတ်မျိုး၊ တစ်ဖက်ထိုးနှင့်၊ နှစ်ဖက်ထိုးပေါ်ထုတ်၊ တစ်ဖက်နှုတ်က၊ နှစ်ဖက်နှုတ်ရွှေ့လှည့်၊ နောက်လှည့်စွန်သုတ်၊ ရွှေနှုတ်မြွက်ဟာ၊ ဝဲယာလှနှင့်၊ ထိုမှတရပ်၊ ပါးကပ်တသွယ်၊ လူဝယ်ထိမ်းမှတ်၊ ပန်းကုံးဖြတ်စဉ်သင့်၊ မားလွှင့်တသုန်၊ ဆက်ရက်ခုန်ကြာခံ၊ ရောင်လျှံထွန်းပ၊ မီးတိုင်ပြသခြား၊ ပိုးခြည်လွှားဟု၊ မှတ်သားသိမြင်၊ သက်တင်ရေသောက်၊ ပြိုင်ထောက်မဘက်၊ ရွှေဘယက်လည်လျှောက်၊ ထိုနောက်မားပြ၊ ဒေါင်းမြီးကနှင့်၊ အကမရဲ၊ ကျားမြီးဆွဲမားဝှက်၊ လက်ကောက်ဝတ်တရပ်၊ မောင်းကပ်တသုတ်၊ ရွှေနှုတ်လ၍ရောက်၊ နောက်လ ညလျှောက်နှင့်၊ နောက်လှည့်မားသွဲ့၊ ဤသို့သွဲ့၍၊ သုံးဆယ့်ခုနစ်မည်၊ အောင်ပွဲစည်သည်၊ ရဲရည်ရဲမြန် ရှုတည့်လေ၊ နိဒါန်းမည် ပေးစဉ်သာရှေး။ ။

(၃) ရွှေဘုန်းတော်။ ။ မပေါ်သုခမိန်၊ နှိုင်းချိန်ကြံနက်၊ ရဲဘက်တစ်ထောင်၊ ကဲသောယောင်သို့၊ ရဲခေါင်တိတိ၊ ရဲရည်ညို၍၊ အရှိရှယ်တူ၊ လေးသောင်းလူကို၊ ရွှေဂူဝင်ထွက်၊ သိဟစက်ဟု၊ ရွှေလက်တော်မှတ်၊ ပြီးစီးတတ်သား၊ မြိုင်နတ်ဆရာ၊ ဝိဇ္ဇာမိုရ်ကျော်၊ သိဒ္ဓိတော်ဖြင့်၊ ရဲဘော်သစ္စာ၊ ရင်ပြီးခါမှ၊ မင်္ဂလာသေနင်၊ နန်းမြေပြင်ဝယ်၊ သီဝက်စက်၊ စတုလက်ဟု၊ သုံးကွက်လေးတွင်း၊ ရေးရာနင်းသား၊ အချင်းသုံးဆယ်၊ ခုနစ်သွယ်တွင်၊ ရည်ရွယ်ဦးစွာ၊ မေးချီမှာကား၊ ဘယ်မှာကြွားကြွား၊ ဟန်နှင့်သွား၍၊ ရှေ့မေး နောက်မေး၊ နှစ်စင်းမေးကို၊ အသွားပြင်ရည်၊ ခင်လျက်တည်သည်၊ မူနည်ဖြောင့်စူးစူးတည့်လေ။ ။ မေးချီကရေးလက်ဦးမွေး။ ။

(၄) ရွှေဘုန်းတော်။ ။ ကျော်ဇေဘုရား၊ ငါးပါးမျှစင်၊ မော်ကွန်းတင်သည်၊ ကျွန်းခွင့်မြန်ရပ်၊ ဘဒ္ဒကပ်ထက်၊ ပညတ် မည်ရည်၊ ပေါ်ထွန်းတည်သာ၊ ရွှေပြည်အမရ နန်းဌာနကို၊ ကပိလနှယ်၊ ကြီးကျယ်ခရိုင်၊ စိန်တိုင်ထောင်ထွက်၊ မညွတ်တိမ်းမပ်၊ ရပ်ရပ်နေနေ၊ မြစိမ့်စေဟု၊ တိုင်းခြေမြစ်စည်၊ ကြံတော်ရည်၍၊ ရွှေပြည်ရွှေပြည်၊ ဦးတည်အာဒိ၊ မည်ရင်းရှိလျက်၊ နိမ္မိတနတ်၊ နှိုင်းပုံခတ်သည်၊ ရဲမှတ်တစ်ကိုယ်၊ လုလင်ပျိုတို့၊ ပြလိုမေးခင်း၊ ကစားခြင်းကား၊ လေးတွင်းနင်းစ၊ ချီချခိုက်ခိုက်၊ မဝိုက်မသွဲ့၊ မတွဲ့မငင်၊ ဘယ်တင်ညာတင်၊ ရွှန်းရွှန်းရွှင်အောင်၊ သဘာယကြော၊ ကျင်းပရာသည်၊ စကြောရောက်မူး မူးတည့်လေ။ ။ မေးခင်း ကရေး ကြော့ရည်သွေး။ ။

(၅) ရွှေဘုန်းတော်။ ။ ဇေယောင်အောင်စည်၊ စစ်ကိုင်း မည်သား၊ မြရည်ညိုရိုပ်၊ စုံကမ်းထိပ်လက်၊ ဖျောက်ဆိပ်သောကြော။

ပရောင်ဝါသည်၊ တိမ်လွှာခြယ်နှစ်၊ လနှယ်သစ်၍၊ ခြောက်နှစ်ကာလ၊ ထိုမျှအသင့်၊ ဘုန်းတော်လင့်မှ၊ မြတ်မြင့်စက်ရှိန်၊ တက်ခါချိန်ဝယ်၊ ဝရဇိန်ရောင်စွတ်၊ အိမ်မှလွတ်သည်၊ မြိုက်ထွတ်အသွား၊ သန်လျက်ဓားသို့၊ မင်းတရားကြီး၊ ညီးညီးစက်လျှံ၊ ပွင့်ထွန်းစံသော်၊ မင်းဝံဂီရိ၊ အောင်ဘုမ္မိထက်၊ ကျောက်သတိစေ၊ တခဲသွေသည်၊ အောင်မြေလောက၊ ပုထိုးလှကို၊ ဖြိုးမျှကြီးလူ၊ တည်တော်မူသည်၊ ဇမ္ဗူရန်ထွတ်၊ ခေါင်တမွတ်ကို၊ ရှိညွှတ်ရှိဝန်၊ ဆယ်ချောင်းပန်မှ၊ ပြဟန်ရေးရာ၊ မျက်နှာကာမူ၊ မျက်နှာနိမ့်မြင့်၊ မျှအောင်ချင့်၍၊ အဆင့်အဆင့်၊ ဝိုက်ဝင့်နွဲ့သီ၊ ချီကာချကာ၊ ကလေရာသည်၊ မင်္ဂလာမြတ်တူတည့်လေ။ ။ မျက်နှာကာကရေးလှယဉ်ကျေး။ ။

(၆) ရွှေဘုန်းတော်။ ။ ပေါ်သည်ကမ္ဘာ၊ အစခွာက၊ စကြာလောကဓာတ်၊ နေလနတ်နှင့်၊ ပတ်ပတ်စတု၊ ရောရှတာရာ၊ ဝိသာခါဟု၊ သတ္တာဗိပြည့်၊ လင်းစည့်စည့်တွင်၊ နေ၏သွားဟန်၊ ယှဉ်ပြရာဟု၊ ရတုမာသ၊ လ၏သွားခြေ၊ လေယန္တရား၊ အားနှင့်လျော်ကန်၊ တုံ့ပြန်ဖီလာ၊ အခါလေးမြင့်၊ တွက်ချင့်နှိုင်းရှည့်၊ အပြည့်အစုံ၊ စက်ပုံကိန်းတွင်း၊ နဝင်းနက္ခတ်၊ သင့်ဆုံးဖြတ်၍၊ ပညတ်ပရမတ်၊ ပုဒ်ပါဠ်ကျမ်းဂန်၊ ဗိုလ်နိဗ္ဗာန်ကို၊ ဇောန်ကျကျ၊ ရွှေညာဏ်ရသည်၊ ဒီပတမ်းခွန်၊ လောင်းမင်းကျွန်တို့၊ ပြည့်ညွန်းနည်းနာ၊ ဓားလှမှာကား၊ မျက်နှာရိပ်ပါး၊ နှစ်စင်းဓားကို၊ ပခုံးနားဆီ၊ သီကာရီကာ၊ ချီချကာလျှင်၊ ရေးရာရဲရင့်၊ ကဲကဲမြင့်သည်၊ ကျော်ဆင့်သံဝှန်ကျူးတည့်လေ။ ။ဓားလှကရေးကျော်ရိုက်ကြွေး။ ။

(၇) ရွှေဘုန်းတော်။ ။ မြတ်ကျော်ဘုရား၊ ကျိုးမင်းဖျားလျှင်၊ တရားအောင်စည်၊ တီးရိုက်မြည်က၊ အပြည်ပြည်ထောင်၊ ရည်တိုင်းအောင်၍၊ မုန်ပြောင်ပေါက်ကြီး၊ သမီးနတ်တူ၊ စိုင်ဖြူမင်္ဂလာ၊ အဿဇာနှင့်၊ ရွှေစာမရှိ သားမျိုးပြီလျက်၊ ဝဇီရဇိန်၊ ထိန်သားအလျှံ၊ ကျောက်သံပတ္တမြား၊ ဆေးဝါးကျမ်းစုံ၊ ကောချုံမွှရ ခေါ်မတိုင်းထိပ်၊ ထည်လိပ်ပဏ္ဏာ၊ များစွာဆောက်ဦ၊ ကျွန်ရိုးမှုသား၊ ပြတူသတ္တိ၊ ရဲရဲညီကို၊ ဦးရှိရှိသေ၊ တင်ပြီးတွေ့မှ၊ ဟန်နေကြော့ရှင်း၊ ခေါ်ခုတ်ခြင်းကား၊ ခေါ်ခင်းနည်းနာ၊ မျက်နှာကပြင်၊ ဘယ်ညာစွဲကိုင်၊ နှစ်စင်းပြိုင်၍၊ ရင်ဆိုင်မျက်နှာ၊ ခုတ်ရာရာသည်၊ ခံကာခုတ်မိဘူးတည့်လေ။ ။ ခေါ်ခုတ်ဆိုင်ရေး ပြိုင်ဘက်ပေး။ ။

(၈) ရွှေဘုန်းတော်။ ။ ရှေးသော်ခါချိန်၊ တန်ခိုးထိန်သည်၊ ကာလိင်္ဂနတ်၊ ရွှေချွန်းလွှတ်လျက်၊ မိုးထွတ်တပြင်၊ စကြာနှင့်သော်၊ ပလ္လင်ဘုံရွှေ၊ ဇောမိမြေကို၊ ရှိသေဘိအား၊ မသွားတတ်သေး၊ ဒဏ်တော်ပေး၍၊ ကြွေးကြွေးမိုးလယ်၊ ခန္ဓာကွယ်သော်၊ ရောင်လွှယ်ညီးညီး၊ တစ်စီးဆင်ဖြူ ခံသောဟူသို့၊ ရှူရှူဝရဇိန်၊ ထွန်းထိန်မိုးယံ၊ မြူးပျံခုန်ကြွ၊ စီးစီးရသား၊ ဖြိုးမျှပွင့်ငုံ၊ နှင်းမကုံကို၊ လက်စုံတင်ခိုး၊ ဆရာရိုး၍၊ မြတ်နိုးစွာအပ်၊ မောက်တိုယပ်မူ၊ လျှပ်လျှပ်ရွှန်းစို၊ ထက်ခေါ်းကိုလျှင်၊ မောက်တိုယပ်နှင့်၊ မျှအောင်မြှင့်၍၊ ပွင့်ပွင့်လန်းလူ၊ နှုတ်ကာယူသည်၊ မြင်သူအံ့ဩမူးတည့်လေ။ ။ မှောက်တိုယပ်ရေး ကျော်နီးဝေး။ ။

(၉) ရွှေဘုန်းတော်။ ။ ဝေရော်စနေ၊ ကျော်မျိုးစ၍၊ နဝရတနာ၊ တည်ရာစည်သူ၊ ပေါ်မှတ်မူသည်၊ ဝေပုချက်ဌွေ၊

တင်ဘိတွေသို့၊ ရွှေငွေပတ္တမြား၊ ဆေးဒန်းသားဟု၊ မိုးဖျားမြင့်ခေါင်၊
ကျောက်လေးထောင်နှင့်၊ ရွှေအောင်ပင်လယ်၊ ကန်ကျယ်နက်ပြော၊
ဇောင်းကလောက၊ တောင်တောရဂုံ၊ ဝန်း၍ရုံသည်၊ အောက်ဘုံဒွာန၊
အမရလျှင်၊ ပြည်မတံခွန်၊ မင်းဖျားကျွန်ဟု၊ ကျော်ဝှန်ရိုက်ကြိုး၊
ဆော်သနိုးလျက်၊ မားလျှိုတလျှို၊ ဆရာဆိုမူ၊ မောက်တိုယပ်လား၊
အထက်မားကို၊ ခေါင်းဖျားဦးငိုက်၊ ရိုက်၍ကျောကုတ်၊ နှုတ်ကာ
နှုတ်ကာ၊ ဘယ်ညာကျူးခုန်၊ တသုန်သုန်သည်၊ မာန်ဟုန်ကို
မလူးတည့်လေ။ ။ မားလျှိုကရေး ညွှတ်ညွှတ်ကွေး။ ။

(၁၀) ရွှေဘုန်းတော်။ ။ မမြော်ပြိုင်ကင်း၊ မင်းလိစ္ဆဝီ၊
တိုင်းဝဇ္ဇီဟု၊ ဝေသာလီနန်း၊ သာလှကျွန်းသား၊ နေဝန်းကိုးရာ၊
မဇ္ဈိမာမှ၊ နွယ်လာတော်ရင်း၊ မင်းသွေးမင်းမြစ်၊ မင်းမျိုးစစ်ကို၊
ကေရာဇ်စဉ်ရှည်၊ ဆက်ဖူးသည်ဟု၊ မည်ရည်ခြည်မြွက်၊ စမထွက်ခဲ့၊
ဘုန်းလက္ခဏာ၊ ညေပုည၊ စုံမြတ်လှသား၊ အရိယဇာတ်၊
ပွင့်မည်နတ်ကို၊ ပြတ်ပြတ်သားသား၊ စကားရွှေစာ၊ ရိုသေစွာဖြင့်၊
ကညာရွယ်ပေါက်၊ ဆက်ရောက်ညွှတ်ခ၊ စိုးပိုင်သသည်၊ မင်းများ
ဘုန်းတော်၊ နှိုင်းမမြော်ကို၊ ထင်ပေါ်တင်မှတ်၊ အင်တွဲခတ်ကား၊
မတ်မတ်ဖျားရင်း၊ နှစ်စင်းသန်လျက်၊ ခေါင်းဆက်မြီးဆက်၊
လည်လျက်ယာဝဲ၊ တနွဲ့နွဲ့သည်၊ ကွန်ကြဲဟန် ဟူးဟူးတည့်လေ။ ။
အင်တွဲခတ်ရေး ရွှင်မြတ်လေး။ ။

ရှေးအခါက မြန်မာတို့သည် မားတစ်လက်ကို ပြီးစလွယ် ကိုင်ဆောင်ခြင်း မရှိကြချေ။ မားသည် မိမိ၏အသက်နှင့် ဘေးအန္တရာယ်ကို ကာကွယ်ပေးသော လက်ဆောင်လက်နက် ဖြစ်သဖြင့် အမြတ်တနိုးရှိသကဲ့သို့ တန်ဖိုးလည်းထားကြသည်။

ရှေးထုံးတမ်းအစဉ်အလာများကို လိုက်နာစောင့်ထိန်းကြသည် သာမက အယူအဆ အစွဲအလမ်းလည်း ကြီးမားကြသည်။ ထို့ကြောင့် မိမိကိုင်ဆောင်မည့် ဆောင်ဓားကို လောကီအစီအရင်များနှင့် တွက်ဆလုပ်ဆောင်လေ့ရှိသည်။ ယင်းသို့ လုပ်ဆောင်ကြောင်းကို ရှေးစာဟောင်းများဖြင့် မှတ်တမ်းတင်ထားရှိသည်ကို ဖော်ပြလိုပါသည်။

ဓားကို အစီအရင် လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ ပညာပါသဏ္ဍာကျမ်းတွင် ဖော်ပြပါရှိသည်ကို ဦးစွာတင်ပြလိုပါ သည်။ ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မဟာဓမ္မရာဇာဓိရာဇာဘွဲ့မည်ခံသော မင်းတရားကြီး၏ ဓားတော်အစီအရင်ကို စာဆိုရှင် ဒုတိယနဝဒေးကြီး ရေးသားဖွဲ့ဆိုခဲ့သော လင်္ကာ ဖြစ်ပါသည်။

မင်္ဂလာဘူမိန်၊ ဖြာလျှံထိန်သည်၊ ရာဇိန္ဒေဝ၊ နေပြိုင်ပသို့၊ စတုတ္ထမည်၊ နန်းတည်ဘုရား၊ ဓားသီလဝင်၊ အစီရင်ကား၊ လက်တွင်ဓားပြက်၊ ရင်းဖျားဆက်၍၊ ဆောင်ရွက်သူ့နံ၊ ကိန်းပျံ့ နှောနှောက်၊ အမြောက်ငါးပါး၊ အစားရှစ်ထွေ၊ အကြွင်းဝေသော်၊ စံဧကခေါင်၊ အိုအောင်သက်မွေး၊ လှူကြီးပေးအံ့၊ ဒွေးအနိဋ္ဌ၊ ဒုဗ္ဗလတည့်၊ သေသသုံးပါး၊ တရားဘုန်းစည်၊ ဖြုန်းဖြုန်းလည်၍၊ အောင်မည်ဧကန်၊ ဒေဝမာန်တည့်၊ လေးတန်ယုတ်စွ၊ ဆုတ်သည့် လသို့၊ ပဉ္စပိုင်းခြား၊ ကျွဲနွားကျေးကျွန်၊ လုပ်ခွန်ဘဏ္ဍာ၊ ဥစ္စာပျောက်မှု၊ ခြောက်ခုရင်းနှီး၊ မစီးပွားပြန်၊ ကျန်သည်သစ်နှစ်၊ ခုနစ်ဝယ်ကား၊ မိမယ်လာဘ၊ ကညာစတေ၊ ပဒေသာသူ၊ ရောက်မည်ဟူ၏၊ သုံးမူရောင်မြူး၊ ပြောင်ညွန့်လူးမူ၊ ကျွန်းဦးသမြေ

ရေမြေမိုးလွတ်၊ တန်ခိုးလွှတ်လျက်၊ တမွတ်ထားသည်၊ ညွန့်သား စည်သည်၊ လှည့်မည်စကြာလေးကျွန်းတည်း။

ယင်းနှင့် အကြောင်းအရာတူ လင်္ကာတစ်ပုဒ်ကိုလည်း ဒုတိယနဝဒေးကြီးကပင် အိမ်ရှေ့မင်းသား မားတော် (သန်လျက်) အစီအရင်အဖြစ် ရေးသားခဲ့ဖူးကြောင်းကို ပေါရာဏဒီပနီ ပထမတွဲတွင် မှော်ဘီဆရာသိန်းကြီးက မှတ်တမ်းပြုထားသည် ကိုလည်း ဖော်ပြလိုပါသည်။

ဇေယျာတု။ ။ ဇေယျာဝရဇိန်၊ ရွှန်းရွှန်းထိန်သား၊ သိရိန္ဒရေ ချက်ဖွေညီးညီး၊ ကနက်ထီးကို၊ စင်းသီးဖြန့်တင်၊ သီလဝင်ဟု၊ သံရှင်ရဟတ်၊ မားတော်လွှတ်၍၊ မိုးထွတ်စည့်စည့်၊ လမင်းလှည့်သို့၊ ပွင့်မည်ဇမ္ဗူ၊ နန်းညွန့်လူကို၊ ဇကမူပိုက်၊ ဇရိုက်ခြည်းခြည်း၊ တပုဒ်တည်းဖြင့်၊ လုပ်နည်းသန်လျက်၊ ရွှေစက်ဘန်ဆင်၊ လျှောက်ဦး တင်အံ့၊ အောင်မင်္ဂလာ၊ ဆောင်ထိုက်စွာသား၊ ရတနာရည်၊ စံတည်ထားထား၊ သန်လျက်သွားကို၊ ရင်းဖျားပုံနှိုင်း၊ အကုန်တိုင်းပြီး၊ လယ်ပိုင်းတည့်တည့်၊ အရှိမားပြက်၊ အပြန်ဆက်၍၊ ရေတွက်မှန်စင်၊ တည်ကိန်းယင်မှ၊ ထိုတွင်ဆောင်စု၊ နံရောရုပြီး၊ ငါးခုမြှောက်လွှား၊ ယှစ်ခုစားသော်၊ တပါးဇကာ၊ သေသအခေါင်၊ အိုအောင်လျှပေး၊ ကြွယ်သူဌေးလိမ့်၊ ဒွေးကားဒုတိက်၊ အနိဋ္ဌဗိုလ်၊ မလိုယှင်းယှင်း၊ ဝေးစေကင်းလော့၊ စားကြွင်းသုံးခု၊ ဟောထုံးပြုကား၊ သတ္တရုမှောင်၊ ရန်အောင်ကျိုးဖွံ့၊ မိုးသို့လွှန့်ရှင့်၊ ကြွင်းအံ့လေးမည်၊ မတည်ယုတ်နိမ့်၊ အိမ့်ပရိုက်၊ ပျားနှယ်သုံ့၏၊ ပဥ္စမာ၊ ငါးခုမှာကား၊ ဥစ္စာခြွေရွှေ ကျွန်ကျေးခြေလက်၊ ပြေးထွက်လွတ်တင်း၊ ခြောက်ခုကြွင်းမူ၊ ရောင်းရင်းငယ်နှီး၊ မစီးပွားပြန့်၊ စုက်ယုတ်ကြန့်၏၊ ကိန်းတန့်ခန်းညီ၊

ခုနစ်လီကား၊ ကုမ္ဘာရိုငယ်၊ ဝေါ်ရီယွယ်နှင့်၊ မိမယ်လာဘာ၊ ကညာရလိမ့်၊ သေသသည်းသော်၊ သဲသဲကျော်မျှ၊ မုန်ခေါ်ရိုက်အစ်၊ ရဲညွန့်သစ်နှင့်၊ ဧကရာဇ်တို့ထုံး၊ ရွှေလက်သုံးဟု၊ ကျွန်းလုံးခရိုင်၊ ဘုန်းတော်ပိုင်သည်၊ ရန်နိုင်ရွှေစကြာဘုရား။

မြန်မာစာပေအရေးအဖွဲ့များတွင် ဓားနှင့်ပတ်သက်သည့် ပိုဒ်စုံရတုတစ်ပုဒ်ကိုလည်း ဖော်ပြလိုပါသည်။ ဓားစကြာဆက်သည့် အကြောင်းကို ဝန်ထောက်တော်မင်း နေမျိုးနော်ရထာ ရေးသား ခဲ့သည့် ရတုပိုဒ်စုံဖြစ်ပြီး ကဗျာ့သင်္ဂဟမေဒနီကျမ်းတွင် ဖော်ပြ ပါရှိပါသည်။

ဝေဖြိုးမောက်စည်။ ။ ရွှေဘုန်းသည်လျှင်၊ ဆက်ရှည်မြင့်စွာ၊ ကမ္ဘာဘာက၊ ပုံရာဇဝင်၊ ကြာမတင်အောင်၊ စက်ရှင့်ပြောင်ရွန်း၊ လက်ရုံးထွန်း၍၊ ဤကျွန်းမာရ်နှိပ်၊ ဇမ္ဗူထိပ်ဝယ်၊ ဆယ်ကျိပ်ခွန်ယူ၊ တို့မှန်ကူကို၊ လူစင်ပြိုင်ဘူး၊ ထားဘိဦးလော့၊ အိပ်ကြူးမာန်ပြည့်၊ မျက်စောင်းလှည့်က၊ မြည့်မြည့်ဖွဲ့ပြာ၊ ညက်ကြေရာကား၊ အင်္ဂါ ရေနတ်၊ မတရင့်လည်း၊ ရစ်ပတ်ဖဝါး၊ ခွေကာထားသည်၊ ခြေဖျားရွှက်သာစီဘုရား။

မြေလျှိုးအောက်ပြည်။ ။ နဂါးသည်မူ၊ ဆယ်မည် ထွင်းဖောက်၊ ရွှေဘုန်းရောက်က၊ အမောက်မလန်း၊ ညိုးရော် မြန်းလျက်၊ သောင်းခန်း ကျော်ထိတ်၊ ဇာနည်စိတ်ဖြင့်၊ ဗျာဒိတ်တော်ခံ၊ ဂဠုန်နံလျှင်၊ နိုင်ငံခွန်ဆီ၊ ချဲ့ချေပြီဟု၊ ကျောက်စီ ပြိုးပြက်၊ ဓားသန်လျက်ကို၊ ထိပ်တက်ကြိုးတုတ်၊ ဝဲသမုဒ်မှ၊ ရတ်ရတ်ကြည့်မျှော်၊ ဘုန်းတော်ထံပြင်း၊ နဂါးမင်းလျှင်၊ ကြောက်ခြင်းမချိ၊ ရှုံလှဘိ၍၊ မဏိမေခလာ၊ မြတ်စကြာကို၊

ဆောင်ကာရွှေ့ဖျား၊ လျှောက်ဝပ်တွားသည်၊ ရွှေထားဆက်လာပြီး ဘုရား။

ရေမျိုးကြောက်သည်။ ။ ဆက်ဦးတည်၍၊ ရွှေ့ရည်တော်မှောက်၊ ယခုရောက်သည်၊ အံ့လောက်မြင်ရာ၊ ဓားစကြာ၏၊ ဩဘာတိတ်ကောင်း၊ နိမိတ်ကြောင်းမူ၊ တသောင်းမြန်ဘောင်၊ ဇမ္ဗူတောင်ဝယ်၊ ဖြူရောင်ဖြန့်ဆိုင်း၊ ဖြတ်ချိုင်ချောင်းငြိမ်း၊ စေတိုင်းသိမ်း၍၊ ညွတ်တိမ်းပဏ္ဏာ၊ မြတ်ကညာနှင့်၊ ရတနာပူရ အယုဇ္ဈသို့၊ မွမ်းမျှထုတ်ချောက်၊ လျင်စိတ်ရောက်မည်၊ သည်နောက်ဆက်ဒါန်၊ သိန္ဓောမြန်နှင့်၊ မြောက်ဌာန်ကျွန်းသူ၊ ရွှေလက်ယူအံ့၊ ထွက်ပြူရွှေ့ပြင်၊ ကျွန်းရပ်ခွင်က၊ ကောင်းကင်ပျော်ပါး၊ ဘုန်းတော်အားသည်။ နေသွားစကြာညီဘုရား။

မြန်မာစာပေတွင် ဓားနှင့်ပတ်သက်ပြီး ရေးသားဖွဲ့ဆိုကြရာတွင် အမျိုးသားစာဆိုများသာမက အမျိုးသမီးစာဆိုတော်များလည်း ပါဝင်ပါသည်။ သို့သော် ထူးခြားစွာပင် ဓားသိုင်းပညာနှင့်ပတ်သက်ပြီး အမျိုးသမီးစာဆိုတော်က ရေးဖွဲ့သည်မှာ ထူးခြားသည်ဟု ဆိုရပါမည်။ ဘိုးတော်ဘုရားလက်ထက်တွင် နန်းတွင်းစာဆိုတော် မယ်လုပ်က မြန်မာ့ဓားသိုင်း ပညာရပ်အကြောင်းကို တျာသံဖြင့် မှတ်တမ်းပြုရေးဖွဲ့ခဲ့ပါသည်။

စာဆိုတော် မယ်လုပ်သည် သီချင်းကြီး၊ သီချင်းခံ၊ ဘုန်းတော်ဘွဲ့၊ လယ်ထွန်မင်္ဂလာဘွဲ့၊ ရေသဘင်ဘွဲ့၊ ရာသီဘွဲ့၊ တျာဘွဲ့၊ မင်းကွန်းခေါင်းလောင်းတော်ဘွဲ့၊ ဓားသိုင်းဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့များနှင့် ‘စံရာဘုံမြင့်ညီးလင်း’ အစချီသော ဇောင်းကလော ပြွန်ရေဆင်းကြိုးစသည်တို့ကိုလည်း ရေးဖွဲ့ခဲ့သေးသည်။

## မားသိုင်းဘွဲ့ (တျာသံ)

(၁) စက်ရှင်ရောင်မြူးလှ၊ ဝေဖူးငယ်သီ၊ မားစုံဆယ်ချင်း၊ သိုင်းနင်းငယ်ဟန်ချီ၊ နှုန်းတုငယ်မမှီ၊ ရွှေ့ဆီသာနောက်ချ၊ ရွှေမားတော်သိဂ်ါ၊ ကိုးမျက်စုံဖြာ၊ စကြာတော်နင်းကွက် ကျပါလို့လေး။

ဇရာခိုင်မ၊ ပွင့်လှငယ်ကားလျှို၊ ဝရဇိန်စက်၊ ရှိန်လက်ရောင် လိုလို၊ များလူဗိုလ်ငယ်လေ၊ အံ့မဆုံး၊ ယဉ်မျိုးငယ်ချုပ်ယု၊ မှီပါတဲ့သူ ထိန့်ဆူနေသသာနှုန်းရလေး။

ရွှေဘုန်းတော် ကျက်သရေ တက်လေတိုးတော့သည်၊ မြတ်ပေါင်းငယ်မင်္ဂလာ၊ အောင်ရသာဖြိုးတော့သည်။

(၂) ဘုန်းတော်တိုးဆင့် ထက်တေဇာ၊ တက်နေရောင်သို့၊ အောင်မျို့မင်္ဂလာ၊ မင်းမင်းများထိပ်ချာမှာ၊ ရှစ်ဖြာသာဆယ်ကျူး၊ တတ်မျိုးငယ်ကုန်စင်၊ တို့ထိပ်တင်၊ စက်ရှင်ရောင် လျှပ်ကယ်မြူး သည်သို့လေး။

ဆယ်တန်ကဖူး၊ လှထူးငယ်ဆန်းကြယ်၊ ပြိုင်သူဘက်မယ့်၊ သုံးဆယ့်ခုနစ်သွယ်၊ သုံးလေးငယ်လျာလှယ်၊ ညာဘယ်သာ နောက်ရှေ့၊ ရွှေလက်သာချိန်မှီ၊ သိုင်းဝိုင်းခါသီ၊ မြှောက်ချီငယ် ဝန်းဝိုက်ဝေ့ပါလို့လေး။

ဘုန်းပေ့ငယ် မြတ်ခေါင်ချာ၊ ယဉ်ရသာ ကျူးတော့သည်။
ရွှေမားတော်ကျောက်စုံခြယ်၊ လျှပ်နွယ်ရောင် မြူးတော့သည်။

(၃) အောင်ရာသာမျိုး၊ မြင့်မြတ်ဘုန်းတော်၊ ပရမေခေါင်တင့်၊ တိုးဆင့်ရှိန်တေဇော်၊ဆူလှိုက်ကျော်ငယ်လေ၊ မြန်းထိပ်မိုးဆယ်

ချင်းငယ်အစုံ၊ ချက်တိုင်းသာလုံ၊ တတ်ကုံသူ့ထက်ကယ် မိုးပါလို့လေး။

ဝတ်လဲတော် ဖြိုးပြက်သက်တံရောင်၊ ဝဠာကြော့ရှင်း၊ ဖြိုင်ကင်း တုလွတ်ရှောင်၊ ရန်ရန်မှောင်ငယ်လေး၊ ဝေးပျောက်ရှဲ့ ရွှေစကြာကြန်ညီ၊ လက်ရုံးတော်ချီ၊ ပထဝီပြိုအက်တက် ကွဲသည်သို့လေး။

မြတ်ကဲငယ်ရင့်ကမ္ဘာ၊ ရွှန်းဝါတောက်တော့သည်။
မိုက်မှေးရန်တကာ၊ ဝေးကွာပျောက်တော့သည်။

(၄) ဇမ္ဗူကျွန်းလုံး၊ လှည့်စကြာပိုင်၊ ကြေညာကျော်ဆုံး၊ ပတ်ကုံးတေဇာလှိုင်၊ နှုန်းတုငယ်ဆိုင်၊ ယှဉ်ပြိုင်သူသက်ရှား၊ မြတ်သီလဝင်၊ ရန်မျိုးငယ်နှင့်၊ စက်ရှင်သာစိန် လျှပ်ဓားငယ် နှင့်လေး။

ချင်းစုံဆယ်ဖြာ၊ ဟန်တော်ချီ၊ ရာပြည်ထောင်မင်း၊ ဝတ်ဆင်းဦး နှိမ်ညီ၊ ဘက်မမှီငယ်လေ၊ တင်ရှိဦး၊ သတ္တိငယ်အကျော်၊ သောင်းမြောင်ပေါ်၊ မမြော်တုလွတ်ကယ်ထူးပါလို့လေး။

လှုံ့မြှူငယ်အသရေ၊ တက်နေရောင်နှုန်းတော့သည်၊
သိုင်းနင်းငယ်စမွယ်စံ၊ ရန်ရန်ပြုန်းတော့သည်။ ။

ဓားနှင့်ပတ်သက်သော မြန်မာစာပေအရေးအဖွဲ့များ အကြောင်း ဖော်ပြပါမည်ဆိုလျှင် မပါမဖြစ်ဖော်ပြရမည့် အရေးအဖွဲ့ အကြောင်းအရာတစ်ခုမှာ ဘောလယ် ဖြစ်ပါသည်။ သာမန်အားဖြင့် ဘောလယ်ဆိုသည်နှင့် အမျှော်စိုက်သီချင်းဟု သိထားကြပြီးဖြစ်ပါသည်။ ဘောလယ်သီချင်းများနှင့် ဆက်စပ်မည်

ဆိုပါလျှင် ဘောလယ်သားအမိဟု ဆိုနိုင်ပါသော သာယာဝတီမင်း၏ အနောက်နန်းမိဖုရား မမြကလေးနှင့် သမီးတော် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ မိဖုရား လှိုင်ထိပ်ခေါင်တင်တို့ကို တွေးဆမိကြမြဲဖြစ်ပါသည်။

လှိုင်ထိပ်ခေါင်တင်သည် မြန်မာစာပေတွင် ထင်ရှားလှသော ကဗ္ဗာဝံသ၊ ဝိဇယကာရီစသည့် နန်းတွင်းဇာတ်တော်ကြီးများနှင့် စိန်ခြူးကြာညောင်၊ နာဂဆဒ္ဒန် အစရှိသော ဘောလယ်သီချင်းများကို ရေးသားခဲ့သူဖြစ်ပါသည်။ ကနောင်မင်းသားကြီးသည်လည်း မြန်မာ့သမိုင်းတွင် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသောစေတနာနှင့် ခေတ်မီသောအမြင်ရှိသည့် ဓားထက်သော အိမ်ရှေ့ကိုယ်တော်ကြီးအဖြစ်လည်းကောင်း၊ တူတော်များ၏ လုပ်ကြံခံရမှုကြောင့် မြန်မာ့သမိုင်းတွင် အစားထိုးမရသော ကျဆုံးမှုအဖြစ်လည်းကောင်း ထင်ရှားကျော်ကြားလှပါသည်။

သို့သော် ထိုသူနှစ်ယောက်၏ အိမ်ထောင်ရေးနှင့်ပတ်သက်က မြန်မာစာပေနှင့် ဂီတသမိုင်းတွင် ထင်ရှားကျော်ကြားသည့် ဘောလယ်နှစ်ပုဒ် ထွက်ပေါ်ခဲ့သည်ကိုမူ သိရှိသူနည်းပါးလှပါသည်။ သာမန်အားဖြင့် သိရှိသော်လည်း ခရေစေ့တွင်းကျသိသူမှာ နည်းပါးလှပါသည်။ ထို့ထက်မှာမူ ထိုဘောလယ်နှစ်ပုဒ်သည် လက်သုံးတော်ဓားနှင့် ပတ်သက်ပါသည်ဆိုပါလျှင် အထူးအဆန်းသဖွယ် ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် ထိုဘောလယ်နှစ်ပုဒ်ကို မဖော်ပြမီ ဖြစ်စဉ်အကျဉ်းကို ဦးစွာပထမ တင်ပြလိုပါသည်။

ကနောင်မင်းသားကြီးသည် ပဒေသရာဇ်ခေတ်ထုံးစံအတိုင်း မိဖုရားများသာမက မောင်းမမိဿံများလည်း များစွာရှိပေရာ မိသားစုအရေးကိစ္စများ ပွေလီရှုပ်ထွေးလှသည်။ တစ်နေ့သောအခါ မြောက်ဆောင်တော်မိဖုရား ရှင်ကျေး၏သမီးတော် စမ္ဗာနဂိုရ် မြို့စားမင်းသမီးက လှိုင်ထိပ်ခေါင်တင်ထံသို့ စံပယ်ဆီတောင်းရန် အပျိုတော်တစ်ဦးကို စေလွှတ်လိုက်သည်။ အိမ်ရှေ့စံ ကိုယ်တော်ကြီးသည် ဆံပင်ရှည်သျှောင်ထုံးထုံးတော်မူသည်ဖြစ်ရာ အိမ်ရှေ့မင်းလိမ်းရန် စံပယ်ဆီကို အိမ်တော်၌ပင် ပွတ်ရလေသည်။ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်သည် စံပယ်ဆီကိုဖန်ဘူးဖြင့် ထည့်၍ပေးလိုက်သည်။ စံပယ်ဆီတွင် ဥစွံကျွတ်စဖြစ်သော ပိုးဟပ်သေကလေးပါရှိသွားသည်ကိုမူ သတိမထားမိချေ။

ထိုအခါ စမ္ဗာနဂိုရ်မင်းသမီးက မိမိကို သမီးတော်ရင်း မဟုတ်သောကြောင့်သာ မသန့်မပြန့်ပြု၍ပေးသည်ဟု စိတ်မျက်တော်မူ၍ ခမည်းတော်ကို ငိုယိုလျှောက်ထားလေသည်။ ကနောင်မင်းသားကြီးကလည်း မူလကပင် ကိုယ်လုပ်တော်များ ကုန်းချောခြင်းကြောင့် အထင်အမြင် မှားတော်မူရင်းရှိရာ ညနေအချိန် ပွဲတော်တည်သောအခါတွင် ပွဲတော်လိုက်နေသော လှိုင်မင်းသမီးကို မိန့်ခွန်းတော်မဟဘဲ သုန်မှုန်၍နေလေသည်။ လှိုင်ထိပ်ခေါင်တင်သည် အိမ်ရှေ့မင်းအား တတ်စွမ်းသမျှ ယုယပြုစုတော်မူပါလျက် သုန်မှုန်လှသောအခါ စိတ်တော်တွင် နာကြည်းဒေါသထွက်မိလေသည်။ ထို့ကြောင့်လည်း ပွဲတော် ဆက်ပြီးသောအခါ ဆောင့်အောင့်၍ အဆောင်တော်သို့ ပြန်သွား လေသည်။ ထိုအခါ အိမ်ရှေ့မင်းက ဓားနှင့်ခုတ်ပိုင်းမည်ဟု

ကြိမ်းဝါးကာ လက်သုံးတော်စေးကို ဆွဲကိုင်တော်မူရာ အကြီးတော်များက ဆွဲထားသဖြင့် အမျက်တော်ပြေရလေသည်။

လှိုင်ထိပ်ခေါင်တင်သည် အဆောင်တော်သို့ရောက်လျှင် 'နာဂဆဒ္ဒန်' အစချီဘောလယ်ကို ရေးသားတော်မူ၍ ညအချိန် အဆောင်တော်၌ အဆိုတော်တို့ကို သီဆိုဖျော်ဖြေစေလေသည်။ ထို့နောက် အစိမ်းရောင်အင်္ကျီ၊ ထဘီ၊ တဘက်များကိုဆင်မြန်းကာ မင်းတုန်းမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ထံသို့ အခစားဝင်၍ ငိုယိုလျှောက်ထားသဖြင့် မင်းတရားကြီးက မိဖုရားခေါင်ကြီး အိမ်တော်တွင် ခေါ်ထားစေလေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးသည် အမျက်တော်ပြေသောအခါ လှိုင်ထိပ်ခေါင်တင်ကိုပြန်၍ ခေါ်တော်မူသော်လည်း အဆောင်တော်သို့ ပြန်တော်မမူသဖြင့် မြင်းစာရေးကြီးညီ မောင်မောင်ဘအား မိမိ သန့်လျက်စေးကိုကိုင်ခြင်းမှာ တကယ်သတ်လို၍မဟုတ်ဘဲ ယောင်မှား၍ ကိုင်မိခြင်းဖြစ်ကြောင်းကို ပေါ်လွင်အောင် ဘောလယ်ရေးသားစေ၍ မင်းသမီးထံ ဆက်သစေလေသည်။ ထိုမှ နှစ်ပါးပြန်လည်သင့်မြတ်လေသည်။ စေးနှင့်ပတ်သက်လင့်ကစား သိဂီရရသမြောက်သော အကြောင်းအရာဖြစ်သဖြင့် ထည့်သွင်းဖော်ပြအပ်ပါသည်။

## နာဂဆဒ္ဒန် ဘောလယ်

နာဂဆဒ္ဒန်၊ သန္တေမှန်နှစ်ပေပ၊ ချိန်မူးစစ်ပါတဲ့ တိမ်ညွန့်စုံ၊ စက်သွားသီလဝင်၊ စိန်ရွှေရိုးငယ်၊ ဘိုးပြည်ထိုက်တန်။ ။

ရွှေကိုယ်တော်ဘုန်းမှာလ၊ လက်သုံးတော်မှန်၊ မချွင်းချန်ပါနှင့် ရာသက်ပန်ပေါင်း၊ မြတဉာဏ်ယူလောင်းပါလို့၊ ဆုတောင်းပါတယ်။ ရာဇမာန် ကြိမ်ကြိမ်ထပ်တယ်လေး၊ ပိုင်းသတ်မည့်ရွယ်။ ။

တကယ်ပင် မုန်းတော့မှာလား၊ မောင်ဘုန်းကြွယ်၊ ရှောင်လွှဲ သွေဖည်လို့၊ မတွယ်တာဘဲ၊ ရွှေရင်ထဲမှာလ၊ ငွေသဲစိုင်၊ ကျွမ်းလု ကြွေယိုင်၊ အိုဆယ်ပြန်သက်ကိုလေး၊ နှင်းဆက်တော့နိုင်။ ။

မြတ်စိန္တေ ဦးမှာလ၊ ဆုထူးတော်ပိုင်၊ မယိမ်းယိုင်အောင်လို့၊ ကြံပါကဘဲ၊ ဘုန်းမဖန်ဘဲငယ်နှင့်၊ ကံလည်းမကူ၊ သင်းပျံ့ဘုံဘွေ၊ တစ်ကိုယ်ရေ ဆွေးတယ်လေး၊ တွေးကြံလို့ပူ။ ။

မာလာရုံကွန်းမှာလ၊ ခြွေညွှန်းပျံ့ကြူ၊ ဟိုရှေးငယ်တစ်မူနှင့် မတူလေဘဲ၊ ပေါ်ရုံချဲငယ်နှင့် ထဲဝါပုံဆောင်၊ သီပေ့ါသခင်၊ ဘမယာ ကွန်းမှာလေး၊ ထွန်းနေလရောင်။ ။

ဆိုဆိုပေသားငယ်နှင့်၊ မယ်နားမထောင်၊ ရိုးပြာမြေ တိုင်အောင်ပ၊ ကြံရွယ်ဆောင်ပေါင်း၊ ရှေးသူဟောင်းငယ်တို့ ပုံသက်သေ။ နိမ့်မှသောင်၊ နောင်မှသိမယ်လေး၊ ထုံးရှိလျက်ပေ။

## ဖူးပွေ့လက်တင် (ဘောလယ်)

ဖူးပွေ့လက်တင်၊ တွေ့မြင်ချင်ရေးငယ်နှင့်၊ နေ့စဉ်ပင် ဆွေးပါရဲ ငေးငိုမိမှိုင်၊ လဲမလို့ သဲညို့ခွေယိုင်၊ မပြေနိုင် မုန်းနှင့်လေး၊ ရုံးညာသက်ပိုင်။

လက်သုံးတော်ဓားကိုလ၊ ယောင်မှားကာကိုင်၊ နိုင်ချင်လို့ ဟုတ်ပါဘဲ၊ နှုတ်အာရဲတယ်လို့အပြစ်တင်၊ မချစ်ပြင်ပြင်၊ ချစ်ရင် အကျိုးကိုလေး၊ ငြိုးမာန်ဖွဲ့ဆင်။

သတ်တော်မူရက်တာဖြင့်၊ အသက်ကိုပင်၊ ကျေနပ်အောင်စီရင်၍၊ ပြုချင်တော်တိုင်း၊ ခုခင်နော်ဆိုင်းပါနဲ့၊ ပိုင်းဖို့ရယ်၊ မြရိုးသီလဝင် သံစက်သွားကိုလေး၊ ထားအပ်ပါ့မယ်။

ငါးပါးမာန်တက်သူမို့၊ ရက်စက်လေတယ်၊ သက်သက်ကယ်သွေးဖည်လို့၊ မေတကယ်စိမ်း၊ သေလွယ်မှငြိမ်းမယ်ထင့်၊ နွဲ့ယိမ်းနွဲ့ယိုင်၊ မြစိမ်းလဲ့ခိုင်၊ သန္တေနှစ်ကယ်လေး၊ စိမ်းရှာဖြစ်နိုင်။ ။

ဓားနှင့်ပတ်သက်သော စာပေအဖွဲ့များသည် များသောအားဖြင့် ဝီရရသကို ပေးစွမ်းသောအဖွဲ့များ ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော ဘောလယ်အရေးအဖွဲ့ကမူ ကရုဏာရသ၊ သိင်္ဂါရရသတို့ကို ဖြစ်ပေါ်စေသော အရေးအဖွဲ့ဖြစ်သည်။ ထူးခြားစွာဖြင့် ဓားနှင့်ပတ်သက်သော အရေးအဖွဲ့ဖြစ်လင့်ကစား ဟာသရသကို ခံစားစေသည့် စာတစ်ပုဒ်ကိုလည်း ဖော်ပြလိုသည်။ ယင်းမှာ ဒုံးချင်းကဗျာတစ်ပုဒ်ဖြစ်ပြီး ကုန်းဘောင်ခေတ်ဘကြီးတော်ဘုရားလက်ထက် အင်းဝမြို့ အောင်မြေလောကဘုရားတပေါင်းပွဲတော်တွင် တောင်သူကြီးဒုံးစီးရုပ်ပို့ဆောင်ရာတွင် သီဆိုရန်အတွက် ဖိုးသူတော်ဦးမင်း ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

## တောင်သူကြီးဒုံးချင်း

ခက်ရင်းစွယ်စုံ၊ စိန်တောင်ကြီးနှင့်၊ ငါးစီးဆင်ပြောင့်အားပေကို။

ဇမ္ဗူစိုးရာ နတ်ရှင့်ကျွန်၊ တုလို့ချွန်လျှင်ခန္ဓာစဲမယ်၊ ရဲရန်ညွန့်ဖြိုး

ကိုးပိဿာစီး ခွေးမကြီး၊ ရန်မီးသတ္တရ ပေါက်လျှင်ပြို၊ ကုန်းဘောင်ရွှေဘို၊ ထောင်ကနက်က၊ ဘေးဘိုးစဉ်ဆက် ခုတိုင်အောင်၊ ရေးတော်မရှောင်၊ ထမ်းတဲ့ယောကျ်ား။

ယာလယ်လုပ်လို့ တောမှာပျော်၊ စီးပွားထင်ပေါ် ပြောင်းနှင့်စပါး။

ပဲမျိုးအပြား ဘူးသခွား၊ ကယားမြို့မ နယ်တစ်ခွင်၊ ဝါနှမ်းစုံလင် ချဉ်ပေါင်ခင်းနှင့်၊ မကြွင်းခရမ်း သီးမျိုးလျှမ်း၊ ပိုက်တန်းစည်းဝိုက် ရွှေယုန်ထောင်ကာ၊ ချိုးနှင့်ငုံး စာငယ်ကိုလေ၊ ပုတတ်မွေးကြိုင်စွာ၊ စွန်လုံး ထိန်ထိန်ဝါ။

ရေယဉ်စီးတဲ့ တောမြိုင်သာ၊ ပြောင်းပဲရောရာ ဆန်တစ်ဝက်နှင့်၊ စပျစ်ကျင်းလျက် ပြည့်အနှက်၊ လူပျိုချက်တဲ့ ဟင်းလျာကို၊ ရောရာစုံ ချိုလှချည့်၊ အပျိုငယ်ရွှေနံကားအောင်၊ စားပါလှည့် ဗုန်းဗော။ ။

## စားနှင့်ပတ်သက်သော မြန်မာစကားပုံများ

၁။ ကျောချမှ စားပြ (ဒမြ) မှန်းသိ။
၂။ ခရမ်းသီးပိန်ခိုက် စားတုံးခိုက်။
၃။ ခရမ်းသီးပိန်နှင့် စားတုံးတွေ့သလို။
၄။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။
၅။ တောမျောက်ကိုသန်လျက်ပေး၍ အိမ်ရာစောင့်ထည့်မှားသည်။
၆။ ထန်းသမားမြန်ခြင်းမြန်လျှင် မလှီးဘဲဆင်းသလို။
၇။ စားနှင့်ဆား လဲသလို။
၈။ စားတုံးတုံးနှင့် ဝါးလုံးခုတ်သလို။ (စားတုံးနှင့် ဝါးလုံးခုတ်)

၉။ ဓားကူလှံကမ်း မရဆိုသလို။
၁၀။ ဓားနှောင့်မလွတ် ဓားသွားမလွတ် (အနှောင့်မလွတ် အသွားမလွတ်)
၁၁။ ဓားဖျက် ဝါးမြက်။ လူဖျက် အရက်။ ရှင်ဖျက် ဓဇင်။
၁၂။ ဓားမစျေးကျ ဖိုးမရဆိုသလို။
၁၃။ ဓားလှံစွဲကိုင်၊ အိုင်မှာငါးသဲ့ဆိုသလို။
၁၄။ ဓားခုတ်ရာ လက်လျှို။
၁၅။ ဓားမနောက်ပိတ်ခွေး။
၁၆။ ဓားရိုး သူခိုးကမ်း (သူခိုးဓားရိုးကမ်း)။
၁၇။ ဓားတုံးနှင့် ခရမ်းသီးပိန်။
၁၈။ ဓမ္မသတ်တစ်စောင် ဓားမြှောင်တစ်စင်း။
၁၉။ နီးရာဓား ကြောက်ရ။
၂၀။ နီးရာဓားအောက်လျှိုရသည်။
၂၁။ ပန်းပဲသမား ဓားကောင်းမကိုင်ရ။
၂၂။ ပေါ့ရာမှာ ဘူးတောင်း၊ တုံးရာမှာ ဓားမကောင်း။
၂၃။ ဖွတ်မရ ဓားမဆုံးသလို။
၂၄။ မဆီမဆိုင် လက်ပံသားဓားနှင့်ချိုင်။
၂၅။ မယားထိ ဓားကြည့်။
၂၆။ မယားပါ ဓားစာ။
၂၇။ မုဆိုးမအိမ်က ဓားပင်မထက်။
၂၈။ မုဆိုးမအိမ်က ဓားမလို။
၂၉။ ရုံးတစ်ရုံး ဓားတစ်စင်း။ (ရုံးတလုံး ဓားတစင်း)
၃၀။ လယ်ပြင်ပါး ဝါးခုတ်။

၃၁။ သယ်ကြီးကို ဓားနှင့်နှိုင်းသလို။
၃၂။ ခလုန်ခားထစ်မှတ်သလို။
၃၃။ သူ့မယားကို ယဉ်ပါးခြင်းသို့၊ လူသတ်ယောကျ်ားသည် လက်ဝယ်တွင်ထားသောဓား ရှိသကဲ့သို့။
(ပေါက္ကံမောင်ချိုစကားပုံ)
၃၄။ သန်လျက်ဖြစ်ငြား၊ မသွေးထက်သော်၊ ချင့်ဓားလို ခါမတုံးလား။ (ကျီးသဲလေးထပ်ဆရာတော်)
၃၅။ သူ့မယားကိုဝန်တို၊ ဓားနှင့်ထိုးဘိ၍၊ သားအမိသေဖူးသည့် ထုံးကို ထောက်လျှင်၊ လင်ဟူ၍လည်း မယုံရ။ အဘဟူ၍ လည်း မယုံကောင်း။ ထိုသို့ ရှိသည်တခြား ထောက်ဓား ကောင်းလျှင် ရွေချင်တိုင်း ရွေရသည်။
(ကျည်းကန်ရှင်ကြီး)
၃၆။ အရှင့်ဘုန်း၊ ဓားမတုံးထက်။ (အရှင်သုံးဓားမတုံးထက်)
၃၇။ အရှင်ဘုန်းကြီး၊ ကျွန်ဓားပြီး။
၃၈။ အဝဝနှင့် ဓားမကိုပေါင်ရ။

## ဓားနှင့်ပတ်သက်သော တိုင်းရင်းသားစကားပုံများ

### တချင် (ဂျိန်ဖော့)စကားပုံ

၁။ ကိုယ်တူးသောကျင်း ကိုယ်ကျ။ ကိုယ်ကိုင်သောဓား ကိုယ်ရှ။
၂။ ဓားကိုမသွေးလျှင် သံမကောင်းပါ။
သားကိုမဆုံးမလျှင် ယောကျ်ားမပီသပါ။

## တယားစကားပုံ

၁။ ကလေးနှင့်စကားပြောလျှင် ချော့ရသည်။
ဝါးခုတ်လျှင် လက်နှင့်ဆွဲရသည်။
၂။ ခေါ်းများထက်လျှင် ခေါ်းအိမ်မှာသာ ထက်သည်။
ယောကျ်ားများလည်းရဲသည်ဆိုလျှင် အိမ်တွင်းမှာသာ
ရဲကြသည်။ (ဝါးလုံးခေါင်းထဲလသာ ဆိုသည်နှင့်တူ)

## ကရင်စကားပုံ

၁။ စိတ်ဆိုးလျှင် လက်ကိုခုတ်မိ။ ဒေါသကြီးလျှင် ခေါင်းကို
ခုတ်မိ။
၂။ ဆင်းရဲသားသည် ခေါ်းနှောင့်နှင့်ခရီးသွား။
ချမ်းသာသူ ခေါ်းသွားနှင့် ခရီးသွားရသည်။
၃။ ဒေါသထွက်သူ ခေါ်းကိုင်လျှင် ခေါင်းခုတ်မိ။
စိတ်ဆိုးနေသူ ခေါ်းကိုင်လျှင် ခြေထောက်ခုတ်မိ။
၄။ ခေါ်းကျလျှင် ခေါ်းပဲ့။ ပုဆိန်ကျ ပုဆိန်ပဲ့။
ကြွက်အိုလျှင် ထောင်ချောက်မှာမိ။ လူအိုလျှင် နာမည်ရ။
၅။ ခေါ်းကိုဆော့လျှင် ခေါ်းပဲ့။ ပုဆိန်ဆော့လျှင် အသွားပြုတ်။
၆။ ခေါ်းပြင်တတ်သူ ခေါ်းပဲ့သုံးရ။
၇။ ခေါ်းထက်လွန်းလျှင် ပဲ့။ လုံချည်လွန်းလျှင် ကျိုး။
ပုဖောင်းကြီးတော့ ပေါက်။
၈။ ခေါ်းမရမီ ခေါ်းရိုးခုတ်ထား။ မိုးမကျမီ ခေါင်မိုးပြင်ထား။

၉။ ဓားမကိုမြဲမြဲဆုပ်။ ဓားမြှောင်ကိုလည်း မြဲမြဲဆုပ်။ ကျွန်ကဲ့သို့လုပ်ကိုင်။ သခင်ကဲ့သို့နေထိုင်ပါ။
၁၀။ ပြီးဆေးက ဓားထက်ထက်။
၁၁။ ပန်းပဲဆရာ ဓားကောင်းမကိုင်နိုင်။ ဓားပဲ့ကိုသာသုံးရ။
၁၂။ မြန်မြန်စားလျှင် လျှာကိုက်မိ။ မြန်မြန်ခုတ်လျှင် လက်ခုတ်မိ။
၁၃။ မြန်မြန်ခုတ် လက်ခုတ်မိ။ မြန်မြန်စား လျှာဝါးမိ။ မပြောခင် စဉ်းစား။
၁၄။ သစ်ပင်ကြီးလျှင် လှေကားနှင့်တက်။ သစ်ပင်ပေါ် မတက်နိုင်လျှင် ဓားမကိုအပြစ်တင်။
၁၅။ အသားစဉ်း၍ဖြတ်လျှင်၊ စဉ်းနှီးကိုထိ။

## ပလောင်စကားပုံ

၁။ ကောင်းစွာမသင်သောကလေး။ ကောင်းစွာမသွေးသော ဓား။
၂။ ထက်သောဓားသည် သွေးသောကြောင့်မဟုတ်။ လိမ္မာသောသားသည် ဆုံးမရာအကြောင်းမဟုတ်ပါ။
၃။ ထမင်းစား၊ ဓားသွေး၊ တောင်းယူ၊ လက်ဖက်ခူး၊ စိမ့်စိမ့်တစ်သက်လုံး စားရပေလိမ့်မည်။
၄။ မိန်းမသွား ပလိုင်းပါပါ။ ယောကျ်ားသွားလျှင် ဓားပါပါ။
၅။ သေပြီးလူနောက်မှ သတင်းကောင်းသည်။ ပျက်ပြီးဓား နောက်မှထက်သည်။

## ပအိုဝ်းစကားပုံ

၁။ တစ်ချက်ခုတ် သုံးပိုင်းကျိုး။
၂။ ဓားအရိုးကျွတ်လျှင် ဓားပဲရတယ်။
၃။ လှေနံဓားထစ် တောင်သူလှေနံထစ်။

## မွန်စကားပုံ

၁။ ကြိမ်ခုတ်လျှင် ဆူးကိုမထားရ။
အဖကိုခုတ်လျှင် သားကိုမထားရ။
၂။ ဓားမလည်းကုန်၊ လုံချည်စုတ်လည်းဆုံး။ (ဖွတ်မရ ဓားမဆုံး)
၃။ နတ်ကတော်ဓားအိမ်။ ဘုန်းကြီးဆံထုံး။
၄။ နှုတ်ကျွံလျှင် အရေးတော်ပျက်ချေသည်။
ဓားကျွံလျှင် ခြေလက်ရှနာချေသည်။
(ရာဇဓိရာဇ် မြန်မာပြန်မှ)

## ရခိုင်စကားပုံ

၁။ ခရမ်းပိန်ဓားတုံး၊ ဉာဏ်ပိန်လူတုံး။
၂။ စကားပြော အနှောင့်မလွတ်၊ အသွားမလွတ်။
၃။ ချီးကိုကြည့်လို့ ပါးပါးလှီး။
၄။ တစ်ချိန်ခွတ်၊ နှစ်ချက်ပြတ်။
၅။ ဓားရောင်းနှင့် ဆားရောင်းကြုံရေ။
၆။ တုတ်ကျမှ ဓားပြ (ဒမြ) မှန်းသိ။

၇။ မြားကောင်းတစ်လက်၊ လူတစ်သက်။
၈။ မြားစောင်းထက်၊ ရီစောင်းထက်၊ နီလည်းထွက်သိယင့်၊ မြားလည်းထက်သိယင့်။
၉။ ပြိန်းတောမြားက။

## လူရှိုင်းစကားပုံ

၁။ မြားမပါဘဲ ခေါင်းဖြတ်လိုသည်။ (ဝမရှိပဲ ဝိလုပ်လိုသည်)
၂။ ယောကျ်ားက တောင်ယာခုတ်။ မိန်းမက မျိုးစေ့ချစေ။

## ရှမ်းစကားပုံ

၁။ မြားမက အလုပ်နှင့်မတူ။ တူ တူမသည် သားသမီးနှင့်မတူ။ သားသမီးသည် မယားနှင့်မတူ။ ပစ္စည်းဥစ္စာသည် ပညာနှင့်မတူ။
၂။ နဖူးကွဲဖူးတဲ့ လက်ဝှေ့ဆရာက သိုင်းဆရာ မြားခုတ်ခံရတာ မကဲ့ရဲ့ပါနှင့်။
၃။ မောင်းကိုတီးမှမြည်သည်။ မြားကိုသွေးမှထက်သည်။ သားသမီးကို မိဘများက ငယ်စဉ်က ဆုံးမပေးမှ လူလိမ္မာဖြစ်နိုင်သည်။
၄။ သမက်သတ္တိရှိ မရှိ မျက်ဆံဝါး ခွဲခိုင်းကြည့်။

× × × × ×

## ဓားနှင့် ဘုန်းလက်ရုံး

" . . . . . . . . .
ယာလက်ရုံးငွဲပြင်
နှလုံးမှာဖြူစင်ကြယ်နဲ့
လူတွင်ကျယ် ပုဂံသားတွေတို့
ကိုယ့်အားကို ကိုယ်ယုံကိုးကာပါ
ကိုယ့်မျိုးဂုဏ် တစ်မာန်တက်ပေလိမ့်
ဓားထက်တဲ့ ပုဂံမှာ
မြန်မာတို့ခေတ်ဟောင်း
. . . . . . . . . . . . . . . . "

ဆရာဇော်ဂျီ၏ ရှေးခေတ်ပုဂံပြည်ကဗျာမှ ဖြစ်ပါသည်။ ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သော မြန်မာနိုင်ငံသမိုင်းတွင် ဓား၏အရေးပါမှုက မြင့်မားလှသည်။ ဘုန်းမီးနေလတောက်ခဲ့ကြသော အုပ်စိုးသူတိုင်း ဓားထက်ခဲ့ကြသည်ကို ရာဇဝင်သမိုင်းတွင် တွေ့ရသည်။ ရပ်ရွာအေးချမ်းသာယာရေး၊ ရန်သူနှိမ်နင်းရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ တရားစီရင်ရေးမှသည် မင်းခမ်းတော်အထိ ဓားသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ခဲ့သည်။

ရုံးတစ်လုံး၊ ဓားတစ်စင်းဟု ဆိုရလောက်အောင် စီရင်အုပ်ချုပ်မှု အပိုင်းတွင် ဓားက အရေးပါအရာရောက်သည်ဟု ဆိုရမည်။ ရှေးပဒေသရာဇ်မင်း အဆက်ဆက်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရန် မင်းအဖြစ် ဘိသိက်ခံစဉ်ကပင် ဓား စတင်ပါဝင်ခဲ့သည်။

မင်းမြောက်တန်ဆာငါးပါးဖြစ်သော (၁) ခဂ္ဂ - (သန်လျက်)၊ (၂) ဆတ္တ (ထီးဖြူ)၊ (၃) ဥဏှိသ (သင်းကျစ်မကိုဋ်)၊ (၄) ပါဒုကာ (ခြေနင်း)၊ (၅) ဝါလဗီဇနီ (သားမြီးယပ်)တို့တွင် သန်လျက် ပါဝင်သည်။ မြန်မာမင်းများ၏ ရာဇဘိသေကတွင် ဓားတစ်မျိုး ဖြစ်သောသန်လျက်သည် အရေးပါသောမင်းအသုံးအဆောင် ဖြစ်ပါသည်။ သန်လျက်ဟုဆိုသည်နှင့် အများစုပြေးမြင်မိကြ သည်မှာ ဇာတ်ပွဲများတွင်သုံးသည့် အရင်းသေး၊ အလယ်ပိုင်း ကြီးကာ အဖျားသွယ်ချွန်သော သန်လျက်ဖြစ်သည်။ ကျမ်းဂန်များ အရ အသွားနှစ်ဖက်ရှိပြီး အဖျားသွယ်ချွန်သော ဥဘတောဓာရ သန်လျက်နှင့် အသွားတစ်ဖက်သာရှိပြီး ဦးဖျား အနည်းငယ် ကွေးညွတ်သော ဧကတောဓာရ သန်လျက်ဟူ၍နှစ်မျိုးရှိကြောင်း ပြဆိုသည်လည်းရှိပါသည်။ သန်လျက်၏ ပုံသဏ္ဌာန်နှင့် ပတ်သက်၍ မြန်မာစာပေတွင် ဖော်ပြကြရာ၌

မဃကုဏ္ဍလဝတ္ထုတွင် အသီတိနိပါတ် သုတသောမဇာတ်ကို တင်ပြရာ၌ ပေါရိသာဒ ကြိမ်းဝါးသော "အသိဥ္စ မေ မညသိ ကက်ပတ္တံ"


"ငါ၏ သန်လျက်ကို သိမ်းတောင်ကဲ့သို့ဟု အောက်မေ့ သလော" ဟူ၍ လည်းကောင်း၊

ဦးရွှန်း၏ သုတသောမပျို့တွင် ပေါရိသာဒမင်း ကြိမ်းဝါးပုံကို "စကားယွင်းပျက်၊ ငါ့သန်လျက်ကား၊ ထုပ်စက်အရောင်၊

ဝင်းဝင်းပြောင်ကို၊ သိမ်းတောင်သဘော၊ မှတ်သလော" ဟူ၍လည်းကောင်း၊

ကာယနုပဿနာကျမ်းပြုဆရာ ယောအတွင်းဝန် ဦးဖိုးလှိုင်က ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ 'အပရိပုဉ အသိသဏ္ဌာ နာနိ' နံရိုးကို ဓားကောက်သဏ္ဌာန်ဟုလည်းကောင်း၊

ဦးတိုး၏ ရာမရကန်၊ ရာမမင်းကြီး၏ ဓားကြိမ်းခန်းတွင် "ခက်ရင်းလှံမ၊ ရှေ့ဆောက်ပုတ်၊ သံတုတ်တင်ကျဉ်း၊ ဓားလည်းပြောင်ပြောင်၊ ထိန့်အောင်ထက်မြက်၊ ဖြက်ကိုးမိုက်ခန့်၊ ထိစုံ့ရမည်၊ သံ့သံမဏိ၊ ရှည့်ပါဘိသနင့်၊ ငှက်ကြီးတောင်ချွန်၊ ပုံမလွန်သည်၊ ဦးစွန်သွေးချောင်းခံ၏" ဟူ၍လည်းကောင်း ဖော်ပြပါရှိကြရာ သန်လျက်သည် ဓားရှည်တစ်မျိုးဟု ဆိုရမည်ဖြစ်သည်။ ပုံတွင်လည်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသောသန်လျက်ပုံကို ဖော်ပြထားသည်။



သန်လျက်

မင်းဧကရာဇ်တို့ ရာဇာဘိသေကခံရာတွင် သန်လျက်ဓားသည် အရေးပါသကဲ့သို့ မင်းဧကရာဇ်တို့က အဆင့်ဆင့်သော အိမ်ရှေ့မင်း၊ မင်းညီမင်းသားနှင့် မှူးကြီးမတ်ရာများ၊ ဝန်ကြီးများနှင့် အဆောင်တော်သားတို့ ဂုဏ်ဒြပ်တစ်ခုအဖြစ် သတ်မှတ်ရာတွင်လည်း ဓားက အရေးပါသည်ကို လေ့လာ

တွေ့ရှိရသည်။ အင်ရုံရှာစား ဂန်ကြီး သီရိဥဇနာ၏ လောက ဗျူဟာကျမ်း (အင်ရုံစာတမ်း)တွင်

'မင်းသား၊ မင်းမြေး၊ မှူးတော်၊ မတ်တော်တို့ကို အဆောင်ဓား ပေးသည်ကား

အိမ်ရှေ့မင်းမှာ အဆောက်ရွှေ အိမ်ဖြူ မည်သရီ အိတ်သွတ် ပေး၍ ဆောင်သည်။ အမည်ရတို့ သားမြေး ဆယ်နှစ်ယောက်တို့ကို ဓားလိုက်ခန့်၍ ဓားခွေးမ၊ ခွေးငယ်၊ နောက်ပိတ် သံပရာခွံ၊ ရွှေလက်ကိုင်တုတ်၊ အိမ်ဖြူတစ်ဆယ့်နှစ်ကို ရွှေတိုက်တော်က ပေးအပ်၍ အိမ်ရှေ့မင်းမှာ ဓားနှင့်လိုက်ရသည်။

ညီတော် သားတော် ဝေါရသသူတို့မှာ ဓားမိုးကြိုးဆင့်၊ အိမ်ဖြူ မည်သရီအိတ်သွတ်ဆောင်သည်။ ဓားလိုက် တစ်ဆယ့် နှစ်ယောက်လည်း နည်းတူပေး၍ ဓားလိုက်ရသည်။ ဝေါပလာ ရသူတို့မှာ ဓားမိုးကြိုးဆင့်၊ အိမ်ဖြူ ကတ္တီပါနီအိတ်သွတ်၍ ဆောင်ရသည်။

မိဖုရားတို့တွင် မြင်သည့် မင်းသား၊ ကိုယ်လုပ်တော်တို့တွင် မြင်သည့် မင်းသားတို့ကို ဓားပေးလျှင် ဓားမိုးကြိုးဆင့်၊ အိမ်ဖြူ သက္ကလတ်အိတ်သွတ်ဆောင်ရသည်။

ဂန်ကြီးအတွင်းဂန်တို့ကို ဓား၊ ခွေးမ၊ ခွေးငယ်၊ နောက်ပိတ် သံပရာခွံ၊ ပတ္တမြားစီ၊ အိမ်မည်သရီမွမ်း၊ သံပတ်ခုနစ်တန့်၊ ပတ္တမြားစီပေး၍ဆောင်ရသည်။ သည်နောက် ဓားအိမ် မည်သရီမွမ်း၊ သံပတ်ခုနစ်တန့်၊ အရင်းအဖျား၊ သက္ကဒါနံလေးသစ် ပတ္တမြားအပြည့်စီပေး၍ ဆောင်ရသည်။ သည်နောက် ဓားလက်ပန်း ကနော့ခံရွှေ မုဒရက်သီးရွှေ ပတ္တမြားစီပေးသည်။

ရှေးဝန်ကြီးတို့ကွင် ဗညာကျမ်းထော၊ နန္ဒယော်ထာ၊ သီရိဇေယျကျော်ထင်၊ သီရိဇေယျနော်ရထာ၊ နေမျိုးနော်ရထာ၊ မဟာသတိုး သီဟသူရ၊ နေမျိုးဇေယျနော်ရထာတို့ကိုလည်း ခေါ်းနည်းတူတွင် သွေးကြောင်းခံ လက်လေးသစ်ခန့်ကွပ်၍ ပတ္တမြား အပြည့်စီခေါ်းကို ဆောင်ရသည်။

အတွင်းတော်မြဲ အမှုးအမတ်တို့ကို ခေါ်းပေးလျှင် ရွှေခေါ်း ဆောက်ပြည့် အိမ်ပြည့် သင်းချောပေးသည်။ သည်နောက် ရွှေခေါ်းကျောက်အိမ်ပေးသည်။ သည်နောက် ကျပ်ရ၍ အတွင်း ဘဝေါ်နေရာ၊ စနည်းနေရာသို့ရောက်လျှင် ရွှေခေါ်းဆောက်ပြည့်၊ အိမ်အပြောက်ထုပေး၍ ဆောင်ရသည်။ သည်နောက် ဒူးနေရာသို့ ရောက်လျှင် ကွမ်းခွက် အဝန်းရလျှင် ခေါ်းခွေးမ၊ ခွေးငယ် နောက်ပိတ် သံပရာခွံ ပတ္တမြားစီ၊ အိမ် ကတ္တီပါစိမ်း၊ သံပတ် ငါးတန် ကျောက်စီပေး၍ ဆောင်ရသည်။ သည်နောက် တော်နေရာသို့ ရောက်လျှင် ခေါ်းအိမ် မည်သရီမွှမ်း သံပတ် ငါးတန့်ပေးသည်။ သည်နောက် ခေါ်း မည်သရီမွှမ်း၊ သံပတ် ခုနစ်တန့်ဆင့်၍ပေးသည်။

အတွင်းတော်မြဲ ခေါ်းရသသူတို့ကို မြို့ဝန်ခန့်လျှင် ပေးရင်းခေါ်း ကို ရွှေတိုက်တော်သို့သွင်း၍ ခေါ်းမိုးကြိုးဆင့် အိမ်ဖြူအပျောက် လုပ်၍ ဆောင်ရသည်။ အတွင်းမြဲတို့တွင် ခေါ်းရရင်းရှိသသူတို့ကို ဝင်းမှူးခန့်လျှင် ဝင်းမှူးခေါ်းကို အပ်၍ ဆောင်ရသည်။ ပေးရင်းခေါ်း တို့ကို တိုက်တော်သို့သွင်းရသည်။

ဝင်းမှူးခေါ်းမှာ ရှေ့ဝင်းမှူးခေါ်း၊ ရွှေဆောက်ပြည့် ခွေးမ၊ ခွေးငယ်နောက်ပိတ် သံပရာခွံ ပတ္တမြားစီ အိမ်သံပတ် ငါးတန့် ပတ္တမြားစီ၊ မှန်ကူ အပြောက်ထု အနား ပတ္တမြားစီ၊ လက်ျာ

ဝင်းမှူးမားနည်းတူတွင် အိမ်ခိုနန်းပြောက်ထု အနားပတ်လည် ပတ္တမြားစီ၊ လက်ဝဲဝင်းမှူးမားနည်းတူတွင် အိမ်ပုံနန်း အပြောက်ထု အနားပတ်လည် ပတ္တမြားစီ၊ အနောက်ဝင်းမှူး မားနည်းတူတွင် အိမ်စက်ဝန်း အပြောက်ထု အနားပတ်လည် ပတ္တမြားစီပေး၍ ဆောင်ရသည်။

အတွင်းတော်မြတ့်တွင် မားရသသူတို့ကို ဝန်ထောက်ခန့်သည်ဖြစ်စေ၊ အနောက်ဝန်ခန့်သည်ဖြစ်စေ ပေးရင်းမားကို ရွှေတိုက်တော်သို့ သွင်းရသည်။ မားမဆောင်ရ။ လွှတ်တော် ရုံးတော်မြမှစ၍ အိပ်လှည့် အိပ်ဖန် မရှိ၊ မမြမစွဲရ။ အမှူး အမတ်တို့တွင် ဝန်ကြီး မြင်းဝန် မြို့ဝန်ကိုသာ ပေးသည်။ မားကို ဆောင်ရသည်။ ဆောင်မြမားကို ဆောင်ရသည်။ သည်ပြင် မြင်းအမှုထမ်း၊ ပွဲလမ်းရသသူတို့မှာ မားအဆောက် လက်ကိုင်လွှတ် အိမ်ရွှေငါးပတ်ခန့်ကွပ်ကို သွားလာလျှင်ဆောင်ရသည်။

လေးဆယ်တော်သားခန့်လျှင် မားခွေးမ၊ ခွေးငယ် နောက်ပိတ် ရွှေ၊ အိမ်ကတ္တီပါနီမွှမ်း၊ သံပတ် ငါးတန့်ကွပ်ကို ရွှေတိုက်တော်က အပ်၍ဆောင်ရသည်။

ငါးဆယ်တော်သားခန့်လျှင် မားနည်းတူတွင် သံပတ်ငါးတန့် ကွပ်ကို ရွှေတိုက်တော်က အပ်၍ဆောင်ရသည်။ လေးဆယ် တော်သား၊ ငါးဆယ်တော်သားတို့မှာ ပြာသာဒ်တော်တွင် မြရသည်။

ဝန်ကြီးတို့မှစ၍ အတွင်းတော်မြတို့ အမှူးအကြီး အမတ်ကြီးတို့ သားကို စားတော်ကွမ်းရေကိုင်ခန့်လျှင် အမည်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရွှေမား ဆောက်ပြည့်၊ အိမ်ပြည့် သင်းချောကို တိုက်တော်က အပ်၍ဆောင်ရသည်။

မာရဘင်သင်းမှူးခန့်လျှင် ရွှေဓား ဆောက်ပြည့်၊ အိမ်ပြည့် အပြောက်ထုဓားကို တိုက်တော်က ပေး၍ဆောင်ရသည်။ ပြာသာဒ်တော်တွင် မြဲစွဲရသည်။ သူရဲကြီးသားတို့တန်းမှာ မမြဲရ။ သည်ပြင် ဓမြနန်းတော်ရှေ့သင်းမှူးမှစ၍ မြင်းဝင်းသင်းစု သားတို့ကို အကြီးအမှူးခန့်လျှင် ဓားမပေး။ ဓားမိုးကြိုးဆင့် အိမ်ဖြူအလျောက်လုပ်၍ အိပ်ဖန်လှည့် ဝင်ထွက်လျှင် ဓားကို စွဲ၍ မြဲစွဲရသည်။

မာရဘင်စုတွင် ခေါင်းအဝန်း ထောင်ကဲခန့်လျှင် ဓား အဆောက် လက်ကိုင်လွတ် ငွေအိမ် ငွေပြည့်သင်းချော၊ အရင်း အဖျား ငွေးငါးပတ်ခံတွင်ပေးသည်။ အစုံလည်းပေးသည်။ ဓားအဆောက် လက်ကိုင်လွတ် ငွေအိမ် ငွေသင်းချောပေးသည်။ အစုလည်း ဓားနှင့် သက္ကလတ်ကို တိုက်တော်က ပေးအပ်သည်။ သည်ပြင် ခေါင်းအဝန်းထောင်ကဲ သွေးသောက်ကြီးများမှာ ဓားမိုးကြိုးဆင့် အိမ်ဖြူတိုက်က ပေးအပ်သည်။'


စသည်ဖြင့် ပြည့်ပြည့်စုံစုံဖော်ပြထားသည်။ (ဓား၏ အဆင် တန်ဆာ အခေါ်အဝေါ်တို့ကို နောက်တွင်ဖော်ပြထားပါသည်။)

ဖော်ပြပါအထောက်အထားအရ ရှေးမြန်မာဘုရင်များ လက်ထက်တွင် ရာထူးအဆင့်အတန်းအရ သတ်မှတ်ထားသော ဓားကို ကိုင်စွဲကြရပြီး အတွင်းတော်မှ ရာထူးအလျောက် သတ်မှတ်ထားသော ဓားကို ထုတ်ပေးကြောင်းသိနိုင်သည်။ ဓား ပေးအပ်ရာတွင်လည်း အဆောင်အယောင်အဖြစ် ပေးအပ်ခြင်း ဖြစ်ကြောင်း ထင်ရှားလှသည်။


မြန်မာတို့ ထီးကျိုးစည်ပေါက်ဖြစ်ကာ သူ့ကျွန်ဘဝ ရောက်ခဲ့ သော ကာလတစ်လျှောက် နယ်ချဲ့တို့ကို ခုခံတွန်းလှန်ခဲ့သော

ကာလတစ်လျှောက်တွင်လည်း နယ်ချဲ့ဆန့်ကျင်ရေးလက်နက်များတွင် အများစုသည် ဓားများသာဖြစ်ခဲ့သည်ဟု ဆိုရပါမည်။

အထူးသဖြင့် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံတွင် သေနတ်ကိုင်ဆောင်သော နယ်ချဲ့လက်ပါးစေ ပုလိပ်တပ်ဖွဲ့များကို ဓားဖြင့် ခုခံခဲ့ကြသည်သာမက အချို့တိုက်ပွဲများတွင် ဓားကိုင်ဆောင်သော လယ်သမားကြီးများကပင် အောင်ပွဲခံနိုင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် ထင်ရှားစွာ လေ့လာတွေ့ရှိနိုင်ပါသည်။



ဂဠုန်ဆရာစံ ကိုင်ဆောင်ခဲ့သော ဓား



ဂဠုန်ရိက္ခာမှူး ဦးလှမောင်ကိုင်ဆောင်ခဲ့သော ဓားနှင့်
ဂဠုန်တပ်သားများ၏ဓားများ


မြန်မာ့တပ်မတော်သည် ရဲဘော်သုံးကျိပ် ဂျပန်နိုင်ငံတွင် စစ်ပညာသင်ကြားရာမှ စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ ဂျပန်တို့သည် ဓားကို အဆောင်အယောင်အနေဖြင့် အမြတ်တနိုး ကိုင်ဆောင်ကြသကဲ့သို့ ထိရောက်သောလက်နက်အဖြစ်လည်း အသုံးပြုကြပါသည်။ ဂျပန်ခေတ်တစ်လျှောက်တွင် ဖမ်းမိသော ရန်သူကိုအဆုံးစီရင်သည့်အခါ ကိုယ့်ကျင်းကိုယ် တူးခိုင်းပြီး ကျင်းအဝတွင် ဇက်ကိုဓားဖြင့်ခုတ်ကာ သုတ်သင်သည့်အဖြစ်အပျက်များစွာဖြစ်ခဲ့သည်။ ထို့အတူ ဟာရကီရီခေါ် ဂျပန်စစ်သားများ မိမိကိုယ်မိမိ အဆုံးစီရင်ရာတွင်လည်း ဓားတိုဖြင့် အဆုံးစီရင်လေ့ရှိကြသည်။ စစ်ပြီးဆုံး၍ ကျဆုံးဂျပန်စစ်ဗိုလ် ရုပ်ကြွင်းများကို ရှာဖွေရာတွင်လည်း သူ၏ကိုယ်ပိုင်နံပါတ် ရေးထိုးထားသည့်ဓားဆိုလျှင် တန်ဖိုးထား ပြန်လည်စုဆောင်းလေ့ ရှိသည်ဟု ဆိုပါသည်။




ဂျပန်ဓားများ

ဆိုလိုသည်မှာ ရဲဘော်သုံးကျိပ်တို့ စစ်ပညာသင်ကြားရာ ဂျပန်တို့သည် ဓားကို အမြတ်တနိုးနှင့် တန်ဖိုးထား အသုံးပြုခဲ့ကြသကဲ့သို့ ဘီအိုင်အေ အရာရှိများသည်လည်း ဓားများကို အဆောင်အယောင်အဖြစ် အသုံးပြုခဲ့ကြသည်။ ထို့အတူ

ဂျပန်ခေတ် စစ်တက္ကသိုလ်ကျောင်းဆင်းပွဲတွင် ကျောင်းဆင်း စစ်သည်များအနက် အထူးချွန်ဆုံးဗိုလ်လောင်းကို ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင် ဓားဆု ချီးမြှင့်ခဲ့သည်။



ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သော ဂျပန်ဓား



ရဲဘော်သုံးကျိပ်ဝင်များ အသုံးပြုခဲ့ကြသော ဂျပန်ဓားများ



စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းကျောင်းဆင်းပွဲတွင် အောင်စစ်သည်ဆုအဖြစ် ပေးအပ်ချီးမြှင့်သည့် ငွေဓားဆု

ထိုမှစကာ တပ်မတော်စစ်ကျောင်းကြီးများ၊ ရဲတပ်ဖွဲ့ ကျောင်းများ၊ ဝန်ထမ်းလေ့ကျင့်ရေးကျောင်းများ၏ ကျောင်းဆင်းပွဲများတွင် ထူးချွန်သင်တန်းသားများအား အဆောင်အယောင် အဖြစ် ငွေဓားဆုများ ချီးမြှင့်ခဲ့ကြသည်မှာ ယနေ့အထိ ဖြစ်ပါသည်။

ကျောင်းဆင်းပွဲများတွင် အကောင်းဆုံး သင်တန်းသားများ အား ငွေဓားဆုချီးမြှင့်လျက်ရှိသော တက္ကသိုလ်များ၊ ကျောင်းများမှာ

(က) စစ်တက္ကသိုလ် (ပြင်ဦးလွင်)

(ခ) တပ်မတော်ဆေးတက္ကသိုလ် (ရန်ကုန်)၊

(ဂ) တပ်မတော်နည်းပညာတက္ကသိုလ် (ပြင်ဦးလွင်)

(ဃ) တပ်မတော်ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ် (ဟိုပုံး)

(င) တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် (ရန်ကုန်)

(စ) တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)

(ဆ) တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)

(ဇ) တပ်မတော် (ရေ) လေ့ကျင့်ရေးသင်တန်းကျောင်း (သန်လျင်)

(ဈ) တပ်မတော် (လေ) လေကြောင်းအတတ်သင်ကျောင်း


(ည) ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)

(ဋ) ရဲလေ့ကျင့်ရေးကျောင်းများ စသည်တို့ဖြစ်သည်။





တပ်မတော် စစ်ကျောင်းကြီးများ၏ ကျောင်းဆင်းပွဲတွင်
ငွေဓားဆုများ ချီးမြှင့်စဉ်



တပ်မတော်စစ်ကျောင်းကြီးများ၏ ကျောင်းဆင်းပွဲတွင်
ငွေဓားဆုများ ချီးမြှင့်စဉ်



ရဲတပ်သားသစ် သင်တန်းကျောင်းဆင်းပွဲတွင် ငွေတားဆုချီးမြှင့်စဉ်

× × × × ×

## မင်းလမ်း

မင်းလမ်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ မင်းလမ်းကျေးရွာအုပ်စုတွင် ပါဝင်သည်။ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၄ မိနစ် ၁၆ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃ မိနစ် ၅၀ စက္ကန့်တွင် တည်ရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ၆၆၀ ပေတွင် တည်ရှိသည်။ မင်းလမ်းကျေးရွာအုပ်စုတွင် မင်းလမ်းတောင်ရွာ၊ မင်းလမ်းမြောက်ရွာ၊ ဆားတောင်၊ မကြီးပင်၊ ပေကုန်း၊ သူဌေးကုန်း၊ (ဘတ္တ) ကျောင်းကုန်းကျေးရွာတို့ ပါဝင်သည်။ မင်းလမ်း တောင်ရွာနှင့် မြောက်ရွာသည် ကျေးရွာနှစ်ခုအဖြစ် ခွဲထားသော်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်သည်။ ရွာနှစ်ရွာကြားတွင် ဘုန်းကြီးကျောင်းနှစ်ကျောင်းနှင့် ဘုရားများရှိသည်။ ရှေးယခင်က မင်းလမ်းဟု ရွာတစ်ရွာတည်းသာရှိခဲ့သည်ဟု ရှေးအစဉ် သိမီသူများက ဆိုကြသည်။ မင်းလမ်းကျေးရွာအုပ်စုတွင် မင်းလမ်းရွာနှစ်ရွာမှာ အိမ်ခြေအများဆုံးနှင့် အစည်ကားဆုံး ဖြစ်သည်။

မင်းလမ်းရွာများနှင့် ပျော်ဘွယ်မြို့တို့မှာ မြို့နှင့်ရွာဆိုသော်လည်း တစ်ဆက်တစ်စပ်တည်းဟုပင် ဆိုနိုင်သည်။ ရန်ကုန်-မန္တလေးလမ်းအတိုင်း တောင်မှမြောက်သို့လာခဲ့လျှင် ပျော်ဘွယ်မြို့အဝင် တောင်ကြီးလမ်းခွဲနှင့် မင်းလမ်းတောင်ရွာသို့ အဝင်လမ်းမှာ မိုင်ဝက်ခန့်သာရှိပြီး မင်းလမ်းမြောက်ရွာသို့ အဝင်လမ်းမှာ ပေနှစ်ရာခန့်မျှသာ ရှိသည်။ ထို့ကြောင့် မင်းလမ်းရွာက ထွက်သည်နှင့် မြို့သို့ရောက်ပြီဟု ဆိုရမည်။

ရန်ကုန်-မန္တလေးကားလမ်းမှ မင်းလမ်းတောင်ရွာသို့ ဝင်မည်ဆိုပါက ရွာအဝင်လမ်းမှ ပေ လေးရာခန့် ဝင်မိလျှင်ပင် ရွာထိပ်သို့ ရောက်ရှိပြီဖြစ်သည်။ ရွာဝင်လမ်း၏ လက်ယာဘက်တွင် အမှတ် (၄၂) မင်းလမ်းတောင်ရွာ အခြေခံပညာ မူလတန်းကျောင်းကို ဦးစွာတွေ့ရှိနိုင်သည်။ ကျောင်းရှေ့တွင် သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်တစ်ခုရှိပြီး တစ်ရွာလုံးက ရယူသုံးစွဲကြသည်။ မင်းလမ်းတောင်ရွာတွင် ရွာအဝင်လမ်းကို မျက်နှာမူထားသော ဝေဘူလ သာယာကုန်းကျောင်း တည်ရှိသည်။ ရွာအဝင်လမ်းသည် ရေတုံကင်နားမှစကာ အနည်းငယ် ကွေးဝိုက်လျက် ဘုန်းတော်ကြီးကျောင်း၏ အုတ်တံတိုင်းဘေးမှကပ်၍ ရွာတွင်းသို့ ဝင်ရောက်သွားသည်။ မင်းလမ်းတောင်ရွာတွင် အညာကျေးလက်တို့၏ ထုံးစံအတိုင်း ခြံဝိုင်းများဖြင့် နေထိုင်ကြသည်။ ရွာအဝင်လမ်းနှင့် ကန့်လန့်ဖြတ်လျက် လမ်းနှစ်လမ်းရှိသည်။




မင်းလမ်းကျေးရွာ

မင်းလမ်းရွာ နှစ်ရွာအနက် မင်းလမ်းတောင်ရွာတွင်သာ ဓားလုပ်ငန်း လုပ်ကိုင်ခြင်းဖြစ်ပြီး မင်းလမ်းမြောက်ရွာတွင်မူ လုပ်ကိုင်ခြင်း မရှိတော့ပါ။ ယခင်က မင်းလမ်းမြောက်ရွာသည် ကြေးထွန်းပြုလုပ်ရာတွင် နာမည်ကြီးခဲ့သည်။ တစ်ရွာလုံးလိုလို ကြေးထွန်းပြုလုပ်သော ပန်းပဲဖိုများ ရှိခဲ့သည်။ နောင်အခါ ကြေးကုန်ကြမ်းဈေးများ မြင့်တက်လာခြင်း၊ ကြေးထွန်းသုံးစွဲသည့် အလေ့အထ ပျောက်ကွယ်သွားခြင်း၊ အလွယ်တကူနှင့် ဈေးသက်သာစွာ ဝယ်ယူရရှိနိုင်သော စတီးထွန်းများ ပေါ်ထွက်လာခြင်းတို့ကြောင့်

မင်းလမ်းမြောက်ရွာရှိ ကြေးဖွန်းလုပ်ငန်းမှာ တိမ်ကောသွားခဲ့သည်။ မင်းလမ်းမြောက်ရွာတွင် ပန်းပဲလုပ်ငန်းမရှိသလောက် ဖြစ်သော်လည်း မင်းလမ်းတောင်ရွာရှိ ပန်းပဲဖိုများအတွက် လိုအပ်သော သံကုန်ကြမ်းကို အဓိက ရောင်းချသည်။

မင်းလမ်းတောင်ရွာတွင် အိမ်ခြေ ၂၂၀ ခန့်ရှိသည်။ အိမ်အများစုတွင် ပန်းပဲလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အိမ်တွင် ဖိုမရှိစေကာမူ ပန်းပဲလုပ်ကိုင်သူရှိသည်။ ထို့ကြောင့် မင်းလမ်းတောင်ရွာတွင် အိမ်တိုင်းစေ့ ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးကြသည်ဟု ဆိုရမည်။ ရွာတွင်းသို့ ဝင်လိုက်သည်နှင့် ပန်းပဲဖိုများမှ တူထုသံ တဒုန်းဒုန်းကို ကြားနေရသည်။ ဤသည်ကပင် မင်းလမ်း၏ သင်္ကေတဟု ဆိုနိုင်သည်။

ရွာထဲသို့ဝင်သွားသည့်အခါ ဝိုင်းတွင်းရှိ အိမ်တိုင်းအနီးတွင် ဖိုများရှိနေသည်ကို တွေ့ရသည်။ များသောအားဖြင့် နံနက်ပိုင်းတွင် အလုပ်လုပ်ကြသည်က များသည်။ ထို့ကြောင့် ပန်းပဲဖိုများတွင် အလုပ်လုပ်နေကြသူများကို အိမ်တိုင်းလိုလို တွေ့ရသည်။ သို့သော် အချို့ဖိုများကမူ လူလည်း မရှိ၊ မီးလည်း မရှိပေ။ စုံစမ်းကြည့်သော အခါ မိမိတို့ရရှိသော အမှာစာအတိုင်း ပြုလုပ်ကြခြင်းဖြစ်ရာ ကုန်အမှာမရှိသဖြင့် ခေတ္တအလုပ်ရပ်နားထားခြင်းဖြစ်သည်။ ပန်းပဲဖိုများသည် ပျော်ဘွယ်မြို့ပေါ်မှ ဓားဆိုင်ကြီးများ အပါအဝင် မန္တလေး၊ ရန်ကုန်၊ မိတ္ထီလာ စသောမြို့ကြီးများမှ ကုန်သည်များ၊ ဆိုင်ကြီးများ၏ အမှာစာအတိုင်း လုပ်ကြသည်က များသည်။ အချို့ဖိုများမှာ ထိုသို့သော ကုန်သည်များ၏ နှစ်လုံးပေါက် အပ်နှံသော လုပ်ငန်းများ ရှိသည်ဟု သိရသည်။ ထို့ကြောင့်

မင်းလမ်းရွာပန်းပဲဖိုများသည် လုပ်ငန်းရှိလျှင် အလုပ်လုပ်ကြကာ လုပ်ငန်းမရှိချိန်တွင် ခေတ္တနားကြပြီး အလုပ်ရသည်နှင့် ပြန်လည်လုပ်ကိုင်ကြကြောင်း သိရသည်။ များသောအားဖြင့် ပန်းပဲပညာဖြင့်သာ အသက်မွေးသူက များသည်။

ပန်းပဲမဟုတ်စေကာမူ ပန်းပဲကို အထောက်အကူပြုသော ဓားအိမ်၊ ဓားရိုးလုပ်ကိုင်ခြင်း၊ ဇဝါစိတ် ဇဝါရိုက်ခြင်း၊ ပန်းရိုက်ခြင်း လုပ်ငန်းများကို လုပ်ကိုင်သည့် မိသားစုများလည်း အများစုရှိရာ ခြုံငုံသုံးသပ်ရပါလျှင် မင်းလမ်းရွာသည် တစ်ရွာလုံး ဓားလုပ်သော ရွာဟု ဆိုရပါမည်။

× × × × ×

## ပန်းပဲကုန်ကြမ်း

မင်းလမ်းရွာသည် ဓားကို အဓိကထုတ်လုပ်သည်ဟု ဆိုနိုင်သော်လည်း မင်းလမ်းတောင်ရွာတွင်သာ ပန်းပဲဖိုများရှိပြီး မြောက်ရွာတွင် ပန်းပဲဖိုများ မရှိချေ။ ယခင်က မင်းလမ်းမြောက်ရွာသည် ကြေးဇွန်းများ ထုတ်လုပ်ရာတွင် နာမည်ကြီးခဲ့သည်ဟု ဆိုသည်။ တစ်ရွာလုံး ကြေးဇွန်းပြုလုပ်ခြင်းဖြင့် အဆင်ပြေခဲ့ကြပြီး အများစုမှာ ချမ်းသာကြွယ်ဝခဲ့ကြသည်ဟု ဆိုသည်။ သို့သော် နောက်ပိုင်းတွင် ကြေးဇွန်းများ ခေတ်မစားတော့ဘဲ ကြွေရည်သုတ် သံဇွန်းများ၊ စတီးဇွန်းများ ခေတ်စားလာသည့်အခါ မင်းလမ်းမြောက်ရွာတွင် ကြေးဇွန်းပြုလုပ်သည့် လုပ်ငန်းမှာ ပျောက်ကွယ်သွားခဲ့သည်ဟု မင်းလမ်းမြောက်ရွာမှ ဦးသိန်းဝင်းက ပြောပြခဲ့သည်။

လက်ရှိအချိန်တွင် မင်းလမ်းတောင်ရွာသည် တစ်ရွာလုံး ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလျက်ရှိရာ မင်းလမ်းရွာအတွက် လိုအပ်သော အဓိကကုန်ကြမ်းမှာ သံဖြစ်သည်။ ထိုသံကုန်ကြမ်းများကို မင်းလမ်းမြောက်ရွာရှိ သံကုန်သည်များထံမှ

ဝယ်ယူရသည်။ မင်းလမ်းမြောက်ရှာတွင် သံကုန်ကြမ်းရောင်းချသောဆိုင်ကြီး ငါးဆိုင်၊ ခြောက်ဆိုင်ခန့်ရှိပြီး တစ်နိုင်တစ်ပိုင်ရောင်းချသော ဆိုင်လေးများလည်းရှိသည်။ သံကုန်ကြမ်း ရောင်းချသူများသည် ပျော်ဘွယ်မြို့ရှိ ဦးစန်း၊ ဦးကျော်သန်း၊ ဦးမောင်မောင်စသော သံဒိုင်ကြီးများထံမှ ဝယ်ယူရောင်းချသည်လည်း ရှိသကဲ့သို့တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ သံလေလံပွဲများတွင်ဝင်ရောက် လေလံဆွဲကာ ပြန်လည်ရောင်းချသည်လည်းရှိသည်။အထူးသဖြင့် သံထည်ဟောင်းများကိုသာ ရောင်းချသည်ကို တွေ့ရှိရသည်။ သံထည်ဟုဆိုရာတွင် သံချောင်း၊ သံလုံး၊ သံပြား အားလုံးပါဝင်သည်။

ရှေးယခင်က ဓားပြုလုပ်ရာတွင် သံကောင်းရရှိရေးမှာ များစွာအရေးပါခဲ့သည်။ "သံကောင်းမှ ဓားကောင်းမည်" ဟူသောအတွေးဖြင့် သံကောင်းကို ရှာကာ ဓား ပြုလုပ်ခဲ့ကြသည်။ယနေ့အချိန်တွင်မူ သံကောင်းကောင်းဖြင့် ဓားပြုလုပ်ခြင်း၊ အိမ်သုံးနှင့်လယ်ယာသုံးပစ္စည်းများ ပြုလုပ်ခြင်း လွန်စွာနည်းပါးသွားသည်။အကြောင်းမှာ သံကောင်းဖြင့် ဓားပြုလုပ်ပါက အချိန်ကြာမြင့်ပြီးအင်အားလည်း များစွာ အသုံးပြုရသကဲ့သို့ အတတ်ပညာပိုင်းလည်း များစွာ အရေးပါလှသည်။ ထို့ကြောင့် စရိတ်များ များစွာတက်သွားပြီး ဓား၏တန်ဖိုး မြင့်မားသွားသည်။ ထိုအခါ ဈေးကွက်အတွင်း ရောင်းချရာ၌ အဆင်မပြေနိုင်တော့ချေ။ ထို့ကြောင့်အရည်အသွေးကောင်းသော သံထက် ပြုလုပ်ရလွယ်ကူသောသံကိုသာ ပြုလုပ်ကြတော့သည်။

မော်တော်ကား လေးသံအကျိုး၊ အဟောင်းများ၊ မီးရထားသံလမ်းအဟောင်းများကဲ့သို့ အရည်အသွေးကောင်းသော

သံများကို အထူးအော်ဒါအပ်နှံမှသာ ဝယ်ယူလုပ်ကိုင်ပေးကြသည်။ မီးဖိုချောင်သုံးဓားများ၊ လုပ်ငန်းသုံးဓားများ၊ လယ်ယာသုံးပစ္စည်းများ ကိုမူ သံထည်အဟောင်းများကိုသာ ဝယ်ယူလုပ်ကိုင်ကြသည်။ မော်တော်ကား ကိုယ်ထည်ဖရိန်အဟောင်းများ၊ ဘွိုင်လာအဟောင်းများ၊ တံတားကဲ့သို့ သံထည်အဟောင်းများဖြင့် လုပ်ကိုင်ကြသည်ကို တွေ့ရှိရသည်။ နတ်ဆက်သောဓားများ၊ အလှဓားများကိုမူ ဖလက်ပြားဟုခေါ်သော သံရည်ကျို ပုံသွင်းသံပြားများဖြင့် ပြုလုပ်ကြသည်။

ထို့ကြောင့် မင်းလမ်းတောင်ရွာ ပန်းပဲဖိုများအတွက် မင်းလမ်းမြောက်ရွာသည် သံထည်ပစ္စည်းဟောင်းများ ရောင်းချရာ ဈေးကွက်တစ်ခုပင် ဖြစ်သည်။

× × × × ×

## ပန်းပဲဖိုများ


မင်းလမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က မင်းလမ်းတောင်ရွာတွင် အိမ်ခြေ ၂၂၀ ခန့်ရှိပြီး ပန်းပဲဖိုပေါင်း တစ်ရာအထက်ရှိသည်ဟု ဆိုသည်။ လူဦးရေ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းသည် ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးကြသည်။ သို့သော် ပန်းပဲလုပ်ကိုင်ကြသည်ဆိုသော်လည်း ပန်းပဲဖိုတိုင်းက ဓားလုပ်ကြသည်တော့ မဟုတ်ပေ။ အချို့က သံထွန်သွား၊ ဓားကြမ်း၊ တူရွင်း၊ တလယ်ပါ (တူရွင်းငန်းပြား)၊ တံစဉ်တို့ကို ထုတ်လုပ်ကြသည်။ တစ်မိသားစုလုံး ပန်းပဲအတတ်ဖြင့် အသက်မွေးကြသည့် မိသားစု ဆယ်စုခန့် ရှိသည်ဟု ဆိုသည်။ အချို့မှာ ပန်းပဲလုပ်ကိုင်သည်ဟု ဆိုသော်လည်း ပန်းပဲဖိုမရှိခြင်းမှာ အရိုး၊ လက်ကိုင် ပြုလုပ်ခြင်း၊ ဇဝါရိုက်၊ ပန်းရိုက်ခြင်း၊ ဓားအိမ် ပြုလုပ်ခြင်းစသည့် ဓားအဆင်တန်ဆာများ ပြုလုပ်ကြခြင်းကြောင့် ဖြစ်သည်။

မင်းလမ်းကျေးရွာတွင် အများဆုံးတွေ့ရသည့် ပန်းပဲဖို များမှာ ဇော်ဂျီဖိုများဖြစ်သည်။ မြန်မာနိုင်ငံအရပ်ရပ်တွင် ပန်းပဲလုပ်ငန်း လုပ်ကိုင်ကြရာ၌

(၁) ပန်ကာဖို
(၂) ဖားဖို
(၃) တုံးလုံးဖို (တရုတ်ပန်းပဲဖို)
(၄) ဇော်ဂျီဖို ဟူသော ဖိုလေးမျိုးအနက် တစ်မျိုးမျိုးကို အသုံးပြုကြောင်း တွေ့ရှိရသည်။

## (၁) ပန်ကာဖို

ယခုနောက်ပိုင်း အများဆုံး တွေ့ရှိရသည့်ဖိုမှာ ပန်ကာဖို ဖြစ်သည်။ ပန်ကာဖိုဆိုသည်မှာ အတွင်းတွင် ပန်ကာရွက်များ တပ်ဆင်ပြီး တစ်ဖက်တွင် လေဝင်ပေါက်များထားကာ အခြား တစ်ဖက်ရှိ အလုံပိတ်သံအိမ်တွင် လေထွက်ပြွန် တပ်ဆင်ထားသည့် ကိရိယာတစ်မျိုးဖြစ်သည်။ အတွင်းရှိ ပန်ကာရွက်များကို လည်ပတ်၍ လေထုတ်ပေးနိုင်ရန် ပန်ကာရွက်တပ်ဆင်ထားသည့် ဝင်ရိုးနှင့် ဆက်ကာ လှည့်နိုင်သည့် လက်ကိုင်တစ်ခု တပ်ဆင် ထားသည်။ ထိုလက်ကိုင်ကို လှည့်ပေးခြင်းဖြင့် အတွင်းမှ ပန်ကာ လည်ပြီး ထွက်လာသောလေများက လေထွက်ပေါက်မှ ထွက်လာ မည်ဖြစ်သည်။ ထိုပန်ကာဖိုများတွင် လက်လှည့်ဖိုနှင့် မော်တာ အသုံးပြု လည်ပတ်သောဖိုဟူ၍ နှစ်မျိုးရှိသည်။ တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသူများနှင့် လျှပ်စစ်မီး မရသောဒေသများတွင် လူအားသုံး လက်လှည့်ဖိုများကို အသုံးပြုလေ့ရှိကြပြီး လုပ်ငန်းကြီးများနှင့် လျှပ်စစ်မီးရရှိသော အရပ်ဒေသများတွင် မော်တာသုံးဖိုများ အသုံးပြုကြသည်။



ရှေးခေတ် လက်လှည့်ပန်ကာဖို



ယနေ့ခေတ် လက်လှည့်ပန်ကာဖို


ပန်ကာဖိုများကို အသုံးများလာကြသည်မှာ ဖားဖို၊ ဇော်ဂျီဖိုများနှင့် နှိုင်းယှဉ်လျှင် အားသာချက် များစွာ ရှိခြင်းကြောင့်ဟု ဆိုရပါမည်။ ပန်ကာဖိုတစ်လုံးကို ဝယ်ယူပြီးသည်နှင့် ပြောပလောက်သည်အထိ ထိန်းသိမ်းဂရုစိုက်ရန် မလိုအပ်ပေ။ ပန်ကာဖိုအများစုသည် မည်သူမဆို အလွယ်တကူ အသုံးပြုနိုင်သည်။ ယနေ့ခေတ်တွင် ကျေးရွာများအထိ လျှပ်စစ်မီး ရရှိလာရာ မော်တာအငယ်စားလေးများ တပ်ဆင်အသုံးပြုခြင်းဖြင့် အလွယ်တကူ အသုံးပြုနိုင်သည်။ ပန်းပဲလုပ်ငန်းတွင်သာမက စားသောက်ဆိုင်များတွင်ပါ မော်တာတပ် ပန်ကာဖိုများကို မီးအားပြင်းစေရန်အတွက် အသုံးပြုလာကြသည်။ ထို့ကြောင့် နောင်အခါတွင် ပန်ကာဖိုများသည် ပန်းပဲလုပ်ငန်း၌ ပိုမို အသုံးတွင်လာနိုင်သည်။

## (၂) ဖားဖို

မိရိုးဖလာအတိုင်း သုံးလေ့ရှိကြသည်မှာ ဖားဖိုဖြစ်သည်။ ပန်းပဲလုပ်ငန်းဆိုသည်နှင့် အများစုက ဖားဖိုနှင့် တွဲလျက် မျက်စိထဲတွင် မြင်ယောင်ပြီး ဖြစ်လိမ့်မည်။ ဖားဖိုသည် ပန်းပဲတွင်သာမက ပန်းထိမ်၊ ပန်းတဉ်း လုပ်ငန်းများတွင်လည်း အသုံးများသော လေအားပေး ကိရိယာတစ်မျိုးဖြစ်သည်။ သို့သော် ပန်းထိမ်တွင် သုံးသောဖားဖိုမှာ ပန်းပဲတွင် သုံးသောဖားဖိုထက် အရွယ်အစား များစွာ သေးငယ်သော်လည်း သဘောသဘာဝမှာ အတူတူပင်ဖြစ်သည်။ ဖားဖိုဟု ခေါ်ဆိုခြင်းမှာ ဖားတစ်ကောင် ဒေါသထွက်သောအခါ ကုန်းထနေပုံနှင့် ဆင်တူသောကြောင့် ဖားဖိုဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ တဖြည်းဖြည်း အသုံး

နည်းလာပြီဖြစ်သောဖားဖိုသည် မြန်မာ့ရိုးရာ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတည်းတို့တွင် အသုံးပြုကြသည်သာမက အင်္ဂရိတ် လိုက်စားသူတို့အတွက်လည်း မရှိမဖြစ် ကိရိယာတစ်ခုဖြစ်လေရာ ဖားဖိုတစ်လုံး တည်ဆောက်ပုံကို ဗဟုသုတအဖြစ် ဖော်ပြလိုပါသည်။

ဖားဖိုပြုလုပ်ရာတွင် အထက်အောက်ပိတ်ရန် သစ်သားပြားနှစ်ပြား၊ လေထွက်သည့်ဖိုခေါင်းနှင့် အသေဆက်ထားသည့် ထုပိတ်ပြား တစ်ပြား၊ ထိုသစ်သားနှင့် အပေါ်ပိတ်သစ်သားပြားနှစ်ပြားကြားတွင် သစ်သားဘောင်ခွေ တစ်ခုပါရှိသည်။ ၎င်းသစ်သားဘောင်ခွေနှင့် အထက်အောက်ပိတ်သည့် သစ်သားပြားတို့သည် ဖိုခေါင်းသစ်သားတုံးတွင် ပတ္တာများဖြင့် တွဲဆက်ထားရသည်။ ထိုထုပိတ်ပျဉ်ပြားများတွင် အောက်ပိတ်ပြားနှင့် ဖိုခေါင်းတို့ကို တစ်ဆက်တည်း အသေတွဲတပ်ထားသည့် ပျဉ်ပြားတို့တွင် လေဝင်ပေါက် ဖောက်ပေးထားရသည်။ ထိုအပေါက်ကို အောက်ပိတ်ပြား၏ လေးချိုး တစ်ချိုးနေရာလောက်တွင် အလျားလေးလက်မနှင့် ပြက် ငါးမူး သုံးမတ်ခန့် အပေါက်ရှည်ကလေးသုံးပေါက်ကို တစ်ပေါက်နှင့် တစ်ပေါက် ကပ်လျက် ဖောက်ပေးရသည်။



မတပ်ဆင်ရသေးသော ဖားဖို

ထိုအပေါက်ကလေးများမှာ လေဝင်ရန်အတွက်ဖြစ်သည်။ ယင်းအပေါက်ကလေးမှ ဝင်သွားသောလေ ပြန်မထွက်စေရန် အပေါက်၏အပေါ်၌ သားရေပြားတစ်ချပ်ကို ဖုံးထားရမည်။ ရွေ့မသွားစေရန် ၎င်းသားရေပြားကို အပေါက်ကလေးများ ထိပ်ဘက် တစ်ဖက်စွန်းတွင် သံဖြင့် ရိုက်၍ စွဲပေးထားရမည်။ လေဝင်သောအခါ ထိုသားရေပြားကလေးသည် ကြွတက်သွားပြီး လေဝင်လာမည်။ ထိုလေများကို ဖိုနှာပေါက်မှ ထွက်သွားစေရန် ဖိုဆွဲသည့်ကြိုးကို ဆွဲပေးလိုက်သည့်အခါ အောက်ပိတ်ပြား လေဝင်ပေါက်ပေါ် သားရေပြားကလေးသည် ပိတ်လိုက်ပြီး အောက်ခန်းရှိ လေတို့ ဖိုအထက်ခန်းသို့လည်းကောင်း၊ အထက်ခန်းရှိ လေတို့သည် ဖိုနှာပေါက်မှ မီးဖိုတွင်းသို့လည်းကောင်း ထွက်သွားမည်။

ဖိုဆွဲသည့်ကြိုးကို လျှော့ပေးလိုက်သည့်အခါ အောက်ပိတ်ပြား သည် အောက်သို့ကျသွားသကဲ့သို့ အထက်ပိတ်ပြားသည်လည်း ပိကျလာသည်။ ထိုအခါ အလယ်ထုပိတ်ပြားတွင် တပ်ဆင် ထားသည့် သားရေပြားသည် လေဝင်ပေါက်ကို ပိတ်ပေးပြီး လေတို့ကို နှာပေါက်သို့ ထွက်သွားစေမည်။ ထိုအခါ အောက်ပိတ်ပြားသည် အောက်သို့ လျှောကျသွားသည်ဖြစ်၍ ရင်းတွင်ရှိသော လေဝင်ပေါက် ပွင့်သွားပြီး အပြင်မှလေတို့ကို ဖိုအောက်ခန်းသို့ ဝင်လာစေမည်။

ဤကဲ့သို့ သားရေပြား ဖုံးဖိပေးထားသော လေဝင်ပေါက် သည် ဖုံးထားသည့်သားရေပြား ကွဲကျမသွားစေရန် အပေါက်ကြီး တစ်ပေါက်တည်းမဖောက်ဘဲ အပေါက်ရှည်ကလေးများကို ဆန်ခါ သဘော ပြုလုပ်ကာ ဖောက်ပေးထားခြင်းဖြစ်သည်။




အသုံးပြုဆဲ ဖားဖိုတစ်ခု

ထိုကဲ့သို့ လေများကို ထိန်းပေးနိုင်ရန် သားရေပြားအပေါ်၌လည်း သစ်သားပြား ပါးပါးတစ်ချပ်ကို သားရေပြားနှင့် ကပ်ထားပေးရသည်။ သို့မှသာ သားရေပြားသည် ညီညွတ်စွာ ဖိကပ်ပေးမည်ဖြစ်သည်။

၎င်းနောက် ဖိုစင်တွင်တင်ရန်အတွက် အလယ်ထုပိတ်ပြား၏ သုံးပုံနှစ်ပုံနေရာ၌ အစွန်းပို သုံးလေးလက်မခန့် နှစ်ဖက်ပေါင်း ခြောက်လက်မ၊ ခုနစ်လက်မနှင့် ဖိုဖြက်ပါအရှည်ရှိသော သုံးမူးလုံးသံချောင်းရှည်တစ်ချောင်းကို အလယ်ထုပိတ်ပြားအောက်၌ ကပ်ရိုက်ထားပေးရမည်။ ဖိုတွင်းသို့ လေများများ သိုလှောင်ခိုအောင်းနေနိုင်စေရန် သားရေပြားကပ်ရာ၌ သားရေပြား၏ ဖြက်အကျယ်အလိုက် ဖို၏ လေခိုအောင်းနိုင်မှု အနည်းအများရရှိမည်။ သို့ဖြစ်၍ အနာအဆာလွတ်သော ဆိတ်သားရေပြား နှစ်ချပ်ကို စပ်၍ ကပ်ပေးရသည်။ ထိုဆိတ်သားရေနှင့် သစ်သားတို့ကို ကြေးမှိုကလေးများ စီ၍ ရိုက်တွဲပေးရသည်။ လေမဟာစေရန် ကြေးမှိုကလေးများကို စေ့စပ်စွာ ရိုက်ပေးရသည်။ သားရေပြားကပ်ရိုက်ပြီးလျှင် ထိုဖားဖိုကို ဖိုစင်ပေါ်သို့ တင်ပြီး အသုံးပြုနိုင်ပြီဖြစ်ပါသည်။

ဖိုစင်ပြုလုပ်ရာတွင် ဖြက် လေးလက်မ၊ ငါးလက်မခန့်နှင့် အထူ တစ်လက်မခန့်ရှိသော သစ်သားပြားနှစ်ချပ်ကို ကြက်ခြေခတ်စပ်ပြီး အခင်းလုပ်ထားရမည်။ ၎င်းကြက်ခြေခတ် ပျဉ်များသည် ဖို၏အလျား၊ ဖြက်တို့နှင့်ညီညွတ်သော အတိုအရှည်များ ဖြစ်စေရပါမည်။

ဖိုနှင့် ကန့်လန့်နေသော ပျဉ်အတို၏ အစွန်းနှစ်ဖက်တို့တွင် ဖိုတင်မည့် တိုင်နှစ်ချောင်း စိုက်ထူရန် စရွေးနှစ်ပေါက် ဖောက်ပေးထားရမည်။ အခင်းပျဉ် အလျား၏ တစ်ဖက်စွန်းတွင် ဖိုခေါင်းတင်ရန်နှင့် ဒေါက်တစ်ခုစွပ်ရန် စရွေးတစ်ပေါက် ဖောက်ပေး ရမည်။ အခင်းပျဉ်အတို၏ အစွန်းနှစ်ဖက်တွင် ဖောက်ထားသည့် စရွေးပေါက်နှစ်ပေါက်တွင် တိုင်နှစ်ချောင်း စိုက်ထူပေးရမည်။ အခင်းပျဉ်အရှည်၏ တစ်ဖက်စွန်းတွင် ဖောက်ထားသော စရွေးပေါက်တွင် အလယ်ဟိုက်ထားသည့် တစ်လက်မထုရှိသော ဖိုမေးတင် ဒေါက်တိုင်ကို စိုက်ထူပေးရမည်။ ထိုမေးတင်ပေါ်တွင် ဖိုခေါင်းတင်ပေးရမည်။



ဖားဖိုအသုံးပြု၍ ပန်းပဲလုပ်ငန်း လုပ်ကိုင်နေစဉ်

အခင်းပျဉ်အတိုင်း၌ ဖောက်ထားသည့် စရွေးပေါက် နှစ်ပေါက်တို့တွင် စိုက်ထူထားသော တိုင်ရှည်နှစ်ချောင်းထိပ်တွင် စရွေးပေါက်နှစ်ပေါက်ဖောက်ထားသည့် အခြားသစ်သားပြား တစ်ပြားဖြင့် တိုင်နှစ်တိုင်ကို တွဲ၍ ချုပ်ပေးရမည်။ ဖိုဆင်သည့် သစ်သားချင်း စရွေးကိုက် စွပ်ပေးထားခြင်းသာ ဖြစ်သည်။ သံရိုက်ထိန်းရန် မလိုလောက်အောင်ပင် စရွေးများကောင်းရန် လိုသည်။ ထိုချုပ်တန်း အလယ်ဗဟိုတွင် အဝိုင်းပေါက်တစ်ပေါက် ဖောက်ပေးရဦးမည်။ ရင်းအပေါက်တွင် သစ်သားဆုံလည်ခွတစ်ခု တပ်ဆင်ပေးရသည်။ ထိုဆုံလည်ခွပေါ်၌ ကြိုးဆွဲရန် လက်တံရှည်တစ်ခုကို တပ်ဆင်ပေးရသည်။

ဤလက်တံ၏ အတိုအစွန်းထိပ်တွင် ကြိုးတစ်ချောင်း တင်ထားပြီး ထိုကြိုး၏ တစ်ဖက်စကို ဖားဖို၏ အောက်ပိတ်ပြား ထိပ်တွင် တပ်ဆင်ထားသည့် သံကွင်း၊ ကြေးကွင်း သို့မဟုတ် ငုတ်တံတွင် တပ်ဆင် ချည်နှောင်ပေးရမည်။ လက်တံ၏ရှည်သော အပိုင်း၏ အစွန်းထိပ်၌လည်း ကြိုးရှည်တစ်ချောင်း တပ်ဆင် ချည်ပေးထားရမည်။ ထိုကြိုးကို ဆွဲချလိုက်၊ လျှော့ချပေးလိုက် ကစားပေးခြင်းဖြင့် ဖားဖိုကို လေဝင်လေထွက် ပြုလုပ်နိုင်မည်။

ဖိုဆင်ပြီးသောအခါ လက်တံရှည်ဘက် အစွန်းတွင် တပ်ဆင်ထားသည့် ကြိုးကို ဆွဲချလိုက်သောအခါ လက်တံရှည်အစွန်းသည် အောက်သို့နိမ့်ကျသွားပြီး လက်တံအတိုသည် အထက်သို့ ထောင်တက်သွားမည်။ ထိုအခါ လက်တံတိုအစွန်းနှင့် ဆက်သွယ်ထားသည့် ကြိုးသည် ဖားဖို၏ အောက်ပိတ်ပြားကို အထက်သို့


ဆွဲတင်သွားမည်။ ထိုအခါ အောက်ပိတ်ပြားတွင် တပ်ဆင်ထားသည့် လေဝင်ပေါက်သည် ပိတ်သွားကာ အလယ်တွင်ဖောက်ထားသော လေဝင်ပေါက် ပွင့်သွားပြီး အောက်ခန်းမှ လေတို့သည် အထက်ခန်းသို့ တိုးဝင်သွားမည်။

ကြိုးကို လျှော့ချလိုက်သည့်အခါ အောက်ပိတ်ပြားတွင် ချည်နှောင်ထားသော ကြိုးလည်း လျှော့သွားပြီး အောက်ပိတ်ပြားသည် အောက်သို့ ကျသွားမည်။ ထိုအခါ လေဝင်ပေါက်တွင် ပိတ်ထားသည့် သားရေပြားလည်း ကွာတက်လာပြီး အပြင်မှ လေတို့သည် ဖိုအောက်ခန်းအတွင်းသို့ ဝင်လာမည်။ ထိုအခါ အပေါ်ပိတ်ပြားလည်း ပိကျလာပြီး အလယ်လေဝင်ပေါက်ကို ပိတ်စေလျက် အခန်းတွင်းရှိ လေတို့သည် မီးဖိုဘက်ရှိ လေထွက်ပေါက်မှ ထွက်သွားပြီး မီးဖိုတွင်းရှိ မီးတို့ကို မှုတ်ပေးမည်။

ဤကဲ့သို့ လက်ကိုင်ကြိုးကို ဆွဲချခြင်း၊ လျှော့ပေးခြင်းဖြင့် လေအားကို အတိုးအလျှော့ လိုသလို ပြုလုပ်ပေးနိုင်မည်။

## (၃) တုံးလုံးဖို

လေအားပေး ကိရိယာတစ်မျိုးဖြစ်သော တုံးလုံးဖိုကိုမူ မြင်တွေ့နိုင်ရန် အတော် ခက်ခဲသွားပြီဖြစ်သည်။ တရုတ်ရှေးခေတ် ဇာတ်ကားများတွင်သာ တစ်ခါတစ်ရံ တွေ့ရတော့သည်။



ရွှေးခေတ် တရုတ်တုံးလုံးဖိုတစ်ခု၏ ပုံကြမ်း

တုံးလုံးဖိုသည် ဇော်ဂျီဖိုနှင့် သဘောသဘာဝအားဖြင့် ဆင်တူသည်ဟု ဆိုရပါမည်။ ဇော်ဂျီဖိုကို ငုတ်တုတ်ဖိုဟုလည်း ခေါ်ရာ ယင်းကို တုံးလုံးလှဲထားခြင်းသည် တုံးလုံးဖိုပင် ဖြစ်သည်။ ပတူကွဲပြားသည်မှာ ဇော်ဂျီဖိုသည် ဆလင်ဒါပုံ ပိုက်ရှည် ဖြစ်သော်လည်း တုံးလုံးဖိုကမူ လေးထောင့်ပြွန်တံရှည် ဖြစ်သည်။ ပြက် ကိုးလက်မ၊ အရှည် ခြောက်ပေခန့်ရှိသော ပျဉ်ပြား လေးချပ်ကို လေးထောင့်စပ်စပ် စပ်ကာ ထိပ်နှစ်ဖက်ကို ပိတ်လိုက်ခြင်းဖြင့် တုံးလုံးဖို ကိုယ်ထည်တစ်ခု ရရှိသည်။ ထိပ်နှစ်ဖက်အနက် တစ်ဖက်တွင် လေထွက်ပေါက်ပါရှိပြီး နောက်တစ်ဖက်၏ အလယ် တွင် ထိုးတံအတွက် အပေါက်ငယ် ပါရှိသည်။ ထိုးတံ၏ အတွင်းဘက်ထိပ်တွင် ဖိုအတွင်းဘက်နှင့် အံကျတော်သော

ဖျဉ်ပြားကို တပ်ဆင်ထားပြီး အပြင်ဘက်သည် လက်ကိုင်ဖြစ်သည်။ ထိုသဘောတရားကို အခြေခံကာ အရွယ်အစားနှင့် ပုံသဏ္ဌာန်ကို အနည်းငယ်စီ အပြောင်းအလဲလုပ်ကာ တုံးလုံးဖိုကို ပြုလုပ်ခဲ့ကြသည်။ သို့သော် ယနေ့ခေတ်တွင်မူ တုံးလုံးဖိုများကို အသုံးပြုခြင်း မရှိတော့ပေ။

## (၄) ဇော်ဂျီဖို

မင်းလမ်းကျေးရွာတွင် အများဆုံး အသုံးပြုကြသည်မှာ ဇော်ဂျီဖို ဖြစ်သည်။ မင်းလမ်းကျေးရွာရှိ အချို့ပန်းပဲဆရာများက ငုတ်တုတ်ဖိုဟု ခေါ်ကြသည်။ တုံးလုံးဖိုသည် လေးထောင့်စပ်စပ် လုပ်ထားပြီး လှဲထားရသည်ဖြစ်ရာ ယင်းနှင့် ဆန့်ကျင်ဘက် ဆလင်ဒါပုံ ပြွန်ပိုက်ရှည်နှစ်ခုကို ငုတ်တုတ် ထောင်ထားရသဖြင့် ငုတ်တုတ်ဖိုဟု ခေါ်ကြခြင်း ဖြစ်ဟန်တူသည်။

ဇော်ဂျီဖိုနှင့် ဖားဖို ကွာခြားချက်မှာ ဖားဖိုက မီးရှိန်ပြင်းပြီး ထိန်းရန် အနည်းငယ်ခက်ပြီး ဇော်ဂျီဖိုကမူ တစ်သမတ်မီးရှိန်ကို ရရှိသည်။ ဖားဖိုက မီးရှိန်ရရန် အနည်းငယ်စောင့်ရသော်လည်း ဇော်ဂျီဖိုကမူ ချက်ချင်း မီးရှိန်ရရှိသည်။ ဇော်ဂျီဖိုပြောင်းကို အချို့အရပ်ဒေသများတွင် ကျွန်းသား၊ ပိတောက်သားတို့ကို ထွင်း၍လည်းကောင်း၊ ဝါးပိုးဝါးဖြင့်လည်းကောင်း ပြုလုပ်သော်လည်း မင်းလမ်းကျေးရွာတွင်မူ သွပ်ပြားအထူကို ပိုက်သဖွယ် ခွေထားသည့် ဖိုပြောင်းများ အသုံးပြုကြသည်။

ဇော်ဂျီဖိုပြုလုပ်ရာတွင် ဖိုပြောင်းပြုလုပ်ရန်အတွက် အဝ ရှစ်လက်မခန့်၊ အရှည် သုံးပေခန့်ရှိသော ဆလင်ဒါပုံ ပိုက်လုံး နှစ်လုံး

လိုအပ်သည်။ ထိုပိုက်လုံးများသည် တစ်ဖက်အပွင့်၊ တစ်ဖက်အပိတ် ဖြစ်ပြီး ပိတ်ထားသောအပိတ်၏ အထက်နားတွင် လေထွက်ပေါက် တစ်ပေါက် ဖောက်ပေးထားသည်။ ထိုလေထွက်ပေါက်တွင် လေထွက်ခေါင်းတစ်ခု တပ်ပေးထားသည်။ ထိုလေထုတ်ခေါင်းတွင် မီးဖိုသို့ လေသွားနိုင်ရန် ပြွန်ပိုက်ရှည်တစ်ခု တပ်ပေးပြီး ပြွန်ပိုက်၏ ထိပ်ကို မီးဖိုလေဝင်ပေါက်အတွင်းသို့ သွင်းပေးထားရသည်။ ထို့နောက် မြေနီမြေစေးဖြင့် မီးဖိုပေါက်နှင့် ပြွန်ပေါက်တို့ကို လေလုံစေရန် မံပေးထားရသည်။ ထိုပြွန်ပိုက်ကို ရသေ့နှုတ်သီး ဟု ခေါ်သည်။

လေမှုတ်ထုတ်ရန်အတွက် ဖိုပြောင်းအတွင်းသို့ ဖိနှိပ် ထိုးချရန် ကြိမ်လုံး သို့မဟုတ် ဝါးလုံးကို ထိုးတံအဖြစ် ပြုလုပ် ပေးရသည်။ ထိုးတံ၏ထိပ်တွင် ချပ်ထူပြား တစ်ပြား တပ်ပေးရ သည်။ ထိုချပ်ထူပြားတွင် ကြက်မွေးများကို စီလျက် တပ်ဆင် ပေးရသည်။ ကြက်မွေးများသည် ထိုးတံကို အပေါ်သို့ဆွဲတင်သည့် အခါ အလိုက်သင့် ချောင်ချိစွာပါလာပြီး ဖိနှိပ် ထိုးချလိုက်သည့်အခါ ပြောင်းနံရံကို ကပ်၍ ပြောင်းတွင်းရှိ လေတို့ကို အောက်ဘက်သို့ ဖိတွန်း၍ ဆင်းသွားမည်။ ထိုမှတစ်ဆင့် လေထုတ်နှုတ်သီးမှ မီးဖိုတွင်းရှိမီးတို့ကို လေမှုတ်ပေးမည်။

ပန်းပဲဖိုများတွင် ဖိုဆင်သည့်အခါ မီးဖိုနှင့် ဇော်ဂျီဖိုပြောင်း တို့၏အကြားတွင် နံရံတစ်ချပ်ကို သစ်သား သို့မဟုတ် သွပ်ပြားဖြင့် ခြားထားပေးရသည်။ ထိုနံရံတွင် ဇော်ဂျီဖိုနှစ်လုံးကို ပူးတွဲ၍ တုပ်နှောင်ချည်ထားပေးရသည်။ ဖိုထိုးရမည့်သူကို ဖိုအထက်မှ နေ၍ ထိုးနိုင်ရန် လေးတိုင်စင်တစ်ခု ပြုလုပ်ပေးရသည်။

လေးတိုင်စင်ကို ဖိုကာန်ရံ ကပ်ထားသော တိုင်နှစ်လုံး၏ နောက်ဘက်တည့်တည့်တွင် တိုင်နှစ်လုံး ထပ်မံစိုက်ထူပေးပြီး ထုပ်တန်းများ ရိုက်ပေးထားရသည်။ ဖိုထိုးမည့်သူ အပေါ်တက်ထိုးနိုင်ရန် ၎င်းထုပ်တန်းများပေါ်တွင် ပျဉ်ပြားများ ခင်းပေးထားရသည်။

စင်ပေါ်မှ ဖိုထိုးသူသည် ဖိုထိုးတံကို ဘယ်ညာလက်နှစ်ဖက်ဖြင့် ကိုင်၍ ညာဘက်မှထိုးတံကို ဖိနှိပ်ထိုးချလိုက်သည့်အခါ ဘယ်ဘက်က ကိုင်ထားသောထိုးတံကို အပေါ်သို့ဆွဲတင်ပေးရသည်။ ထို့အတူ ဘယ်ဘက်က ထိုးတံကို ထိုးချလိုက်သည့်အခါ ညာဘက်က ထိုးတံကို အပေါ်သို့ဆွဲတင်ပေးရသည်။

ဤကဲ့သို့ အထိုးအဆွဲညီလျှင် မီးဖိုကို ကောင်းစွာ လေမှုတ်ပေးမည်ဖြစ်သည်။ ယင်းကဲ့သို့ အထိုးအဆွဲ မညီညွတ်လျှင် မီးဖိုထဲမှ မီးနှင့် မီးသွေးခဲများ ဖိုပြောင်းအတွင်းသို့ ဝင်လာတတ်သည်။ ထို့ကြောင့် ဖိုထိုးသည့်ထိုးတံကို အထိုးအဆွဲ ညီညာစွာ ထိုးပေးမှသာ ပန်းပဲဆရာ၏အလိုကျ မီးပေးမှုကို ပြုလုပ်နိုင်မည်။

မင်းလမ်းကျေးရွာရှိ ပန်းပဲဖိုများတွင် ဖိုထိုးကြသူအများစုမှာ အမျိုးသမီးများဖြစ်သည်။ ဖိုစင်ပေါ်တွင် ထိုင်ကာ ပန်းပဲဆရာ အလိုကျ သက်သောင့်သက်သာ ဖိုထိုးပေးနေကြသည်ကို တွေ့နိုင်သည်။ ပန်းပဲလုပ်ငန်းမှာ များသောအားဖြင့် နံနက်စောစောနှင့် နေ့လယ်စာမစားမီ နံနက်ပိုင်းတွင်သာ လုပ်လေ့ရှိကြရာ နံနက်တစ်ပိုင်းအတွက် ဖိုထိုးခ ကျပ်တစ်ထောင် ရရှိသည်ဟု သိရသည်။



ဖော်ဂျိုဖို အသုံးပြုနေပုံ

× × × × ×

## မြန်မာ့ဓားထုတ်လုပ်ရေး

အစဉ်အဆက် မရှိမဖြစ်သုံးခဲ့ကြသော ဓားများကို မြန်မာနိုင်ငံတွင် တစ်စုတစ်ဝေး ထုတ်လုပ်ခဲ့ကြသည်မှာ ကျောက်ခေတ်ကတည်းကဟု ဆိုလျှင် မှားမည်မထင်ပါ။ ရှေ့တွင် ဖော်ပြသကဲ့သို့ ပြဒါးလင်းဂူတွင် ကျောက်ဓား၊ ကျောက်ပုဆိန်၊ ကျောက်ခြစ်များကို တစ်စုတစ်ဝေးတည်း များပြားစွာ တွေ့ရှိခဲ့ရခြင်းသည် သာမန်တစ်ဦးချင်း အသုံးပြုသည့် လက်နက်များဟု ယူဆရခြင်းထက် လူအစုအဝေး၊ အဖွဲ့အစည်းတစ်ခုအတွက် ထုတ်လုပ်ထားခြင်းသို့မဟုတ် သိုလှောင်ထားခြင်းဟု တွေးဆစရာ ဖြစ်သည်။ ဆိုလိုသည်မှာ ကျောက်ခေတ်မှာပင် ကျောက်ဓားများကို တစ်စုံတစ်ဦး သို့မဟုတ် တစ်စုတစ်ဖွဲ့က တာဝန်ယူ၍ ထုတ်လုပ်ပေးခဲ့ရသည်ဟု ယူဆစရာဖြစ်သည်။

ထို့အတူ ဟန်လင်းမြို့ဟောင်းနှင့် တကောင်းမြို့ဟောင်း တို့ကို တူးဖော်ရာတွင်လည်း ဓားများတွေ့ရှိရခြင်း၊ တကောင်းမြို့ဟောင်းအနီး ဧရာဝတီမြစ် အနောက်ဘက် နတ်လှေခါး

တောင်ကုန်းတန်းပေါ်ရှိ ဝါးတောအတွင်း ရှေးဟောင်းသံချက်ဖိုကြီးတွေ့ရှိရခြင်းတို့သည် ပျူခေတ်နှင့် နောက်ပိုင်းခေတ်များတွင် ဓားအပါအဝင် သံထည်ပစ္စည်းများကို ထုတ်လုပ်နေပြီဖြစ်ကြောင်း ခိုင်မာသည့် အထောက်အထားများဖြစ်ပါသည်။ သာမန် တွေးဆလျှင်ပင် ပျူမြို့ပြနိုင်ငံများ တည်ထောင်ခြင်း၊ ကာကွယ်ခြင်းတို့အတွက် ဓားသည် အရေးပါသော စစ်လက်နက်ပစ္စည်း ဖြစ်ပေရာ တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများတွင် ဓားလက်နက်ကို တူးဖော်တွေ့ရှိသည်ဖြစ်စေ၊ မတွေ့ရှိသည်ဖြစ်စေ ဓားကို မဖြစ်မနေ သုံးစွဲရသည်မှာ သေချာသည်ဖြစ်ရာ ထိုခေတ်မြို့ရွာများတွင်လည်း ဓားထုတ်လုပ်ရာ ဌာနများ၊ သံထုတ်လုပ်ရာဌာနများရှိနေမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါချေ။

ပုဂံခေတ်မှစ၍ ခိုင်မာသည့် သမိုင်းမှတ်တမ်းများ တွေ့ရှိရသည်။ ပုဂံခေတ် အခြေအနေများနှင့် ပတ်သက်၍ အထောက်အထားအဖြစ် မှတ်ယူနိုင်ပြီး ဆက်စပ်တွေးဆယူနိုင်၍ ချိန်ဆင်ခြင်နိုင်သည့် အထောက်အထားများမှာ ယနေ့အထိ အခိုင်အမာရှိနေသေးသော ဘုရားပုထိုးများနှင့် ဘုရားပုထိုးများရှိ နံရံဆေးရေးပန်းချီများ၊ မင်စာများ၊ အုတ်ခွက်စာများ၊ စဌ်ကွင်းစာများ၊ မှတ်တမ်းကျောက်စာများ၊ ကျောက်ဆစ်လက်ရာများဖြစ်သည်။

ပုဂံခေတ်သည် အနော်ရထာမင်းကြီးက ပထမမြန်မာနိုင်ငံတော်ကို စုစည်းထူထောင်နိုင်ခဲ့သော ကာလဖြစ်ပါသည်။ သို့အတွက် နိုင်ငံတော်တည်ဆောက်ရေး၊ ကာကွယ်ရေးနှင့် သိမ်းသွင်းစုစည်းနိုင်ရေးတို့အတွက် ပုဂံတပ်မတော်သည် များစွာ

အရေးပါလှသည်။ ထိုခေတ်က စစ်တိုက်ရာတွင် လေး မြားနှင့် လှံ ဓားတို့က အဓိကဖြစ်ရာ စစ်သည်တိုင်းအတွက် ဓားသည် မရှိမဖြစ် လိုအပ်သည့် လက်နက်ဖြစ်ပါသည်။ စစ်တိုက်ရာတွင် သာမက ဆောက်လုပ်ရေးတွင်လည်း ဓား၊ ဆူး၊ ဆောက်၊ ပဲခွပ် စသည်တို့ကို လိုအပ်သလို ထိရောက်စွာ အသုံးပြုနေပြီဖြစ်ကြောင်း ယနေ့အထိ ကျန်ရှိနေသော အာနန္ဒာဘုရားမှ တံခါးကြီးများ၊ သစ်ပန်းပုဆင်းတုများက သက်သေခံလျက်ရှိပေသည်။

ဓားသည် အရပ်သားများမှစ၍ မင်းဧကရာဇ်အထိ မရှိမဖြစ် ပစ္စည်းတစ်ခုလည်း ဖြစ်ခဲ့သည်။ အနော်ရထာမင်းကြီး၏ သီလဝံသဓားနှင့် အရိန္ဒမာလှံတို့မှာ ယနေ့အထိ လူသိများ ထင်ရှားနေဆဲဖြစ်သည်။ ထို့ကြောင့် ဓားများကို ထုတ်လုပ်ပေးရမည့် ဓားထုတ်ရာဌာနများဖြစ်သော ပန်းပဲဖိုများစွာရှိရမည့်အပြင် ဓားအတွက် လိုအပ်သော သံထုတ်လုပ်ပေးသည့် သံချက်ဖိုများလည်း မဖြစ်မနေ ရှိရမည်။

ခိုင်လုံသောအထောက်အထားအဖြစ် သက္ကရာဇ် ၅၉၈ ခုနှစ်ထိုး ပုဂံမြို့ စောလှဝန်းဘုရားကျောက်စာ ကျောဘက် ကြောင်းရေ ၁၊ ၂၊ ၃ တွင် ***'ပန်ဗယ်ဝိယ်သလေ ၄ ရွာပ်ကူရိယ်သော ပန်ခီဝိယ်သလေ ၇ ကျွောင်ရိယ်သော ပန်ခီဝိယ်သလေ ၁၂၀'*** ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။ ယင်းအထောက်အထားသည် ပုဂံခေတ်တွင် ပန်းပဲလုပ်ငန်းများ ခိုင်ခိုင်မာမာထွန်းကားနေပြီဖြစ်ကြောင်း ခိုင်မာသော အထောက်အထားဖြစ်စေသကဲ့သို့ ဓားထုတ်လုပ်ရာဌာနများရှိနေပြီ ဖြစ်ကြောင်း ဆက်စပ်သက်သေပြစရာ ဖြစ်လာသည်။

သို့ရာတွင် ဓားနှင့် အခြားသံထည်လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံကို မည်သို့ရရှိသည်ကိုမူ ခိုင်မာသော အထောက်အထား မတွေ့ရှိရပေ။ သွန်းသံဟု ခေါ်သော သံချော အတွက် သံရိုင်းများ မည်သို့ရရှိသည်ကိုလည်း တိကျစွာ မသိရှိရပါ။ သို့စေကာမူ ပုပ္ပားတောင်၊ တန့်ကြည်တောင်တို့မှ ဓာတ်သတ္တု အမျိုးမျိုးတို့ကို ထုတ်ယူနိုင်သော ပညာရှင်ကြီးများ၏ အစွမ်းဖြင့် ကြေးအိုး၊ ကြေးခွက်၊ သံဓားမ၊ သံပုဆိန်၊ အိမ်အသုံးအဆောင်နှင့် ဗိသုကာအသုံးအဆောင်ဖြစ်သော သံ၊ စူး၊ ဆောက် ကိရိယာအမျိုးမျိုး၊ စိုက်ပျိုးရေးအတွက် ထွန်၊ ထယ်၊ တံစဉ်၊ ဓားမ၊ ဓားမောက် စသည့် သံပစ္စည်းတို့ကို လုပ်ကိုင်ကြသည်ဟု ရာဇဝံသ ဇာလိနီကျမ်းတွင် တွေ့ရှိရသည်။

ကုန်းဘောင်ခေတ်တွင်မူ ဓားထုတ်လုပ်ခြင်းနည်းပညာ များစွာ တိုးတက်လာပြီဖြစ်သည်။ ရွှေနန်းသုံးဝေါဟာရ အဘိဓာန် တွင် 'ပန်းပဲဝန်' ဟူသော စကားရပ်ကို ဖွင့်ဆိုရာ၌

'ကျိုချက်သွန်းလုပ်ရသည့် လက်နက်တော်များအပြင် ကျန် သေနတ်၊ ဓား၊ လှံစသော လက်နက်ကိရိယာများနှင့်တကွ အလုပ်တော်ရှိရာ အမြဲလုပ်ဆောင်ခွင့် ပန်းပဲအမှုထမ်းတို့ကို ပန်းပဲ စာရေးသို့ ဆင့်ဆိုစီမံ၍ အလုပ်အင်ကို ထောက်ချင့်လုပ်ဆောင် ထမ်းရွက်ရသည်။' ဟု ဖော်ပြပါရှိရာ ဓားထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ဌာနတစ်ခုအနေဖြင့် စနစ်တကျ စီမံခန့်ခွဲခြင်းပင် ရှိနေပြီဟု ဆိုရပါမည်။


လိုအပ်သော သံ၏ကုန်ကြမ်းအတွက် လုပ်ဆောင်ပုံကိုလည်း

'ရွှေခွန်၊ ငွေခွန်၊ သံခွန်ထမ်း မြို့ရွာများအနက် သံခွန်ထမ်း မြို့ရွာများက ဆက်သွင်းသည့်သံကျောက်များကို အရည်ကျို

သံဖြစ်စေရန် သံချက်အမှုထမ်းတို့နှင့် ချက်ကျိုရာအမှုထမ်းတို့ကို အုပ်ချုပ်စီရင်ရသည့်' သံချက်ဝန်ခန့်ထားကာ

'ရွှေမြို့တော်အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန်၏ အနောက်မြောက်ယွန်း ယခုမီးခြစ်စက်တည်ရှိသည့် နေရာတွင် သံခွန်ထမ်း မြို့ရွာများကဆက်သွင်းသည့် သံကျောက်များကို အရည်ကျိုသံဖြစ်စေရန် သံချက်ဝန်ဆင့်ဆိုရာနာခံ၍ သံချက်စက်ရုံအမှုထမ်းတို့က ချက်လုပ်ကြရသည်' ဟုလည်း ဖော်ပြထားသည်။

ကုန်းဘောင်ခေတ်တွင် မြန်မာ့စက်မှုလုပ်ငန်းသည် တစ်ရှိန်ထိုး တိုးတက်ခဲ့သည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံမှ လူငယ်များကို အနောက်နိုင်ငံများသို့ ပညာတော်သင်စေလွှတ်ပြီး



စစ်ကိုင်းသံချက်ဖို

ခေတ်မီပညာရပ်များကို သင်ကြားစေခဲ့သည်။ ထို့ပြင် ရတနာပုံနေပြည်တော်တွင် ခေတ်အလျောက် ခေတ်မီသည်ဟု ဆိုရမည့် စက်ရုံပေါင်း ၅၀ ကျော် တည်ဆောက်နိုင်ခဲ့သည်။ ယင်းတို့ကို ဦးစီးဆောင်ရွက်သည်မှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီးဖြစ်သည်။ သို့သော် ကနောင်မင်းသားကြီး နတ်ရွာစံသည်နှင့်အတူ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများ ဆုတ်ယုတ်ပျက်စီးခဲ့ရသည်။ ယင်းတို့အထဲတွင် မြန်မာ့ဓားထုတ်လုပ်ရေး အပါအဝင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သော သံဖိုစက်ရုံလည်း ပါဝင်သည်။ ထိုအကြောင်းကို ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင်-

'မန္တလေးရတနာပုံ ပဉ္စမ မြို့တည် နန်းတည် မင်းတရားကြီးဘုရား ညီတော်အိမ်ရှေ့မင်းသည် မြန်မာပြည်၌ စက်မှုလက်မှု တိုးပွား၍ ကမ္ဘာတွင် ထင်ပေါ်ကျော်စော ကြီးကျယ်လိုသော ဆန္ဒတော်အမြဲရှိသည်ဖြစ်၍ ပြင်သစ်နိုင်ငံ၊ အင်္ဂလိပ်နိုင်ငံကြီးများသို့ မြန်မာတိုင်းရင်းဖွား အမျိုးသားတို့အား လုံလောက်စွာ လစာရိက္ခာတော်နှင့် စေလွှတ်၍ ပညာတော်သင်စေခြင်းမှစ၍ စက်မှုအမျိုးမျိုး တည်ပြီးလျှင် သေနတ်၊ အမြောက် လက်နက်မှစ၍ လုပ်ကိုင်စေ၍ ခေတ်မီအောင် အားထုတ်တော်မူဆဲအတွင်း သက္ကရာဇ် ၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့ နေမွန်းတည့်အချိန် နန်းမြေဘုံသာစံနန်းတော်လွှတ်တော်အနီးတွင် မြင်ကွန်းမင်းသားနှင့် အတူပါလာသူ သူပုန်ဖြေုသီး လုပ်ကြံ၍ ဦးလည်ပြတ်ကာ နတ်ရွာစံတော်မူရသည်' ဟု ဖော်ပြထားသည်။

ထိုအခါမှစ၍ တိုင်းပြည်နိုင်ငံပျက်သည့်တိုင်အောင် အချို့သောစက်ရုံတော်ကြီးများမှာ ကျိုးနှင့်ဖုတ်ဖုတ် ဆိုဘိ၏သို့ ရစရာမရှိအောင် တိမ်းယိမ်း ပြိုပျက်ရှိနေလေသည်။ ၎င်းစက်ရုံတော်များအနက် စစ်ကိုင်းသံဖိုစက်ရုံတော်ကြီးဝယ် နေပူမိုးရွာတ် ရှိနေသည့် စက်ကိရိယာများမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ မီးပြွန်ပိုက် (အလျား ၂၇ ပေ၊ အချင်း ၄ ပေ ၆ လက်မ၊ လုံးရေ ၂)

၂။ လေပိုက်ငယ် (အလျား ၅၂ ပေ၊ အချင်း ၂ ပေ ၆ လက်မ၊ လုံးရေ ၁)

၃။ လေပိုက်ကြီး (အလျား ၄၅ ပေ ၃ လက်မ၊ အချင်း ၄ ပေ ၊ လုံးရေ ၁)

၄။ အခိုးချောင်း (၆ ပေ၊ ၇ ပေ ၆ လက်မ၊ ချောင်းရေ ၁၆၀)

၅။ လေဖုံပါကြီးတွင် ထည့်လုပ်ရန် လေပိုက်ကြီး ၄

၆။ ရေလှောင်သံအိုးကြီး ၁

၇။ ကွေးပြီး သံပြားရေ ၂၆

၈။ မိုးစားတိုက်ဖိုလုပ်ရန် သံပြားကြီးငယ် ၂၄

၉။ မီးတံခါး ကြီးငယ် ၁၄

၁၀။ သံဖိုကြီး ထိပ်ပတ်လည် ကြမ်းပြင်ခင်းရန် သံပြားရေ ၃၇

၁၁။ ရေကာန်စပ်ရန် လေးထောင့်သံပြားရေ ၃၉

၁၂။ ပိုက်ထိပ်ပိတ်ရန် သံပြားရေ ၆

၁၃။ လေပူအိုးတပ်ရန် ပိုက်ကြီး လုံးရေ ၂၀

၁၄။ ရေနွေးအိုး (အလျား ၂၅ ပေ ၆ လက်မ၊ အချင်း ၅ ပေ၊ လုံးရေ ၂)

၁၅။ မီးစားတိုက်ဖိုကာရန် သံပြားကြီး ၄၀

၁၆။ လေတံခါး ၄

၁၇။ လေပူအိုးတပ်ရန် ပိုက်ကြီး လုံးရေ ၁၅

၁၈။ မီးဇကာခံရန် သံထုပ် ၂၃

၁၉။ သံပြား ၄

၂၀။ အောက်ခံစက်ခံ ၁

၂၁။ ပဌမကြိတ်စက်တွင်ဆက်ရန် သံဝင်ရိုး ၁

၂၂။ ဓုင်းပုံတောင်းခွေ ၁

၂၃။ မီးတံခါးလမ်း ၁

၂၄။ သံထုပ်အောက်ခံခုံ ၂

၂၅။ တူစက်ငယ်ဆင်ပြီး ၁

၂၆။ ကတ်ကြေးစက်ကိရိယာဆင်ပြီး ၂

၂၇။ လေရဟတ် ၁

၂၈။ ပန်းပဲဖိုခုံစက် ၂

၂၉။ ဝင်ရိုးတပ်ဆင်ပြီး ကြိုးကူးဘီးငယ် ၁၀

၃၀။ ရေလှောင် သံရေကန် ၂

၃၁။ ဓားသွေးကျောက် ၁

၃၂။ မီးစားတိုက်ဖိုခင်းရန် သံပြား ၅

၃၃။ နန်းဆွဲစက်ခုံ ၁

၃၄။ ၃၄-၄၅ တောင် ရှဉ့်ပိုး ၁

၃၅။ မီးစက်ခုံအောက်ခံ ၁

၃၆။ ခလုတ်အိမ် ၂
၃၇။ လေပူအိုးပထမဆက်ရန် ပိုက်ကောက် ၁
၃၈။ သံဖိုကြီးတွင်တပ်ရန် လေပိုက်ကွေးကြီး ၈
၃၉။ ကြိတ်စက်ဖျားတွင်ဆက်ရန် ပတောင်းကွေး ၄၁
၄၀။ ဝင်ရိုးကြီးငယ် ၁၉
၄၁။ မီးလမ်းပိုက် သံတိုင် ၉
၄၂။ လေပေးစက်မှာ ခင်းရန် သံပြား ၉
၄၃။ ခလုတ်ပတောင်း ၃
၄၄။ ဝင်ရိုးနားခံခုံ ၁
၄၅။ မီးဆန်ခါခံရန်ခုံ ၂
၄၆။ လေပူအိုးပိုက်ကောက်ဆက်ရန် ပတောင်းပါ ၂
၄၇။ နန်းဆွဲ ပထမစက်ခုံ ၁၇
၄၈။ တူစက်သွား ၁
၄၉။ သံပြားကြိတ်တုံးတွင် နားခံအတွင်းစဥ့်ခံ ၄
၅၀။ ဗုံပါကြပ် ၁
၅၁။ ကတ်ကြေးစက်ပေါင်း ၁
၅၂။ ရင်းစက်ခုံ ၁
၅၃။ ရင်းဝင်ရိုး ၄ ထောင့် ၁
၅၄။ ဝင်ရိုးပတောင်း ၁
၅၅။ မီးစားတိုက်အိုးတံခါး ၁
၅၆။ ဟန်ဘီးကြီး ၂
၅၇။ ခလုတ်ဘီးကြီး ၇
၅၈။ ချားလက်ကြီး ၇

၅၉။ နားဘုံး နားခံခုံကြီး ၆
၆၀။ မီးစက်ခုံပေါင် ၂
၆၁။ ရင်းထုပ် ၂
၆၂။ သံနှုပ်ဖို မီးတုံခါး ၂
၆၃။ ဟန်ဘီးဝင်ရိုးကြီး ၁
၆၄။ ကြိတ်စက်ပေါင်ခုံကြီး ၁ များဖြစ်သည်။

ယင်းသည့် စက်ရုံတော်စောင့် ၅ တို့မှာ တလလျှင် စပါးတော် ၅၅ တင်း သနားတော်မြတ်ခံရသည်။

ယင်းမှတ်တမ်းများကို ကြည့်မည်ဆိုလျှင် ကုန်းဘောင်ခေတ်တွင် သံရည်ကျိုလုပ်ငန်း၊ သံနန်းဆွဲအတတ်ပညာတို့ များစွာ ထွန်းကားနေပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။

ပုဂံခေတ်မှသည် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် မြန်မာနိုင်ငံအတွင်း နေရာဒေသတစ်ခုမဟုတ်တစ်ခုတွင် စစ်မက်ဖြစ်ပွားနေတတ်သည်။ ယိုးဒယား၊ ဇင်းမယ်၊ လင်းဇင်း စသည်တို့နှင့်လည်းကောင်း၊ အာသံ၊ မဏိပူရတွင်လည်းကောင်း စစ်ရေးစစ်ရာထိတွေ့မှုများလည်း ရှိနေခဲ့သည်။ ထိုခေတ်က မြန်မာ့တပ်မတော်ဆိုသည်မှာ ယနေ့ခေတ်ကာလကဲ့သို့ အခိုင်အခံ့ စစ်တပ်များ၊ စစ်စခန်းများ ထားရှိခြင်းမဟုတ်ပေ။ စစ်မက်ဖြစ်ပွားမှသာလျှင် သက်ဆိုင်ရာ ဆယ်ပြုမြို့၊ ရာပြုမြို့၊ ထောင်ပြုမြို့များမှ သတ်မှတ်အင်အားအလိုက် စစ်သည်တော် ပေးပို့ရသည်။ စစ်တိုက်ရန်ဆင့်ခေါ်သည်နှင့် မိမိဓားနှင့်မိမိ စစ်တိုက်ရန် လိုက်ပါခဲ့ရသည်။ ထို့ကြောင့် အဓိက လက်နက်ဖြစ်သော ဓားထုတ်လုပ်မှုသည်

တစ်နေရာတည်းတွင် မဟုတ်တော့ဘဲ ဒေသတိုင်း၊ အရပ်တိုင်းတွင် ရှိနေမည်။ သို့သော် ပညာ၊ သမ္ဘာ၊ လက်ရာ စသည်တို့ပေါ်တွင် မူတည်ကာ ကောင်းသည်၊ ဆိုးသည် စသည်ဖြင့် ထင်ပေါ်ကျော်ကြားသော မားထုတ်လုပ်ရာ အရပ်ဒေသများ တစ်နည်းအားဖြင့် လက်ရာကောင်း မားထွက်ရှိသည်ဟု နာမည်ကျော်သောမြို့ရွာများ ပေါ်ထွက်လာခဲ့သည်။

× × × × ×

## ဓားတစ်လက်၏ အင်္ဂါရပ်များ

ဓားတစ်လက်၏ အင်္ဂါရပ်များဆိုရာတွင် ဓားတစ်လက်တွင် ပါဝင်သော အဆင်တန်ဆာနှင့် ပုံသဏ္ဌာန်ကို ဆိုလိုပါသည်။ သို့စေကာမူ ဆောင်ဓားပြုလုပ်ရာတွင် အရပ်ဒေသနှင့် အယူအဆကိုလိုက်၍ အမျိုးမျိုး ကွဲပြားခြားနားလေ့ရှိသည်။ ဓားတစ်ချောင်းတွင် ဓား၏အင်္ဂါရပ် အစုံအလင်ပြည့်စုံပါဝင်အောင် ပြုလုပ်ရန် မလွယ်ကူလှပါ။ ပြည့်စုံအောင် ထည့်သွင်းလုပ်ဆောင်လျှင် ရနိုင်သော်လည်း အများအားဖြင့် သုံးစွဲမည့်သူနှင့် ရောင်းချမည့်သူ အကြိုက် ပြုလုပ်ကြသည်က များသည်။ ဓား၏အင်္ဂါများကို ဖော်ပြရာတွင် အခေါ်အဝေါ် ချင်းတူသည်လည်း ရှိမည်ဖြစ်သလို အရပ်ဒေသနှင့် သုံးစွဲသည့်အခြေအနေအလိုက် ကွဲပြားသည်လည်း ရှိနိုင်သည်။

ဖော်ပြမည့် ဓားအခေါ်အဝေါ်များသည် ပြည်မြို့ ဝဲကြီးပန်းပဲ ဦးအောင်သန်း၏ ၄က်ကြီးတောင်ဓားပေါ်တွင် မူတည်၍ ဖော်ပြထားခြင်းဖြစ်သည်။ ဓားတိုင်းတွင် ပုံစံ၌ပြထားသကဲ့သို့

အင်္ဂါရပ်များ အစုံအလင် ပါသည်မဟုတ်ပါ။ မိမိထည့်သွင်းလိုရာကိုသာ ပြုလုပ်ကြသည်။ ဓားရှည်ပြုလုပ်ရာတွင် များသောအားဖြင့် ဓားရွက်တွင် သင်တုန်းဝင်းတစ်ခုသာ ပါကြသည်က များသည်။ အလှပြုလုပ်သော ဓားများနှင့် အထိမ်းအမှတ်ဓားများတွင်မူ ဓားရွက်အပြည့် ဇဝါရိုက်လေ့ရှိသည်။ မင်းလမ်းကျေးရွာမှပြုလုပ်သောဓားများအနက် တပ်မတော် စစ်ရေးပြအခမ်းအနားများတွင် အသုံးပြုသော ဓားများသည် ဓားရွက်ပေါ်တွင် အဆင်တန်ဆာများ မပါရှိပါ။ စစ်ကျောင်းကြီးများတွင်အပ်နှင်းချီးမြှင့်သည့် ဆုဓားများတွင်မူ ဓားရွက်တွင် ကနုတ်ပန်း ဇဝါသို့မဟုတ် ယိုးဒယားတသွယ်ခေါ် ဆောက်ထွင်းပန်းအပြည့်ထည့်သွင်းခြင်း၊ ဆုအမည်၊ ကျောင်းအမည်နှင့် ခုနှစ်များထည့်သွင်းခြင်းတို့ ပြုလုပ်ထားသည်။ အလှဓားများအတွက်ဇာတ်ကြီး ဆယ်ဘွဲ့မှဖြစ်စေ၊ နိပါတ်တော်များမှဖြစ်စေ ဝယ်ယူသူအလိုရှိသော ဇာတ်လမ်းဇာတ်ကွက်များနှင့် နှစ်သက်ရာရုပ်ပုံများကိုဇဝါရိုက်၍ ဖြစ်စေ၊ ဆောက်ထွင်း၍ဖြစ်စေ ထည့်သွင်းလေ့ရှိသည်ကိုတွေ့ရပါသည်။


**ဓားတစ်လက်တွင် ပါဝင်သောအင်္ဂါရပ်များမှာ**

ဓားသွားပိုင်းတွင်

(၁) ဓားဦး (ငှက်ကြီးတောင်ဓားဦး၊ စလူဖူး၊ ငါးရှဥ့်ခေါင်း စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။)

(၂) ဟသ်ာစလုတ်

## ဓားတစ်ခေါ်များ




**ဓားသွားပိုင်း**

(၁) ဓားဦး
(၂) ဟသ်ာစလုတ်
(၃) သွားဖုံး
(၄) သင်တုန်းဝင်း
(၅) ခါးဆင်းရေသောက်
(၆) ဓားသွား
(၇) ဝမ်းတွင်းမျှော
(၈) ခါးဆစ်မျှော
(၉) ဇဝါ/ယိုးဒယားတသွယ်
(၁၀) နဂါးမောက်
(၁၁) ဝမ်းမြွေမှီး (ကြိုး)
(၁၂) ကျောတုန်းမြွေမှီး
(၁၃) ခါးဆစ်ကြိုး (ခါးဆစ်မျှော)
(၁၄) ငြိုးညောင်းမျှော (ကြိုး)
(၁၅) ကြေးမြုပ်

**ဓားရိုးပိုင်း**

(၁) လက်ဝါးကာ
(၂) ရှေ့ခွေး
(၃) ဖောင်း
(၄) လက်ကိုင်
(၅) နောက်ဖောင်း
(၆) နောက်ခွေး
(၇) နောက်ပိတ်
(၈) အဆောင်ပေါက်



ဓားအိမ်ပိုင်း

(၁) ရွှေစွပ် (အဖျားသတ္တုဒါန်)
(၂) သံပတ် (အစွပ်)
(၃) နောက်စွပ် (အရင်းသတ္တုဒါန်)
(၄) ဆွဲကြိုး (လွယ်ကြိုး၊ မုဒရက်)

(၃) သွားဖုံး (မေးသွား၏အထက်ပိုင်း။ မေးသွားဟုလည်း ခေါ်သည်။)

(၄) သင်တုန်းဝင်း (သွေးစီးကြောင်းအကျယ်စား)

(၅) ခါးဆင်းရေသောက်

(၆) မေးသွား (သွားဖုံး၏ အောက်ဆုံးအပိုင်း)

(၇) ဝမ်းတွင်းမျှော့ (သွေးစီးကြောင်း၊ မျှော့ကြောင်းဟုလည်း ခေါ်သည်။ သင်တုန်းဝင်းပါလျှင် မျှော့ကြောင်းကို ထိုးလေ့မရှိပါ။ အချို့ကလည်း လက်စွမ်းပြသည့်အနေဖြင့် သင်တုန်းဝင်းအပေါ်တွင် မျှော့နှင့်ကြိုးကို ထပ်ထိုးတတ်သည်။)

(၈) ခါးဆစ်မျှော့ (ကြိုးဟုလည်း ခေါ်သည်။)

(၉) ယိုးဒယားတသွယ် (ဆောက်ထွင်းပန်း)
(ယိုးဒယားတသွယ်ထိုးလျှင် ဇဝါရိုက်လေ့မရှိပါ။ ဇဝါရိုက်လျှင်လည်း ယိုးဒယားတသွယ် ထိုးလေ့မရှိပါ။)

(၁၀) နဂါးမောက်

(၁၁) ဝမ်းမြွေရိုး (ကြိုးဟုလည်း ခေါ်သည်။)

(၁၂) ကျောကုန်းမြွေရိုး

(၁၃) ခါးဆစ်ကြိုး (ခါးဆစ်မျှော့ဟုလည်း ခေါ်သည်။)

(၁၄) မှီးသောင်းမျှော့ (ကြိုးဟုလည်းခေါ်သည်။)

(၁၅) ကြေးစား (ကြေးသား၊ ကြေးမြုပ်ဟုလည်းခေါ်သည်။)
စသည်တို့ပါဝင်သည်။

ဓားရိုးပိုင်းတွင်

(၁) လက်ဝါးကာ (ဒိုင်း၊ လက်ကာ၊ ရှေ့ပိတ်၊ ရှေ့ကာ ဟုလည်းခေါ်သည်။)

(၂) ရှေ့ခွေး (ခွေးမ၊ အခွေးကြီးဟုလည်း ခေါ်သည်။)

(၃) ဖောင်း (ဖောင်းရစ်၊ ရှေ့ဖောင်း၊ ပန်းဖောင်းဟုလည်း ခေါ်သည်။)

(၄) လက်ကိုင်

(၅) နောက်ဖောင်း

(၆) နောက်ခွေး (ခွေးငယ်ဟုလည်းခေါ်သည်။)

(၇) နောက်ပိတ် (သံပရာခွံဟုလည်းခေါ်သည်။)

(၈) အဆောင်ပေါက် (အမင်းပေါက်၊ ဓားမင်းပေါက်ဟုလည်း ခေါ်သည်။)

တို့ ပါဝင်သည်။

ဓားအိမ်ပိုင်းတွင်

(၁) ရှေ့စွပ် (ထိပ်စွပ်ဟုလည်းခေါ်သည်။ ရှေးအခါက အဖျားသတ္တုဒါန်ဟု ခေါ်သည်။)

(၂) သံပတ် (သံကြိုး၊ အစွပ်၊ အလယ်စွပ်ဟုလည်း ခေါ်သည်။ ရှေးက သံပတ်နေရာတွင် ပတ္တမြားစီပေးသည်လည်း ရှိသည်။)

(၃) နောက်စွပ် (အရင်းစွပ်ဟုလည်း ခေါ်သည်။ ရှေးက အရင်းသတ္တုဒါန်ဟုခေါ်သည်။ နှစ်ခုပေါင်းပြီး ရင်းဖျား သတ္တုဒါန်ဟု စာဟောင်းများတွင် ပြသည်။)

(၄) လွှယ်ကြိုး (ဆွဲကြိုးဟုလည်းခေါ်သည်။ ရှေးက ဆွဲကြိုးမုဒရက်ဟု ခေါ်သည်။)
စသည်တို့ပါဝင်သည်။

ရှေးအခါက မားအိမ်ကို ဆင်ယင်သောအဆင်တန်ဆာ နှင့် အမျိုးအစားပေါ်မူတည်၍ အိမ်မည်သရီမွမ်း၊ အိမ်အပြောက်ထု၊ အိမ်အဖြူထည်၊ အိမ်ပလာ၊ မိုးကြိုးဆင်အိမ်၊ ရွှေရေးအိမ်၊ ရွှေပြောက်ထုအိမ်၊ အိမ်ပတ္တမြားစီ စသည်ဖြင့် အမျိုးမျိုး ခေါ်ကြသည်။

× × × × ×

## မင်းလှမ်းဓား

မင်းလှမ်းကျေးရွာမှ ထွက်ရှိသော ဓားများအကြောင်း မှတ်တမ်းပြုရေးသားရသည့် အဓိကအကြောင်းရင်းမှာ နိုင်ငံတော်အဆင့် အမှတ်တရလက်ဆောင်ပေးအပ်သည့် ဓားများထုတ်လုပ်ခြင်း၊ တပ်မတော်တက္ကသိုလ်ကြီးများနှင့် ကျောင်းများ၊ ရဲတပ်ဖွဲ့သင်တန်းကျောင်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အောင်စစ်သည်ဆု၊ အကောင်းဆုံးကျောင်းသားဆုနှင့် စံပြဆု စသည်တို့အတွက်ချီးမြှင့်သော ဆုဓားများထုတ်လုပ်ခြင်း၊ တပ်မတော်နေ့အပါအဝင် စစ်ရေးပြဂုဏ်ပြုအခမ်းအနားများ၊ ဂုဏ်ပြုတပ်ဖွဲ့များအတွက် စစ်ရေးပြဂုဏ်ပြုဓားများ ထုတ်လုပ်ခြင်းတို့အတွက်ကြောင့် ဖြစ်သည်။

မင်းလှမ်းကျေးရွာသည် ထိုသို့ ဂုဏ်ထူးဆောင်ဓားများ မထုတ်လုပ်မီကတည်းက ဓားများကို ရွာလုံးကျွတ် ပြုလုပ်သော ပန်းပဲရွာဖြစ်သည်။ မင်းလှမ်းရွာတွင် ဘိုးစဉ်ဘောင်ဆက် ဓားလုပ်ခဲ့ကြပုံများကို ယနေ့ မင်းလှမ်းကျေးရွာရှိ အဓိကဓားထုတ်လုပ်

နေသူများဖြစ်ကြသော အသက် (၇၀) အရွယ်ရှိ ဦးကျော်ညွန့်၊ အသက် (၇၄)နှစ်အရွယ်ရှိ ဦးတင်ရွှေ တစ်မိသားစုလုံး ဇဝါစိတ်၊ ပန်းရိုက်လုပ်ကိုင်ကြသော ဦးကျော်မြင့်တို့ကိုလည်းကောင်း၊ ပန်းရိုက်၊ ကိုက်ထိုး၊ ဓားရိုး၊ ဓားအိမ်ပြုလုပ်သော ဦးဝင်းမောင်၊ မင်းလမ်းမြောက်ကျေးရွာမှ ဦးသိန်းလွင်မိသားစု၊ မင်းလမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့ကိုလည်းကောင်း၊ မင်းလမ်းကျေးရွာ ပန်းပဲဖိုများမှ ဖိုထိုင်၊ တူမရိုက်၊ ဖိုထိုး၊ ကိုက်ထိုး၊ ဇဝါစိတ်၊ ပန်းရိုက်၊ ဇဝါရိုက်၊ ပွတ်တိုက်၊ အခွေးလုပ်၊ ဓားအိမ်ပြုလုပ်သူများအပါအဝင် လက်လှမ်းမီသမျှ ကျေးရွာသူ ကျေးရွာသားများကိုလည်းကောင်း တွေ့ဆုံမေးမြန်း မှတ်တမ်းပြုစုခဲ့သည်။

တွေ့ဆုံမေးမြန်းသူများအနက် မင်းလမ်းရွာတွင် ဓားပြုလုပ်ရာ၌ အထင်ရှားဆုံးဖြစ်သော ဦးကျော်ညွန့်နှင့် ဦးတင်ရွှေတို့၏ ပြောကြားချက်များကို ဖော်ပြလိုပါသည်။

ဦးကျော်ညွန့်က မင်းလမ်းရွာဟု အမည်တွင်လာပုံနှင့် ပတ်သက်ပြီး ရှင်းပြသည်မှာ

"မင်းလမ်းဆိုတာ ရှေးတုန်းက ဟိုဘက်မှာ ဝတီးမြို့ရှိတယ်။ အခုတော့ မြို့ဟောင်းပေါ့။ နောက် ရမည်းသင်းမြို့။ ဘဒ္ဒမြို့မဆိုတာလည်း မြို့ဟောင်းပဲ။ နောက် ရနောင်မြို့ရှိတယ်။ ရှေးတုန်းကတည်းက ပျော်ဘွယ်မြို့ ကြီးအိုင်ဒိုင်ဆိုတာ အခုကြီးအိုင်ရပ်ကွက်ပေါ့။ မင်းလမ်းက ကြီးအိုင်ဒိုင်ထဲမှာပါတယ်။ အဲဒီတုန်းကတည်းက ဒီအနီးအနားတစ်ဝိုက် မြို့တွေကို မင်းညီမင်းသားတွေ ဖြတ်သွားဖြတ်လာလုပ်တဲ့ရွာ၊ မင်းညီမင်းသားတွေသွားတဲ့လမ်းကရွာ၊ ဒါကြောင့် မင်းလမ်းရွာလို့ ခေါ်ကြတာ။



မင်းလမ်းကျေးရွာမှ ပန်းပဲပညာရှင် ဦးကျော်ညွန့်

ဒါ ကျွန်တော်တို့ငယ်ငယ်ကတည်းက ကျွန်တော်တို့အဘတွေ ပြောပြခဲ့တာပေါ့နော်။ တချို့ကလည်း ညောင်ရမ်းမင်းတို့ဖြတ်လို့ မင်းလမ်း ခေါ်တယ်လို့ ပြောကြတာလည်းရှိတယ်။ ပြီးတော့ အချို့စာတွေမှာ မင်းတန်းဆိုပြီး ရေးတာတွေ့ဖူးတယ်။ ရွာအမည် အမှန်က မင်းလမ်းဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

ဦးကျော်ညွန့်စကားနှင့် ဆက်စပ်လေ့လာရာ၌

မဟာရာဇဝင်တော်ကြီး ဒုတိယတွဲတွင်

'သက္ကရာဇ် ၇၁၁ ခုနှစ်တွင် သားတော် သီဟသူကို စစ်ကိုင်းကိုပေး၍ မင်းသမီးယာကို ဝတီးမြို့ကို ပေးတော်မူသည်' ဟုလည်းကောင်း၊

ဟံသာဝတီမင်းအကြောင်း ရေးသားထားရာ၌

'မင်းခေါင်ကြီး ဘထွေးတော် ပုဂံစား သခ်ယာနှင့် ဝတီး ကတော် စောမင်းပုသမီးတို့ သင့်မြတ်ရာတွင် မြင်သည့်သား မင်းရဲကျော်စွာခံ စောရွှေခက် ' ဟူ၍လည်းကောင်း ဝတီး ဟူသည့် အသုံးကို တွေ့ရသည်။

တစ်ဖန် ၁၉၃၉ ခုနှစ်ထုတ် ဘားမားဂေဇက်တီးယား ရမည်းသင်းဒီစတြိတ်တွင်

'ငါးထပ်ကြီး ဒါယကာမင်း (၁၆၄၆-၁၆၆၁)၏ . . . ချက် ကြောင့် မင်းသစ္စာသည် ရမည်းသင်း၊ ဝတီး၊ ယင်းတော်နှင့် လှိုင်းတက်တို့ကို သိမ်းယူလေသည်။ ထို့နောက် နှစ်ပေါင်း ၁၀၀ ကျော်မျှ ငြိမ်သက်လျက်ရှိပြန်၏' ဟူ၍လည်းကောင်း၊ 'ပဒုံမြို့စားကြီး (ဘိုးတော်ဘုရား)သည် သားတော် တောင်ငူစားနှင့် သမီးတော် ရမည်းသင်းစားတို့ နယ်မြေအကျယ်အဝန်းကို ပြန်လည် သတ်မှတ်ပေးရန်အတွက် တိုင်းခန်းလှည့်လည်လာရင်း၊ ညောင်ရမ်း၊ ဝတီး၊ ဘဒ္ဒ၊ မြို့လှ၊ အင်ပင်တို့၌ ဘုရားများ တည်ထား ခဲ့သည်' ဟူ၍လည်းကောင်း၊

'ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ် (အေဒီ ၁၇၈၃) တွင် ရွှေတိုက်စာရင်း ပြုစုလေသည်။ ရမည်းသင်း

ခရိုင်၌ပါရှိပြီး အရေးပါသည့်ကျေးရွာကြီးများမှာ ညောင်ကိုင်း၊ ဝတီး၊ ဘဒ္ဒ၊ မြို့လှနှင့် ပေါက်ကိုင်းတို့ဖြစ်သည် ' ဟူ၍ လေ့လာတွေ့ရှိရသည်။

ယင်းအထောက်အထားများနှင့် ဆက်စပ်လေ့လာမည်ဆိုပါက ရှေးကစည်ပင်ခဲ့သော ဝတီး၊ ဘဒ္ဒ စသည်တို့သည် မင်းများလာရောက်သောလမ်းတွင်ရှိသောကြောင့် မင်းလမ်းဟု ခေါ်သည်ဟူသော ယူဆချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

မင်းလမ်းရွာတွင် အစဉ်အဆက် ဓားလုပ်ခဲ့ကြခြင်းနှင့်ပတ်သက်၍လည်း

"ကျွန်တော်တို့ ကလေးအရွယ်တုန်းက ကျွန်တော်တို့ဘကြီးက အသက်ရှစ်ဆယ်ရှိပြီ၊ သူတို့လည်း ဘယ်တုန်းကတည်းက မင်းလမ်းမှာ ဓားစလုပ်တယ်ဆိုတာကို မသိကြဘူး၊ ဟိုးအရင်ကတည်းက ရှိနေတာ၊ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဓားလုပ်နေကြတာ၊ ဒါပေမဲ့ တစ်ရွာလုံးတော့ မဟုတ်ဘူး" ဟု ရှင်းပြခဲ့သည်။

မင်းလမ်းရွာမှ အစဉ်အဆက် ထင်ရှားခဲ့သော ပန်းပဲဆရာကြီးများအကြောင်းကို မေးမြန်းကြည့်သောအခါ

"ကျွန်တော်သိမီလိုက်တဲ့ ထင်ရှားတဲ့ ပန်းပဲဆရာကြီးကတော့ ကျွန်တော့်ဘကြီးလည်းဖြစ်တဲ့ ဦးစိန်ပေါ်၊ ဘကြီးမောင်စိန်လို့ ခေါ်ကြတယ်၊ အဲဒီတုန်းက ဓားကို ငွေနဲ့လုပ်တာ၊ သူ့ငွေပန်းထိမ်က တော်တော်လက်ရာမြောက်တယ်၊ ကျွန်တော့် အမေက ဓားရွက်မှာ အရုပ်ရိုက်တယ်၊ ပန်းတွေရိုက်တယ်၊ အဲဒီတုန်းက ဇဝ်ရိုက်တာမှာ ထင်ရှားတာက ဦးသိန်းတဲ့၊ နောက်ပြီး ဦးညီပုဆိုတာ ရှိသေးတယ်၊ သူက ဓားအိမ်လုပ်တာ လက်ရာ သိပ်ကောင်းတယ်၊ နောက်တော့

ငွေပန်းထိမ်ဖြစ်သွားတယ်၊ လက်ရာကောင်းလွန်းလို့ ပျော်ဘွယ်ကို ပြောင်းသွားပြီး ငွေပန်းထိမ် သွားလုပ်တယ်၊ ကျွန်တော့်ဘကြီးက လက်ရာသိပ်ကောင်းတယ်၊ နယားခေါင်းလက်ကောက်တွေ၊ ဒေါင်းခွက်ခေါ်တာပေါ့၊ ဒေါင်းဘယက်တွေလုပ်တာ သိပ်လက်ရာ မြောက်တယ်၊ ပျော်ဘွယ်က ဦးဖိုးသာတို့စတဲ့ ပန်းထိမ်တွေကနေ ခေါ်ခေါ်လုပ်ခိုင်းရတယ်၊ အခု ကျွန်တော်လုပ်ထားတဲ့ ဖောင်းကြွ ဓားအိမ်ဆို ခုနစ်ထွေကို သရုပ်ဖော်ထားတာ၊ အဲဒါ ကျွန်တော့် ဘကြီးရဲ့လက်ရာပဲ၊ သူ့လက်ရာကို တုပြီး ထုထားတာပေါ့" ဟု ပြောပြသည်။

လက်ရှိမင်းလမ်းရွာတွင် ပန်းပဲပညာရှင် မည်မျှရှိသေးသည်ကို မေးမြန်းကြည့်သောအခါတွင်မူ ပြောင်းလဲလာသော ခေတ် ရေစီးကြောင်း အခြေအနေအရ အလွန်နည်းပါးသွားပြီဟု ရှင်းပြခဲ့သည်။ လက်ရှိအခြေအနေတွင် မင်းလမ်းကျေးရွာ၌ ပန်းပဲပညာရှင်ဟု ဆိုနိုင်သူမှာ ဦးကျော်ညွန့်နှင့် ဦးတင်ရွှေ နှစ်ယောက်သာ ကျန်တော့သည်။ ယင်းနှင့်ပတ်သက်၍လည်း ပန်းပဲပညာရှင်ကြီး ဦးကျော်ညွန့်က အောက်ပါအတိုင်း ရှင်းပြ ထားသည်။

"ကျွန်တော်တို့တုန်းက ပန်းပဲလုပ်တယ်ဆိုတာ ဖိုဆွဲ၊ တူထု တာကစပြီး ပညာသင်ရတာပေါ့၊ အဲဒီကမှတစ်ဆင့် တူမရိုက်၊ အခွေးလုပ်၊ ဖိုထိုင်၊ ဓားလောင်း၊ ကိုက်ထိုး၊ တံစဉ်းတိုက်၊ ပန်းရိုက်၊ ဇဝါစိတ်၊ ဇဝါရိုက်၊ ဖောင်းထု အကုန်လုံးတတ်အောင် လုပ်ခဲ့တာ၊ ကျွန်တော်ဆို ဘုန်းကြီးကျောင်းကထွက်ပြီး စာသင်ကျောင်းတောင် မနေခဲ့ရဘူး၊ ဝါသနာကလည်းပါ၊ မျိုးရိုးဗီဇကလည်းပါတာကိုး ဗျ၊

အရင်တုန်းက ဓားလုပ်တယ်ဆို သံကောင်းမှ၊ လေးသံ၊ ဆတ်ကျိုး၊ ရထားသံလမ်းပခုံး အဲဒါမျိုးတွေလုပ်တာ၊ ပန်းပဲပညာရှင်ဆိုတာ ဒီဓားတစ်ချောင်းကို အစကနေအဆုံး ကိုယ်တိုင်ကိုယ်ကျလုပ်နိုင်မှ ခေါ်တာကိုး၊ အခုကတော့ အခွေးလုပ်တဲ့သူက အခွေးပဲ လုပ်တော့တယ်၊ ကိုက်ထိုး၊ တံစဉ်းတိုက်က တစ်ယောက်၊ ဇဝါစိတ်တာ တစ်ယောက်၊ အဲဒီလိုဖြစ်ကုန်ကြတော့ ပညာမစုံကြတော့ဘူး၊ ပညာကွဲသွားတယ်၊ ပညာပိုင်းက လျော့သွားတယ်၊ အဲဒီတော့ ပန်းပဲပညာကို အကုန်တတ်တယ်ဆိုတဲ့ ပညာရှင်က မရှိတော့ တာလေ"


ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းကို မေးမြန်းကြည့်သော အခါတွင်

"အဓိကကတော့ ပညာရှင်နဲ့ စီးပွားရေးသမား ကွာသွား တာပေါ့၊ ကျွန်တော်တို့က လက်ရာကောင်းဖို့၊ အရည်အသွေး ကောင်းဖို့ ဦးစားပေးတယ်၊ ကိုယ့်လက်ရာဆိုရင် ကောင်းနေရမယ်၊ စီးပွားရေးသမားက ပစ္စည်းများများထွက်ဖို့၊ အဲဒီနှစ်ခုယှဉ်တဲ့အခါ ကိုယ်ကပညာရှင်ဆိုတော့ အလျှော့မပေးချင်ဘူးလေ၊ ခုနက ပြောတဲ့ သံကိုပဲကြည့်၊ ကျွန်တော်တို့က ဓားဆိုရင် သံကောင်းကောင်းနဲ့ လုပ်ချင်တယ်၊ ကိုယ်တွေကိုယ်တိုင်လည်း လုပ်လာခဲ့တာ၊ အရင်တုန်းက ရထားသံလမ်းပခုံးကို နှစ်ယောက်တည်းထုတာ၊ အခုအဲဒီလိုလုပ်ရင် ဓားတစ်ချောင်းကို ငါးရက်လောက်ကြာလိမ့်မယ်၊ စီးပွားရေးသမားက ရတဲ့သံကို ထုခိုင်းတာ၊ ဥပမာ ဖလက်ပြားလို စိတ်ပြီးသားကို ထုခိုင်းတယ်၊ အဲဒီလိုသံမျိုးကို သုံးယောက်ထုတယ်၊

တစ်နေ့ကို ဆယ်ချောင်းလောက်ပြီးတယ်၊ ထုတဲ့လူက ထုပြီးတာနဲ့ ပြီးပြီ၊ တံစဉ်းတိုက်၊ ကိုက်ထိုးမယ့်သူကိုပေးလိုက်၊ သူကလည်း ပြီးတာနဲ့ ဇဝါစိတ်တဲ့သူပေးလိုက်၊ ပြီးရင် ဇဝါရိုက်တဲ့သူက ဇဝါရိုက်၊ အဲဒီအချိန်မှာပဲ အရိုးလုပ်တဲ့သူက သတ်သတ်၊ အခွေးလုပ်တာ သတ်သတ်၊ ပန်းရိုက်၊ ဖောင်းထုတာ သတ်သတ်စီပဲ၊ အဲဒီတော့ ကျွန်တော်တို့ ဓားတစ်ထုပ်လောက် ဆိုင်ကိုပို့နိုင်ချိန်မှာ သူတို့က ဆယ်ထုပ်ပို့ပြီးပြီ၊ အကြွေးထားနိုင်တယ်၊ ကိုယ်က ပစ္စည်းကောင်းဖို့ လုပ်နေချိန်မှာ သူတို့က ဈေးသက်သာဖို့လုပ်နေတာ၊ ဘယ်လိုမှ ယှဉ်ရောင်းလို့မရတော့ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့က ပညာမာန ရှိတယ်၊ အဲဒါမျိုးတော့ မလုပ်ဘူး၊ ကိုယ့်ဟာကိုယ် အရည်အသွေး ကောင်းတာလုပ်တယ်၊ အရည်အသွေးကောင်းတာ လိုချင်တဲ့သူရှိမှ ရောင်းတော့တယ်" ဟု ရှင်းပြခဲ့သည်။

ဂုဏ်ထူးဆောင်ဓားများ၊ စစ်ရေးပြဓားများ စတင် လုပ်ခဲ့သည့်အချိန်ကို မေးမြန်းရာတွင်

"ဒီဓားတွေ စလုပ်ဖြစ်တာက ၁၉၈၁ ခုနှစ်ပေါ့၊ အဲဒီတုန်းက လမ်းစဉ်ပါတီခေတ်၊ တစ်နေ့မှာ အိမ်ကို ကကကျွင့် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ဝင်းဆိုတာ ရောက်လာတယ်၊ ဗိုလ်မှူး သီဟသူရ သိန်းထွန်းတင်လည်းပါတယ်၊ သူကပြောပြတယ်၊ နိုင်ငံ့အကြီးအကဲက ပြောတယ်၊ တပ်မတော်နေ့အတွက် သုံးနေတဲ့ စစ်ရေးပြ ဂုဏ်ပြုဓားတွေ နိုင်ငံခြားကို မှာရတာ နိုင်ငံတော်ရဲ့ နိုင်ငံခြားငွေတွေ ဆုံးရှုံးတယ်၊ တို့မြန်မာပန်းပဲတွေလည်း လုပ်နိုင်မှာပဲ၊ မြန်မာ ပန်းပဲမှာပဲ အပ်ရအောင် ဆိုတာနဲ့ သူက ရောက်လာတာကိုး။ အဲဒါနဲ့ ကျွန်တော်က စမ်းလုပ်ပေးတယ်၊ ရန်ကုန်စစ်ရုံးချုပ်ကို



ပန်းပဲပညာရှင် ဦးကျော်ညွန့်၏လက်ရာဖြစ်သော ငွေဓားနှင့် တပ်မတော်သုံး ဝှက်ပြူးဓား

ငါးကြိမ်လောက် သွားရတယ်၊ တစ်ခါ မကြိုက်သေးဘူး၊ နောက်တစ်ခါ ပြင်ဦးနဲ့ နောက်ဆုံး ကက ကြည်း၊ ကက ကျင့်၊ ကက နက်၊ ကက လျှပ်၊ ကက ဝန် ငါးဌာနအစည်းအဝေးမှာ ကျွန်တော့်ဓားကို လက်ခံလိုက်တာပေါ့နော်၊ အဲဒါ ငါးခေါက်မြောက်မှာပေါ့၊ အဲဒီနှစ်က ကျွန်တော် စစ်ရုံးချုပ်အတွက် အလက် ၂၀၀ လောက် လုပ်ပေးလိုက်ရတယ်၊ တပ်မတော်နေ့မှာ အသုံးပြုဖို့ပေါ့၊ အဲဒီကစပြီး ပထမ စစ်ရုံးချုပ်အတွက် လုပ်ပေးရတာကနေ နောက် စစ်တိုင်းကြီးတွေ၊ တပ်မတွေအတွက်ပါ လုပ်ပေးခဲ့ရတယ်၊ မှတ်မိသလောက်ဆို ကျွန်တော် စစ်ရေးပြဝှက်ပြူးဓား သုံးထောင်ကျော် လေးထောင် လုပ်ခဲ့ရတယ်၊ အရင် ဓားအင်အားနည်းတုန်းကတော့ တစ်နှစ်ကို ၂၀၀ လောက်ပဲ လုပ်ရတယ်၊ နောက်ပိုင်းမှာတော့ ပြည့်လည်း ပြည့်စုံသွားပြီဆိုတော့ တစ်နှစ်ကို ၅၀ လောက်လုပ်ရတယ်၊ အခုတော့ ၁၀ လပိုင်းလောက်ဆို အဟောင်းတွေ ပြင်ဖို့ပြန်ပို့တာ ရှိတယ်၊ ဆေးသုတ်၊ နီကယ်ပြန်တင်ပေါ့၊ တစ်နှစ်ကို အလက် ၃၀၀ ကျော်လောက်ရှိမယ်၊ အကျိုးအပဲ့တွေလည်း ပြန်မွမ်းမံပေါ့နော်" ဟု စိတ်ရှည်လက်ရှည် ပြန်ပြောပြပေးခဲ့သည်။

မင်းလမ်းရွာမှ ပန်းပဲဆရာကြီး ဦးကျော်ညွန့်သည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ရှေ့ရှိ ဗိုလ်လောင်းရုပ်တု၏ ဓားကိုလည်း ရုပ်တုပြုလုပ်သူ တမ္ဘဝတီ ဦးဝင်းမောင်၏ အပ်နှံမှုဖြင့် ပြုလုပ်ပေးခဲ့ရကြောင်း သိရသည်။ ထို့ပြင် စစ်တက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)၊ ဝက်ထီးကန် ရဲသင်တန်းကျောင်းစသည်တို့၏ ကျောင်းဆင်းပွဲများတွင် ချီးမြှင့်သော အကောင်းဆုံးဆုဓားများကိုလည်း ပြုလုပ်ပေးရကြောင်း သိရှိရပါသည်။




စစ်ရေးပြ ဂုဏ်ပြုဓားများ

အခြားအမှတ်ရစရာ လုပ်ဆောင်မှုအနေဖြင့် "တစ်နေ့မှာ လူကြီးတစ်ယောက်ရောက်လာတယ်၊ ဓားကြီးကိုင်ပြီး ပျော်ဘွယ်မြို့ထဲမှာ ဓားဘယ်မှာလုပ်သလဲဆိုပြီးရှာတာ၊ မင်းလမ်းက လုပ်တယ်ဆိုတာနဲ့ ကျွန်တော့်ဆီရောက်လာတယ်၊ နောက်မှ ဦးအောင်သောင်းမှန်းသိတယ်၊ သူပြင်ခိုင်းတဲ့ ဓားတစ်လက်က ငွေဓားအစစ်၊ ဆင်စွယ်ရိုးနဲ့၊ နောက်က အခွေး မရှိတော့ဘူး၊

ဓားအကြောင်းမေးကြည့်တော့ ရွှေဘို ဝက်လက် သူကြီးကို အင်္ဂလိပ်အစိုးရက ဆုပေးထားတဲ့ဓားပေါ့၊ အဲဒီလို ဓားမျိုးတွေ ပြင်ပေးရတာလည်း ကြုံဖူးတယ်" ဟု ပြောပြခဲ့သည်။

ဓားများ၏ တန်ဖိုးကို လေ့လာကြည့်သောအခါ ရုပ်စုံပန်းရိုက် ဓားအိမ်နှင့် ဇဝါရိုက်ဓား တစ်လက်လျှင် ကျပ်တစ်သိန်းခန့်ရှိပြီး စစ်ရေးပြဂုဏ်ပြုဓားတစ်လက်လျှင် ကျပ်ရှစ်သောင်းခန့်ရှိကြောင်း သိရသည်။



စစ်တက္ကသိုလ်ရှေ့မှ ဗိုလ်လောင်းရုပ်တုနှင့် ပန်းပဲဆရာကြီး ဦးကျော်ညွန့်ပြုလုပ်ပေးခဲ့သောဓား

အသက် ၇၄ နှစ်ရှိ ပန်းပဲဆရာကြီး ဦးတင်ရွှေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကိုလည်း တင်ပြလိုပါသည်။

ပန်းပဲဆရာကြီး ဦးတင်ရွှေသည် မားလုပ်ငန်းကို အသက် ငါးနှစ်၊ ခြောက်နှစ်သားခန့်ကတည်းက စတင်လုပ်ကိုင်ခဲ့သည်။ မင်းလမ်းရွာက နာမည်ကြီးပန်းပဲဆရာကြီး ဦးဖြိုးသည် သူ၏ အဘိုးဖြစ်သည်။ ဦးတင်ရွှေတို့ငယ်စဉ်က နာမည်ကြီးသော ပန်းပဲဆရာကြီးများမှာ ဦးညီပု၊ ဦးလှစိန်၊ ဦးဖြိုးတို့ဖြစ်သည်။ ထိုအချိန်က အင်္ဂလိပ်အစိုးရက ချီးမြှင့်သည့် ဆုတံဆိပ်များကို



မင်းလမ်းကျေးရွာမှ ပန်းပဲပညာရှင် ဦးတင်ရွှေ

အဆိုပါဆရာကြီးများ ပြုလုပ်သည်ကို လေ့လာခဲ့ရကြောင်း၊ ထို့ကြောင့်လည်း လက်ရာမြောက်သည့် အတတ်ပညာများကို မြင်ဆရာ၊ သင်ဆရာအနေဖြင့် ဆည်းပူးခဲ့ရကြောင်းလည်း သိရသည်။ ၁၉၈၀ ပြည့်နှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနက ဗိုလ်မှူးကြီးစန်းလွင်၏ ဆယ်သွယ်ပေးမှုဖြင့် ကကကျင့်မှ ဗိုလ်မှူးကြီးအောင်ဝင်းထံသို့ သွားရောက်တွေ့ဆုံခဲ့ရကြောင်း၊ ပထမဆုံး ဦးဝိစာရလမ်းရှိ စစ်ရုံးတွင်ဖြစ်ကြောင်း၊ ထိုစဉ်က အကြီးအကဲဖြစ်သူ ဦးနေဝင်းက မြန်မာပန်းပဲများလည်း ဓားကို ကောင်းစွာ ပြုလုပ်နိုင်ကြောင်း၊ မြန်မာပန်းပဲများတွင် ပြုလုပ်ခြင်းဖြင့် နိုင်ငံခြားငွေအကုန်အကျ သက်သာသည်သာမက မြန်မာမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း’ လမ်းညွှန်ခဲ့သဖြင့် မြန်မာပန်းပဲဆရာကြီးများကို ရှာဖွေတွေ့ဆုံခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီးအောင်ဝင်းက ပြောခဲ့သည်ဟု ဆိုပါသည်။ ထို့ကြောင့် နမူနာပေးလိုက်သည့် အင်္ဂလန်လုပ် ဓားတစ်ချောင်းကိုယူကာ နမူနာပြုလုပ်ပေးခဲ့သည်။ ထိုနမူနာဓားတွင် မူရင်းဓားကဲ့သို့ မဟုတ်တော့ဘဲ မူရင်းဓားပုံစံတွင် ဓားရွက်အလယ်ရှိ မြှောင်းကြောင်းတွင် မြန်မာမှု ငွေဇဝါရိုက်ကာ ပြုလုပ်ပေးခဲ့သည်။ ပထမဆုံး နမူနာ ၂၅ လက် လုပ်ပေးခဲ့ရသည်။ ထိုနမူနာများကို နှစ်သက်သဘောကျသဖြင့် တပ်မတော်နေ့တွင် အသုံးပြုသော စစ်ရေးပြဂုဏ်ပြုဓားများကို နှစ်စဉ်အပ်နှံခဲ့သည်ဟု သိရပါသည်။



ကိုယ်တိုင်ပြုလုပ်သော ပန်းရိုက်ဓားနှင့် ပန်းပဲဆရာကြီး ဦးတင်ရွှေ





ဓားတစ်လက်ကို ကိုယ်တိုင် အချောသပ်၊ ပန်းရိုက်နေသော ပန်းပဲဆရာကြီး ဦးတင်ရွှေ (ပေါ်၊ အောက်)

× × × × ×

## ပန်းပဲပညာရှင်

မင်းလမ်းကျေးရွာမှ ပန်းပဲပညာရှင်ကြီးများဖြစ်သော ဦးကျော်ညွန့်နှင့် ဦးတင်ရွှေတို့ ပြောကြားသည့်အတိုင်းပင် ဓားကောင်းတစ်လက်ထွက်ရန် အဓိကလိုအပ်သည်မှာ ပန်းပဲပညာရှင်ပင် ဖြစ်သည်။ ဆောင်ဓားဖြစ်စေ၊ လုပ်ငန်းသုံး ဓားဖြစ်စေ၊ ဂုဏ်ထူးဆောင်ဓားဖြစ်စေ ဓားဟူသည်နှင့် ဓား၏ အဓိက အရည်အသွေးဖြစ်သော ခုတ်ဖြတ်နိုင်စွမ်း မြင့်မားရန် လိုအပ်သည်။ ထို့ပြင် ဓား၏ပုံပန်းသဏ္ဌာန်ကျနမှုသည်လည်း များစွာ အရေးပါသည်။ ထိုအချက်နှစ်ချက်ကို ပြည့်စုံရန်မှာ ပန်းပဲပညာရှင်၏ ပညာ၊ သမ္မာ၊ စေတနာတို့အပေါ်တွင် များစွာ မူတည်သည်။

ပန်းပဲပညာရှင်တို့၏ဆိုစကားအရ ပန်းပဲပညာရှင် တစ်ယောက်သည် သံ၊ မီးနှင့် ရေကို နိုင်ရမည်ဟု ပြောစမှတ် ပြုကြသည်။ သံဆိုသည်မှာ သံအမျိုးအစားကို နားလည်ခြင်း၊ မိမိထုတ်လုပ်မည့် ပန်းပဲထွက်ပစ္စည်းအတွက် လိုအပ်သော

သံအမျိုးအစားကို ရွေးချယ်တတ်ခြင်း၊ မိမိပြုလုပ်မည့်ပစ္စည်း အတွက် ထုံးမိစံကိုက်သော အရွယ်အစားနှင့် ပုံသဏ္ဌာန်ရရှိအောင် ကြိုတင်စီမံနိုင်ခြင်းတို့ဖြစ်သည်။ ဆိုလိုသည်မှာ ဥပမာအားဖြင့် ငှက်ကြီးတောင်ဓားတစ်ချောင်း၏ သာမန်ပြုလုပ်လေ့ရှိသော အလေးချိန်သည် သုံးဆယ့်ငါးကျပ်သားခန့်ရှိသည်။ ငှက်ကြီးတောင် ဓားတစ်ချောင်းအတွက် သံဖြတ်မည်ဆိုလျှင် သံအမျိုးအစားကို လိုက်၍ လေးဆယ်ကျပ်သား သို့မဟုတ် ငါးဆယ်ကျပ်သားခန့် ဖြတ် ရမည်။ ပန်းပဲဆရာ၏ သံကို ကြိုတင်စီမံခြင်း (သံဖြတ်ခြင်း) ကျွမ်းကျင်မှုသာလျှင် မိမိအလိုရှိသော ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် အလေးချိန်တို့ဖြင့် ကိုက်ညီသည့်ပစ္စည်းကို ရရှိမည်။



သင့်လျော်သောအရွယ်အစားအတွက် သံဖြတ်ရန်စီစဉ်နေစဉ်

ထို့အတူ ပန်းပဲဆရာသည် သံ၏ အပျော့အမာ၊ မီးခံနိုင်သော အရည်အသွေး စသည်တို့ကို ချင့်ချိန်ဆုံးဖြတ်ကာ သင့်လျော်သော မီးဖြင့် အပူပေးရသည်။ ဤနေရာတွင် ပန်းပဲပညာရှင်၏ မီးပေး ကျွမ်းကျင်မှုသည် များစွာအရေးပါသည်။ မီးပေးရာတွင် အသုံးပြုသော မီးသွေး၏အရည်အသွေး၊ မိမိဖို၏ မီးရှိန်ကောင်း မကောင်း၊ မီး၏အရောင် စသည်တို့ကို လိုအပ်သည့်အချိန်တွင် လိုအပ်သလိုပေးနိုင်မှ ဓားကောင်းတစ်လက်ကို ရရှိမည်။ ဓားပြုလုပ် ခြင်းသည် သာမန်အားဖြင့် သံကို နီရဲအောင် မီးဖုတ်၍ ပျော့နေချိန်၌ တူနှင့်ရိုက်ကာ ပုံဖော်ပြုလုပ်ခြင်းဟု နားလည်ကြပါလိမ့်မည်။ သို့သော် သံတေချိန်တွင် ပေးသောမီး၊ ပုံလောင်းချိန်တွင် ပေးသောမီး၊ ဓားရိုက်ချိန်တွင် ပေးသောမီး၊ အမင်းထုတ်ချိန်တွင်



**မီးအနေအထားကို သုံးသပ်နေသော ပန်းပဲဆရာကြီး**

ပေးသောမီး၊ ဆေးသားတင်ချိန်တွင် ပေးသော မီးတို့မှာ တစ်ခုနှင့်တစ်ခု မတူညီပါ။ ထိုသို့ မတူညီကွဲပြားသော မီးအနေအထားကို ပန်းပဲပညာရှင်၏ ကျွမ်းကျင်မှုဖြင့် ခွဲခြားချင့်ချိန် စီမံဆုံးဖြတ် ဆောင်ရွက်ကြရခြင်းဖြစ်သည်။

ရှေးက ပန်းပဲပညာရှင်ကြီးများ သုံးစွဲခဲ့သော မီးအနေအထားကို ယခုခေတ် အပူချိန်များဖြင့် နှိုင်းယှဉ်ကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိနိုင်သည်-

| အသုံးပြုသောမီး | အပူချိန်ဒီဂရီ (ဖာရင်ဟိုက်) |
|---|---|
| ဖွဲသုံးဆုပ်မီး | ၂၅၀ မှ ၃၀၀ ခန့်အထိ |
| ဖွဲသုံးဆုပ်အထက်မှ တစ်ပြည်အထိမီး | ၃၀၀ မှ ၄၀၀ ခန့်အထိ |
| ဖွဲတစ်ပြည်မှ တစ်တင်းအထိမီး | ၃၅၀ မှ ၅၀၀ ခန့်အထိ |
| ဖယောင်းတိုင်အသေးမီး | ၃၅၀ မှ ၄၅၀ ခန့်အထိ |
| ရေနံဆီမီး | ၄၀၀ မှ ၆၀၀ ခန့်အထိ |
| ပန်းထိမ်လေဖိုမီး | ၈၀၀ မှ ၁၀၀၀ ခန့်အထိ |
| ပန်းပဲသုံးဖားဖိုမီး | ၁၅၀၀ မှ ၂၃၀၀ ခန့်အထိ |

ကျွမ်းကျင်သောပန်းပဲပညာရှင်သည် မီးညွန့်၏အရောင်ကို ကြည့်ကာ မီးအပူချိန်ကို မှန်းဆ သုံးသပ်နိုင်သည်။ ထို့အတူ မီးပေးထားသော သံထည်ကို ကြည့်ခြင်းဖြင့်လည်း မီးအပူချိန်ကို မှန်းဆတတ်ရသည်။

ထို့အတူ ရေဟုဆိုသော ဓားသွားကို အမာတင်ခြင်းကိုလည်း ကျွမ်းကျင်ရသည်။ အသုံးပြုမည့် အခြေအနေပေါ် မူတည်၍ လည်းကောင်း၊ အရွယ်အစားကိုလိုက်၍လည်းကောင်း မီးဆေး တတ်ရသည်။ ထို့အပြင် မိမိအသုံးပြုသော သံ၏အရည်အသွေး၊ ပေးခဲ့သော မီး၏အပူချိန်တို့ကိုလည်း မှန်းဆကာ ဆုံးဖြတ် တတ်ရသည်။ သို့မှသာလျှင် မိမိလက်ကထွက်သော ပစ္စည်း၏ အရည်အသွေး မြင့်မားမည်။

ထူးခြားချက်မှာ မင်းလမ်းကျေးရွာသည် ပျော်ဘွယ်မြို့နှင့် တစ်ခေါ်လောက်သာ ဝေးသည်။ ပျော်ဘွယ်မြို့နှင့် ကပ်လျက် တည်ရှိသော ကျေးရွာအုပ်စုလည်း ဖြစ်သည်။ သို့စေကာမူ မင်းလမ်းတွင် လျှပ်စစ်မီး မရရှိပါ။ ထို့ကြောင့် မင်းလမ်းကျေးရွာမှ ပန်းပဲလုပ်ငန်း လုပ်ကိုင်ကြသူများသည် ပန်းပဲလုပ်ငန်းစဉ်အားလုံးကို လက်ဖြင့်သာ ပြုလုပ်ကြသည်ကို တွေ့ရှိရသည်။ လျှပ်စစ်မီးသာ ရရှိမည်ဆိုပါလျှင် သံဖြတ်ခြင်း၊ တိုက်စားခြင်း၊ အချောကိုင်ခြင်း၊ အလှဆင်ခြင်း လုပ်ငန်းများတွင် ခေတ်မီစက်ပစ္စည်းကိရိယာများ ဖြင့် အစားထိုး သုံးစွဲနိုင်မည် ဖြစ်သည်။ လျှပ်စစ်မီးမရရှိသေးခြင်း ကပင် မင်းလမ်းကျေးရွာမှ ပန်းပဲပညာရှင်များက ရှေးရိုးစဉ်လာ မပျက် လက်မှုထည် (Handmade) အဖြစ် ထုတ်လုပ်နေနိုင်ခြင်း ပေလောဟု တွေးဆမိပါသည်။

× × × × ×

## သံရွေးချယ်ခြင်း

မင်းလမ်းကျေးရွာတွင် ပြုလုပ်သောဓားများသည် လုပ်ငန်းသုံးဓားများရှိသော်လည်း ဂုဏ်ထူးဆောင်ဓားများနှင့် အလှထားသောဓားများကသာ ပိုရှိများသည်ဟု ဆိုနိုင်သည်။ ပန်းပဲဆရာကြီးများ ဆိုခဲ့သကဲ့သို့ ရှေးယခင်က ဓားပြုလုပ်ရာတွင် ကောင်းမေ့၊ ညွှန့်မေ့၊ မာမေ့ဟူသော သံများကို ရွေးချယ်ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် ကားလေးသံများ၊ ရထားသံလမ်းများကို ပြုလုပ်ခဲ့ကြသည်။ ရှေးပန်းပဲဆရာများ၏ အယူအဆများအရ ဓားကောင်းတစ်လက် ပြုလုပ်ရန်အတွက် သံကောင်းလိုအပ်သည်ဟု ယူဆကြသည်။

ထို့ကြောင့်လည်း သံပျော့၍ ကြွပ်ဆတ်သော သွန်းသံများကို ပြုလုပ်လေ့မရှိပေ။ ပန်းပဲအခေါ် ရွှေသံ၊ မြသံဟူသော သံကောင်းများဖြင့်သာ ပြုလုပ်လေ့ရှိသည်။ ယနေ့တွင်မူ မိမိတို့ ပြုလုပ်သောဓားများသည် အလှထားရန်သက်သက်သာဟု ခံယူလာကြပြီးနောက် သံကောင်းထက် သံညံ့ကိုသာ အသုံးပြုကြ

တော့သည်။ ယနေ့အသုံးပြုနေသော သံများမှာ များသောအားဖြင့် ဈေးကွက်တွင် အလွယ်တကူရရှိသော ဖလက်ပြားဟု ခေါ်သည့် သွန်းသံများကိုသာ အသုံးပြုနေရပေတော့သည်။ သံဟောင်းများ ဖြစ်သော ကားဖရိန်များ၊ ဘွိုင်လာအဟောင်းများကိုပင် ဖြတ်ရ စိတ်ရသည်မှာ အချိန်ပေးရသဖြင့် အသုံးနည်းသွားသည်ဟု ဆိုသည်။

ရှေးအခါကမူ ဓားကောင်းတစ်လက် ရရှိရန်အတွက် သံကို အထူးတလည် ရွေးချယ်ခဲ့ကြသည်။ ဗဟုသုတအားဖြင့် ရှေးအခါက သံအမျိုးပေါင်း (၁၆၇) မျိုးရှိကြောင်း စာဟောင်းမှတ်စုများအရ သိရှိရသည်။ ယင်းတို့အနက် အင်္ဂရတ်တွင် အသုံးဝင်သော သံမှာ ခုနစ်မျိုးသာ ရှိသည်ဟု ဆိုသည်။ ရှေးမြန်မာကြီးများ သတ်မှတ်ခဲ့သည့် သံ ခုနစ်မျိုးမှာ

၁။ ကုန်းဇယ်သံ (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဓာတ်ကြီးလေးပါးစလုံး ပါဝင်နေသောကြောင့် ဝါဝါ၊ နီနီ၊ ဖြူဖြူ၊ ညိုညို၊ ပြိုးပြိုးပြက်ပြက်ရှိသည်ဟု ဆိုသည်။)

၂။ ဝါယောသံ (အာပေါ၊ ဝါယော၊ ပထဝီ ဓာတ်သုံးပါး ပါဝင်သဖြင့် ပိုးရွခြအုံကဲ့သို့ ရှိသည်။ ညိုဝါရောင်အဆင်း ရှိသည်ဟု ဆိုသည်။)

၃။ ပထဝီသံ (မြေဓာတ်နှင့် ရေဓာတ်နှစ်ပါးသာ ပါဝင်သဖြင့် ပထဝီရေသံဟုလည်း ခေါ်သည်။ အဆင်းမှာ ညိုဖြူ ဖျော့ဖျော့ ရှိသည်။)

၄။ ကေလောဟာသံ (အစိတ်အမြွှာ၊ အကွဲအကြေမရှိဘဲ အစိုင်အခဲလိုက်ရှိသည်။ အဆင်းမှာ ညိုဖြူဖြူရှိသည်၊ တစ်ခဲနက်ရှိခြင်းကြောင့် ကေလောဟာဟု ခေါ်သည်။)

၅။ အမွလောဟာသံ (ပထဝီနှင့် အာပေါဓာတ်နှစ်ပါးသာ ပါဝင်ပြီး ပိတုန်းရောင်အဆင်းရှိသည်။)

၆။ ပထဝီမုက္ခသံ (ပထဝီဓာတ် တစ်မျိုးတည်းသာပါဝင်ပြီး ငွေရောင်အဆင်းရှိသည်။ မြေတွင်ပေါက်သော သစ်ပင်ကဲ့သို့ ပေါက်လာသည်။)

၇။ သယံဇာတသံ (ရွှေ၊ ငွေရှိရာအရပ်သို့ ပြဒါးကဲ့သို့ ကျရောက်လာပြီး အာကာသသို့ မပျံနိုင်ဘဲ ဓာတ်လေးပါး ဖွဲ့စည်းခြင်းခံရသော သံဓာတ်ဖြစ်သည်။ ကာလ ကြာမြင့်မှ သံဖြစ်လာခြင်းကြောင့် အာပေါသံဟုလည်း ခေါ်ကြသည်) တို့ဖြစ်သည်။

ဓားသန်လျက် ပြုလုပ်ရာတွင် သံကောင်းကို ရွေးချယ်သည်သာမက ပိုမိုကောင်းမွန်အောင် ပြုလုပ်သည်ကိုလည်း ၁၉၇၂ ခုနှစ်၊ မေလထုတ် ငွေတာရီမဂ္ဂဇင်းတွင် သန်လျက်ဆောင်းပါးဖြင့် ထီးချိုင့်နတ်စိုးရေးသားခဲ့သည်ကို ပြန်လည်ဖော်ပြလိုပါသည်။

'မတဇသံဟူသည်ကား လူတို့သည် ကောင်းမွန်ထက်မြက်သောသံကို တံစဉ်းဖြင့် ပွတ်တိုက်၍ ထိုသံမှုန့်ကို အမဲသားနှင့် ရောနယ်ပြီး ကြိုးကြာငှက်တို့ကို ကျွေးရသည်။ ထိုသံမှုန့်ကို စားမိကုန်သော ကြိုးကြာငှက်တို့သည် ကျင်ကြီးစွန့်ခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ သေကုန်၏။ အကယ်၍ မသေသော် ထိုကြိုးကြာငှက်တို့ကို သတ်၍ ဝမ်းကိုခွဲပြီးလျှင် သံမှုန့်တို့ကို ရေဆေးယူရမည်။ ဤနည်းအတိုင်း ကြိုးကြာငှက်တို့ကို ခုနစ်ကြိမ်စားစေပြီးနောက် ရယူအပ်သောသံမှုန့်ဖြင့် သန်လျက်ကို

ပြုကုန်၏။ ထိုသန်လျက်သည် သေသောကြိုးကြာငှက်မှဖြစ်သော ကြောင့် မတဇဟု ဆိုအပ်၏။ အလွန်လည်း ထက်မြက်လေ၏ ဟု ဆိုလေသည်။ ထို မတဇသံဖြင့် ပြုလုပ်အပ်သော သန်လျက်သည် ဆင်ပေါက်၏လည်ပင်းကိုပင် ပြတ်စေနိုင်သည်'ဟု ဆိုလေသည်။

ထို့အတူ လောကီအစီအရင်များတွင် နာမည်ကြီးသော ကိုးသချိုင်းသံမားအတွက် သံရွေးချယ်စုဆောင်းပြုလုပ်ပုံကို ဖော်ပြလိုသည်။ မြင်ကွန်းအရေးတော်ပုံတွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကို ခုတ်သောမားသည် ကိုးသချိုင်းသံမား ဟု ဆိုကြသည်။

မားပြုလုပ်ရန်အတွက် သချိုင်းကိုးခုမှ ခေါင်းတလား ရိုက်သောသံများကို စုဆောင်းရသည်။ ထိုသံများကို မီးပေးကာ မားပုံရိုက်ရသည်။ ထိုသို့ ပြုလုပ်ရာတွင် ပန်းပဲဆရာသည် စနေသား ဖြစ်ရသည်။ စနေသားမဟုတ်လျှင်သော်မှ စနေနေ့တွင် ပြုလုပ်ရ သည်။ ပန်းပဲတွင် မားပုံချောအထိ ပြုလုပ်ပြီးလျှင် ဂါထာ ခုနစ်ရက် မန်းမှုတ်ရသည်။ ထို့နောက် မားကို သချိုင်းကုန်းတွင် မီးဆေး ရသည်။ မီးဆေး (ဆေးသားတင်) သည့်အခါ ပုံမှန်အတိုင်း ရေဖြင့် ဆေးသားတင်ခြင်းမပြုရဘဲ အစိမ်းသေသေသည့် လူ၏သွေးဖြင့် ဆေးရသည်။ လူသွေးများများစားစားမရလျှင် အခြားသတ္တဝါ တစ်ကောင်ကောင်ကို သတ်၍ရသော သွေးတွင်ရောကာ ဆေးရသည်။ ဆေးသားတင်ပြီးသည့်အခါ စနေသမီး မီးနေသည်၏ ခေါင်းအုံးအောက်တွင် ခုနစ်ရက်ထားရသည်။ ထို့နောက် ဘုန်းကြီးကျောင်း၌ ကမ္မဝါဖတ်နေချိန်တွင် ရဟန်းသံဃာများ

မသိအောင် ကမ္ဗဝါသံကို ကြားရသော နေရာအနီးတွင် ဓားကို ထားရသည်။ ယင်းသို့ထားပြီးလျှင် ကိုးမြို့ရှင်နတ်ကွန်းတွင် ကိုးရက်တင်ထားရသည်။ ဓားရိုးကို လူသေမီးရှို့သည့်အခါ ထိုးသောတံစူးဝါးဖြင့် ပြုလုပ်ရသည်။ ဓားကို သတ်ပင်းသည့် အခါတွင် အစိမ်းသေ သေသောသူ၏ ဆံပင်ကိုးချောင်းကို အမင်းတွင် ရစ်ပတ်ပြီးထည့်ရသည်။ ဓားအိမ်ပြုလုပ်ရာတွင်လည်း လူသေထည့်သော ခေါင်းတလားပျဉ်ဖြင့် ပြုလုပ်ရမည်။ အားလုံးပြီးလျှင် သက်ဆိုင်ရာဂါထာကို ကိုးရက်မန်းမှုတ် သိဒ္ဓိတင်ပြီးနောက် ကိုးသချိုင်းသံဓားတစ်လက်ကို ရရှိမည်။

ယနေ့ခေတ်တွင်မူ ဓားကောင်းတစ်လက်ရရှိရန် ထိုကဲ့သို့ ဂရုတစိုက် သံရွေးချယ်ပြုလုပ်သည်မှာ အလွန်ရှားခဲ့ပြီဟု မင်းလမ်း ကျေးရွာမှ ပန်းပဲဆရာကြီးများက ဆိုကြသည်။

သိပ္ပံပညာအရ သံဒြပ်စင်သည် ဆီလီကွန်၊ အောက်စီဂျင်၊ အလူမီနီယမ် စသည်တို့ပြီးလျှင် ကမ္ဘာပေါ်တွင် အတွေ့ရ အများဆုံး ဒြပ်စင်ဟု ဆိုသည်။ ကမ္ဘာကြီး၏ အပုံ ၂၀ ပုံ တစ်ပုံသည် သံဖြစ်သည်ဟုလည်း ဆိုကြသည်။ သို့သော် သံဒြပ်စင်သည် အခြားဒြပ်စင်များနှင့် အလွယ်တကူ ပေါင်းစပ်နိုင်သော ဂုဏ်သတ္တိ ရှိရာ ၎င်းချည်းသက်သက် သယံဇာတအဖြစ် တွေ့ရခဲသည်။ သံဒြပ်စင်သည် ငွေကဲ့သို့ အဖြူရောင်ရှိပြီး အသုံးအဆောင်များ မပြုလုပ်နိုင်ချေ။

သံကို ကာဗွန်အနည်းငယ် ရောစပ်ပေးသောအခါ သံမဏိ ဖြစ်လာသည်။ ရောစပ်ပေးသော ကာဗွန်ပမာဏကို လိုက်၍

မာကျောနှုန်း ခြားနားသွားသည်။ ကာဗွန် သုည ဒသမ၄ ရာခိုင်နှုန်းပါဝင်သော သံမဏိသည် သံဖြပ်စင်ထက် နှစ်ဆမျှ ပိုမိုမာကျောပြီး ကာဗွန် တစ်ရာခိုင်နှုန်းပါဝင်သော သံမဏိသည် သံစစ်စစ်ထက် သုံးဆခန့် မာကျောပါသည်။

× × × × ×

## သံဖြတ်ခြင်း

ခါးတစ်ချောင်းပြုလုပ်တော့မည်ဆိုလျှင် ပထမဦးစွာ မည်သည့်သံဖြင့် ပြုလုပ်မည်ကို ရွေးချယ်ရသည်။ စိတ်ကြိုက်သံကို ရပြီဆိုလျှင် မိမိပြုလုပ်မည့် ဓားအမျိုးအစား (ဥပမာ- ငှက်ကြီးတောင်ဓား၊ လေးကင်းဓား၊ ဓားမြှောင်) နှင့် အရွယ်အစားကို လိုက်ကာ လိုက်လျောညီထွေရှိမည့် သံပမာဏကို ဖြတ်ရသည်။

သံဖြတ်သည်ဆိုသည်မှာ လိုအပ်သည့်အလေးချိန်ကို မှန်းဆ၍ ထုငါးမူးရှိသော သံချောင်းတစ်ချောင်းမှ ၃၀ ကျပ်သားခန့် အလိုရှိသည်ဆိုလျှင် အရှည် ကိုးလက်မခန့် ဖြတ်ခြင်းကို ဆိုလိုသည်။ သံချောင်းများ၏ မတူညီသော ထု၊ ဖြက်များကိုလိုက်ကာ မိမိ အလိုရှိသည့် အလေးချိန်အတိုင်းရရန် အရှည်ကို အတွေ့အကြုံပေါ် မူတည်၍ မှန်းဆဖြတ်တောက်ရခြင်းဖြစ်သည်။ ယင်းအမှန်းအဆ သည် ပန်းပဲဆရာ၏သမ္မာပေါ်တွင် မူတည်သည်။

သာမန်အားဖြင့် ဓားတစ်လက်ပြုလုပ်ရန် မှန်းဆ ဖြတ်တောက်လိုက်ပြီး အနည်းငယ် အပို၊ အလိုရှိခြင်းကို

အသေးအဖွဲ့ကိစ္စတစ်ခုအဖြစ်သာ တွေးဆကြမည်။ ထို့ကြောင့်လည်း သံဖြတ်ခြင်းသည် အရေးမပါ၊ ပညာမဟုတ်ဟုဆိုလျှင်လည်း ဆိုနိုင်သည်။ သို့စေကာမူ ဓားတစ်လက် လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ ရှေးကမြန်မာတို့သည် လွန်စွာ အလေးအနက် ထားခဲ့ကြသည်။ ဓားသည် မိမိ၏ အသက်ဇီဝိန်အပါအဝင် ရန်သတ္တရုမျှားကို ကာကွယ်တားဆီးနိုင်သော၊ နှိမ်နင်းပယ်သတ် နိုင်သောလက်နက်ဟု မှတ်ထင်ထားကြသည်ဖြစ်ရာ ဓားပြုလုပ်ခြင်း ကို အလေးအနက်ထားကြသည်။

ရှေ့တွင် ဖော်ပြထားသကဲ့သို့ ဓားအစီအရင်များ လုပ်ဆောင် ရာတွင် အတိုင်းအတာ၊ အရွယ်ပမာဏ စသည်တို့သည် ကိုင်ဆောင် မည့်သူကိုလိုက်ကာ အတိအကျ လုပ်ဆောင်ရသည်ဖြစ်ရာ သံဖြတ်ခြင်းသည် များစွာအရေးပါလှသည်။ သို့စေကာမူ ခေတ်များ ပြောင်းလဲသွားပြီး အတွေးအခေါ် အယူအဆများလည်း အထိုက် အလျောက် ပြောင်းလဲခဲ့ပြီဖြစ်သကဲ့သို့ ဓားကိုအသုံးချပုံများလည်း ကွာဟခဲ့ပြီဖြစ်ရာ ဓားပြုလုပ်ရာတွင်လည်း အယူအဆများ ပြောင်းလဲလာခဲ့သည်ဟု ဆိုရပါမည်။

ရှေးရိုးစဉ်လာ ပန်းပဲဆရာကြီးများထံတွင် သိမီနည်းယူ ပညာသင်ခဲ့ရသော အချို့ပန်းပဲဆရာကြီးများသာလျှင် ထိုအစဉ် အလာတို့ကို အလေးအနက်ထားကြတော့သည်။ သိမီတော့ခြင်း မရှိသည့်၊ ရှေးရိုးအစဉ်အလာကို အလေးမထားတော့သည့် သူများကမူ သင့်ရာ ကြုံရာအရွယ်ကိုသာ ဖြတ်တောက် ပြုလုပ်ကြ ပါတော့သည်။

မင်းလမ်းကျေးရွာတွင် အများအားဖြင့် သံကိုဖြတ်သည့်အခါ ဖြတ်မည့်နေရာကို မီးပေးလိုက်ပြီး သံစို့ဖြင့် ရိုက်ကာ ဖြတ်လေ့ရှိသည်။ ထုအနည်းငယ်ပါးသော သံများကို မီးမပေးတော့ဘဲ သံစို့ဖြင့် ရိုက်ဖြတ်သည်လည်းရှိသည်။ ယင်းကို အစိမ်းဖြတ်ဖြတ်သည်ဟု ခေါ်သည်။ ယခုအခါတွင် ပင်နယန်သုံးသံဖြတ်သည့် ကတ်ကြေးကြီးများသည် အတော်အသင့် ထုကို လွယ်လင့်တကူဖြတ်တောက်နိုင်သည်ဖြစ်ရာ ယင်းတို့ကိုလည်း အသုံးများကြောင်းတွေ့ရသည်။



သံကို စို့ဖြင့်ရိုက်ဖြတ်စဉ်

သံဖြတ်ရာတွင် အလေးချိန် ၃၀ ကျပ်သားခန့်ရှိသော ငှက်ကြီးတောင်ဓားတစ်ချောင်း ပြုလုပ်ရန်အတွက် ၄၀ ကျပ်သား သို့မဟုတ် ၄၅ ကျပ်သားခန့် မှန်းကာ ဖြတ်တောက်ရသည်။ သို့မှသာ ဓားပြုလုပ်စဉ် သံချေးကွာခြင်း၊ သံကြွပ်ကွာခြင်း၊ တံစဉ်းစား၍ လျော့ခြင်း၊ ကိုက်ထိုးရာတွင်လျော့ခြင်းတို့ကြောင့် အလေးချိန် လျော့သွားမည်ဖြစ်ရာ ၄၀၊ ၄၅ ကျပ်သားခန့် ဖြတ်သော်လည်း ငှက်ကြီးတောင်ဓားတစ်ချောင်းဖြစ်လာလျှင် ၃၅ ကျပ်သားခန့်သာ ကျန်ရစ်မည်။ ထို့အတူ ပြုလုပ်မည့်အရွယ်အစားကို မူတည်ကာ ဖြတ်မည့်သံကို ခန့်မှန်းတတ်ရန်လည်းလိုသည်။ တစ်တောင်ခန့် အရှည်ရှိသော ကိုင်းခုတ်ဓားမပြုလုပ်ရန်အတွက် ဖြက် တစ်လက်မခွဲ ထု သုံးမူးခန့်ရှိသည့်သံကို အရှည် ၁၄ လက်မခန့် ဖြတ်တောက် ရပါမည်။

× × × × ×

## ဓားလောင်းခြင်း

ဓားလောင်းသည်ဆိုသည်မှာ ဓားအကြမ်းထည်ပြုလုပ်ခြင်းဖြစ်သည်။ အချို့က ဓားရိုက်သည်ဟုလည်း ခေါ်သည်။ ဓားလောင်းရန်အတွက် အဆင်သင့်ဖြတ်ထားသောသံကို မီးပေးရသည်။



မီးပေးသည်ဆိုသည်မှာ ဖားဖို သို့မဟုတ် ဇော်ဂျီဖိုမှ ထွက်သော လေအားဖြင့် မီးသွေးများကို ရဲနေအောင် မီးရှိန်မှန်မှန် ဆွဲထားစဉ် တွင် ထိုမီးခဲများအတွင်း သံကို ရဲလာသည်အထိ ထည့်ထားရသည်။ ရဲလာသည့်အခါ နာနာထုပစ်ရသည်။ ထိုသို့ မီးပေးပြီးသံကို မားမလောင်းမီ နာနာထုပစ်ခြင်းကို သံတေသည်ဟု ခေါ်သည်။ သံတေလိုက်ခြင်းဖြင့် သံတွင်ရှိနေသော သံချေးများ အလွှာလိုက် ကွာကျကုန်သည်။

သံသည် အခြားဒြပ်စင်များနှင့် အလွယ်တကူ ပေါင်းစပ် နိုင်သည်။ ယင်းသို့ပေါင်းစပ်ရာတွင် အလွယ်ဆုံးမှာ အောက်စီဂျင် နှင့် ပေါင်းစပ်ခြင်းဖြစ်သည်။ သံသည် အောက်စီဂျင်နှင့် ပေါင်းစပ် လိုက်ခြင်းဖြင့် သံအောက်ဆိုဒ်များ ဖြစ်လာသည်။ ယင်းကို သံချေးတက်ခြင်းဟု ခေါ်သည်။ ထို့ကြောင့် သံဟောင်းအများစု သည် သံချေးတက်နေတတ်သည်။ အချိန်ကာလ ကြာမြင့်လေလေ သံချေးအထပ်ထပ် တက်နေလေဖြစ်သည်။ ထို့ကြောင့် သံချေးများ ကုန်စေရန် ခပ်ပြင်းပြင်း ထုပေးရသည်။ အကြိမ်ကြိမ် အဖန်ဖန်လည်း ထုရသည်။ ယင်းသို့ ထုသား တေသားကျမှ သံအကောင်းကျန် သည်။

မီးအကြိမ်ကြိမ်ပေး၍ အကြိမ်ကြိမ်တေလျှင် သံသားမှာ ပန်းပဲဆရာတို့ အသုံးအနှုန်းအရ ပိတ်ညှပ်ပြီး စေးပိုင်လာသည်။ ထိုသို့ ထုသား တေသားကျသောသံဖြင့် ဓားပြုလုပ်လျှင် ဓားအဖြတ် ရက်စက်သည်ဟု ဆိုကြသည်။ ထိုအခါတွင်မှ ဓားပုံရိုက်ရသည်။

ဓားရိုက်ရာတွင် တူမရိုက်နှစ်ယောက်လိုအပ်သည်။ လုပ်သားအခြေအနေပေါ်မူတည်ကာ ပန်းပဲဆရာကိုယ်တိုင် ဖိုဆွဲ၊

တူကိုင် လုပ်သည်လည်းရှိသည်။ မင်းလမ်းကျေးရွာတွင်မူ ဇော်ဂျီဖိုကို အသုံးများသဖြင့် ဖိုထိုးသူတစ်ယောက်၊ ပန်းပဲဆရာနှင့် တူမရိုက်နှစ်ယောက် စုစုပေါင်းလေးယောက်ဖြင့် ဓားကြမ်း ရိုက်သည်ကို လေ့လာတွေ့ရှိရသည်။

တူမရိုက်နှစ်ယောက်တွင်လည်း အတွေ့အကြုံပိုသူက ဒေါင်ရိုက်လေ့ရှိပြီး အခြားတစ်ယောက်က ဘားရိုက်လေ့ရှိသည်။ ဒေါင်ရိုက်သည် ဆိုသည်မှာ မီးပေးပြီး ရဲလာသည့်သံကို ပန်းပဲ ဆရာက ညှပ်ဖြင့်ကိုင်၍ ပေပေါ်တင်ပေးသည့်အခါ သံကို ဒေါင်လိုက်ရိုက်ခြင်းဖြစ်ပြီး ဒေါင်တေသည်ဟုလည်း ခေါ်ကြသည်။ ဘားရိုက်သည် ဆိုသည်မှာ အပြားလိုက်ရိုက်ခြင်းဖြစ်ပြီး ဘားဖွင့် သည်ဟုလည်း ခေါ်ကြသည်။ အပြားလိုက်ရိုက်သူသည် ပေပေါ်ရှိ သံကို အပြားလိုက်ရိုက်ရသဖြင့် စိတ်ရှိလက်ရှိ ရိုက်နိုင်သော်လည်း ဒေါင်ရိုက်သူကမူ တူချက်ချော်သွားသည်နှင့် မီးပေးထားသည့် သံထည်သည် လည်ထွက်၊ လွင့်ထွက်သွားတတ်သည်ဖြစ်ရာ သတိထား၍ ချိန်ဆကာ ရိုက်ရသည်။ ထိန်း၍ရိုက်တတ်မှ ဖြစ်သည်။ ထို့ကြောင့် ဒေါင်ရိုက်သူသည် တူရိုက်ကောင်းသူ ဖြစ်ရ သည်။ များသောအားဖြင့် ဘားရိုက်သည့် အတွေ့အကြုံ များနေသူများသည် ဒေါင်ရိုက်ရလေ့ရှိသည်။ ဆိုလိုသည်မှာ အတွေ့အကြုံနှင့် သမ္မာသာသူကို တာဝန်ပေးခြင်းဖြစ်သည်။

ဖိုအတွင်း မီးပေးထားသောသံကို ပန်းပဲဆရာက သင့်လျော် သည့် မီးအခြေအနေရရှိပြီဟု ယူဆသည့်အခါ ညှပ်နှင့်ကိုင်ကာ ပေပေါ်သို့တင်လိုက်သည်နှင့် မည်သူက မည်သို့ရိုက်ရမည်ဆိုသည်ကို တူမရိုက်နှစ်ယောက်က သိပြီးဖြစ်နေရသည်။ အပြားလိုက်

တင်ပေးလျှင် ဘားသမားကရိုက်ရပြီး ဒေါင်လိုက်ဆိုလျှင် ဒေါင်သမားက တေရသည်။ ပန်းပဲဆရာ၏ သံကို ထားပေးသော အနေအထား၊ အရွေ့အပြောင်းကိုလိုက်ပြီး သင့်လျော်သော အင်အားဖြင့် မည်သို့ရိုက်ရမည်ဆိုသည်ကို နားလည်ပြီး ဖြစ်ရသည်။ နှုတ်ဖြင့် ညွှန်ကြားစရာမလိုဘဲ မည်သူက မည်သည့် နေရာ ထုရမည် ဆိုသည်ကို သိရှိပြီးဖြစ်ရသည်။

ပန်းပဲထုနေသည်ကို အပြင်ပန်းအားဖြင့်ကြည့်လျှင် ရဲရဲနီ နေသောသံကို ပန်းပဲဆရာက ပေပေါ်တင်လိုက်သည်နှင့် တူမရိုက် နှစ်ယောက်က တစ်ယောက်တစ်ချက် ပုံမှန်ထုနေကြသည်ကို မြင်ရ ပေမည်။ ထိုအချိန်တွင် ပန်းပဲဆရာက ဓားလောင်းနေသည့်သံကို အပြားလိုက်ထားလိုက်၊ ဒေါင်လိုက်ထားလိုက် ပြုလုပ်ပေးနေသည် ကိုလည်း တွေ့ရပေမည်။ သာမန်အားဖြင့် ဘားရိုက်သော တူမရိုက်က ဓားအပြားကိုရိုက်ပြီး ဒေါင်တေသောတူမရိုက်က ဒေါင်တေသည်ဟုဆိုသဖြင့် ဘားတစ်ချက်၊ ဒေါင်တစ်ချက် သတ်သတ်မှတ်မှတ် ရိုက်သည်မဟုတ်ချေ။ ပန်းပဲဆရာက ဓားအရွက် (ဓား၏ဖြက်)ကို ပိုမိုပြန့်ကားအောင် လိုအပ်လျှင် ဘားရိုက်ရန် အပြားလိုက်ချပေးပြီး ဒေါင်ရိုက်ရန် မထောင်ပါက ဒေါင်တေသည့်တူမရိုက်က မရိုက်ဘဲနေသည် မဟုတ်ပေ။ ထိုအချိန်တွင် သူက ဘားရိုက်ရသည်။ ထို့အတူ လိုအပ်သည်ထက် ဖြက်ပိုကျယ်သွားပါသဖြင့် ပန်းပဲဆရာက ဒေါင်လိုက်ထားပေး သောအခါတွင် ဒေါင်သမားက ဒေါင်သိပ်ပေးရသကဲ့သို့ နောက်တစ်ချက်တွင် အပြားလိုက်ပြန်မချပါက ဘားသမားကပါ ဒေါင်သိပ်ပေးရသည်။

ဆိုလိုသည်မှာ အရှက်ဖော်ရန်လိုအပ်ပါက တူမရိုက်နှစ်ယောက်စလုံးက ဘားခတ်ပေးရပြီး အနှောင့်သိပ်ရန် လိုအပ်ပါကလည်း တူမရိုက်နှစ်ယောက်စလုံးက ဒေါင်တေပေးရခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ပြီးသည့်အခါ မားပြုလုပ်မည့် သံချောင်းသို့မဟုတ် သံပြားသည် မားတစ်လက်အတွက် လိုအပ်သောအကျယ်၊ အရှည်တို့နှင့် အနီးစပ်ဆုံး ကိုက်ညီသည့် အခြေအနေသို့ရောက်ရှိလာသည်။ ဤအဆင့်ကို မားလောင်းသည်ဟု ဆိုပါသည်။

× × × × ×

## ဓားကြမ်းပုံဖော်ခြင်း

ပန်းပဲဆရာသည် ဓားလောင်းပြီးပါက ဓားသည် ဓားနှင့် မတူသေးဘဲ ဓားပြုလုပ်မည့် သံပြားတစ်ပြားကဲ့သို့သာ ရှိသေးသည်။ ထိုအခြေအနေမှ ဓားပုံစံဖြစ်လာစေရန် ဆက်လက်ဆောင်ရွက်ခြင်းကို ဓားကြမ်းပုံဖော်သည်ဟု ခေါ်သည်။



အမင်းထုတ်ထားသော ဓားကြမ်းများ

အနှောင့်ပြုလုပ်မည့်ဘက်က ခပ်ထူထူဖြစ်ကာ အသွားပြုလုပ်မည့် ဘက်က ခပ်ပါးပါးဖြစ်သောထိုသံပြားကို ဓားပုံကြမ်းပြုလုပ်ရာတွင် ပထမဦးဆုံးပြုလုပ်ရသည်မှာ ဓားအမင်းပြုလုပ်ခြင်းဖြစ်သည်။

အမင်းပြုလုပ်မည်ဆိုပါက ပထမဆုံး အမင်းပြုလုပ်မည့် ဘက်ကို လိုအပ်သလောက် ခပ်စွေစွေ ဖြတ်ချလိုက်ရသည်။ ပန်းပဲဆရာများသည် များသောအားဖြင့် အမင်းထုတ်မည့်ဘက်ကို မီးပေးပြီး စို့ဖြင့်ဖြစ်စေ၊ ပန်းပဲဆရာသုံး ဓားမဖြင့်ဖြစ်စေ ခပ်စွေစွေ ဖြတ်ချရသည်။ ထို့နောက် အမင်းကို လုံးပေးရသည်။ အမင်းလုံးခြင်း၊ လိုအပ်သည့်အရှည် ထွက်လာစေရန် ရိုက်ခြင်းတို့ကို ဒေါင်ရိုက်သော တူမရိုက်နှင့် ဘားရိုက်သော တူမရိုက်တို့က တစ်မီးဖြင့် အပြီးရိုက်ကြသည်က များသည်။ ထိုသို့ အမင်း ပြုလုပ်သည်ကို အဆောင်ထုတ်သည်ဟုလည်း ခေါ်ကြသည်။

အဆောင်ထုတ်ပြီးလျှင် ဓားကို ဖြက်ချိန်ပေးရသည်။ ပေပေါ်တွင် အပြားလိုက်ချပြီး လိုအပ်သောဖြက်၊ လိုအပ်သော အကော့အကွေးရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ပြီးမှ ဓားဦးကို နှစ်သက်ရာပုံ ဖြတ်ရသည်။ ငှက်ကြီးတောင်၊ စလူဖူး၊ ငါးရှဉ့်ခေါင်း၊ လေးကင်း စသည်ဖြင့် နှစ်သက်ရာပုံ ဖြတ်ကြသည်။ ထိုဓားဦးပုံသည် ဖြက်ချိန်စဉ်ကတည်းက မည်သည့်ပုံစံပြုလုပ် မည်ကို တွေးထားပြီးဖြစ်ရသည်။ ဓားရွက်၏အရွယ်အစား၊ အကော့ အစင်း၊ အထူအပါးနှင့်ဓားဦးပုံ လိုက်ဖက် ကိုက်ညီရမည်။

ဓားကြမ်းပုံဖော်ပြီးသည့်အခါ ဓားရွက်ကို စဉ်းပေးရသည်။ စဉ်းသည်ဆိုသည်မှာ ဓားကို မီးမပေးဘဲ အရွက်ကို တူဖြင့်

ထုပေးခြင်း ဖြစ်သည်။ ထိုသို့ထုရာတွင် အသွားကို ပန်းပဲဆရာက ထုလှေ့ရှိပြီး လက်ထောက်က တစ်ချောင်းလုံးကို ထုသည်။ ထိုသို့ မားတစ်ချောင်းလုံးကို ညက်အောင်စဉ်းနိုင်လေလေ သံသား စေးပိုင်၍ ညက်လာလေလေ ဖြစ်သည်။ ရှေးက ပန်းပဲဆရာကြီး များသည် ထိုအဆင့်ကို စိတ်ရှည်လက်ရှည် လုပ်ဆောင်ကြသည်။ မား၏ ရေရှည်အသုံးခံနိုင်စွမ်း မြင့်မားအောင် ဆောင်ရွက် ကြခြင်းဟု ဆိုပါသည်။



မားစဉ်းနေစဉ်

မားကို စဉ်းပြီးသောအခါတွင် တံစဉ်းဖြင့် ပုံဖော်ရသည်။ အသွားလိုသည့်နေရာများကို သွားဖုံးချပေးရသည်။ သွားဖုံးချသည် ဆိုသည်မှာ ပန်းပဲဆရာ အသွားခတ်ထားသောနေရာကို နှစ်ဖက်ခုံး

လာအောင် တံစဉ်းဖြင့် အသွားဖော်ပေးခြင်းဖြစ်သည်။ ဓားစဉ်းစဉ်က တူချက်ရာများ ပျောက်သွားစေရန်လည်းကောင်း၊ လိုအပ်သည့် ဓားပုံသဏ္ဌာန် ပိုမိုကျနလှပလာစေရန်လည်းကောင်း၊ လိုအပ်သည့် အကော့အစင်းတို့ ရရှိလာရန်လည်းကောင်း တံစဉ်းချပေးရခြင်း ဖြစ်သည်။ မိမိပြုလုပ်နေသောဓား၏ ပုံပန်းသဏ္ဌာန်နှင့် အင်္ဂါရပ်များ ပြည့်စုံလာအောင် တံစဉ်းဖြင့် စားပေးရသည်။ ယင်းကို တံစဉ်းချသည်ဟု ခေါ်ကြသည်။ ဓား၏အသွား၊ ဓားရွက်၊ ဓားဦး၊ အနှောင့်တို့ကို ပုံကျအောင် တံစဉ်းဖြင့် တိုက်စားပေးရခြင်းဖြစ်သည်။ ထိုသို့ တံစဉ်းချလိုက်ပြီးလျှင် ဓားပုံ ပီပီပြင်ပြင်ပေါ်လာပြီး ဓားကြမ်း ပြုလုပ်သည့်အဆင့် ပြီးဆုံးပြီဖြစ်သည်။



**တံစဉ်းချနေစဉ်**

× × × × ×

# ကိုက်ထိုးခြင်း

ပန်းပဲအခေါ်ဝေါ်အရ ကိုက်ထိုးသည်ဆိုသည်မှာ သံကို ရွှေ့ပေါ်ထိုးခြင်းပင် ဖြစ်သည်။ လေးကိုင်းပုံသဏ္ဍာန်နှစ်ဖက် လက်ကိုင်ပါသော သံချောင်းကွေး၏အလယ်တွင် အရှည်



ကိုက်ထိုးနေစဉ်

ခြောက်လက်မခန့်၊ ဖြက် တစ်လက်မခန့်ရှိသော အသွားတပ်ထား သည့် ကိရိယာသည် ကိုက်ဖြစ်သည်။ အသွားသည် အဖျားကို မာအောင် မီးဆေးထားသည့် ရွှေပေါ်သွားတစ်မျိုးဖြစ်သည်။ ကိုက်ထိုးလိုက်ခြင်းဖြင့် သံသားချောသွားသကဲ့သို့ အနည်းငယ် ကျန်နေသေးသော တူရာများ၊ တံစဉ်းစားစဉ်က အရေးအစင်းများ ပျောက်သွားသည်။ ထူနေသည့် အချို့နေရာများကိုလည်း ကိုက်ထိုးရင်း ပါးပေးရသည်။ ကိုက်ထိုးရာတွင် အဓိကပြုလုပ် သည်မှာ ဓားရွက်၏အလယ်တည့်တည့်တွင် လက်မဝက်ခန့်ရှိသော မြောင်းထိုးပေးခြင်း ဖြစ်သည်။ ထိုမြောင်းကို မျှော့ကြောင်း သို့မဟုတ် သွေးစီးကြောင်းဟု ခေါ်ကြသည်။ အင်္ဂါအပြည့်အစုံ ပါအောင် ပြုလုပ်သောဓားများ သို့မဟုတ် အလှဓားများတွင် မျှော့ကြောင်းအထက်၌ လိုင်းအသေးထိုးခြင်း၊ မျှော့ကြောင်း မထိုးလိုပါက ဝင်းထိုးခြင်းလည်း ပြုလုပ်ပေးရသည်။ ဝင်းဆိုသည်မှာ သင်တုန်းဓားများတွင်ပါရှိသော သွေးစီးကြောင်း အကျယ်စားကို ခေါ်ခြင်းဖြစ်သည်။ သင်တုန်းဓား၏ ဝင်းနှင့် တူသောကြောင့် သင်တုန်းဝင်းဟုလည်း ခေါ်သည်။ သို့သော် ဝင်းထိုးမည်ဆိုပါက ဓားခတ်စဉ်ကတည်းက ဝင်းဖြစ်အောင် ပန်းပဲဆရာက ခတ်ထားရ သည်။ ထိုအပေါ်တွင်သာ ကိုက်ထိုးသမားက ကိုက်ထိုးပေးခြင်း ဖြစ်သည်။

သံကို သံဖြင့် ရွှေပေါ်ထိုး အချောကိုင်ခြင်းသည် သာမန် အားဖြင့် လွယ်ကူလှသည့် အလုပ်မဟုတ်ပါ။ သံကို မဆိုထားနှင့်။ သစ်သားကို ရွှေပေါ်ထိုး အချောကိုင်ရန်ပင် မလွယ်ကူပေ။ သို့သော် ကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ မင်းလမ်းကျေးရွာတွင် ကိုက်ထိုး

ခြင်းကို အမျိုးသားများသာမက အမျိုးသမီးများကလည်း ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ကြသည်ကို တွေ့ရသည်။

ကိုက်ထိုးမည့်ခုံသည် သစ်သားတုံး ခပ်ကြီးကြီးတစ်တုံးဖြစ်သည်။ ကိုက်ခုံ၏ ကိုက်ထိုးသူထိုင်မည့်ဘက်အပေါ်တွင် 'ဂငယ်' သဏ္ဍာန် သံချောင်းကွေး ခပ်တောင့်တောင့်တစ်ခုကို တုံးအဖျားနှင့်တစ်ထွာခန့်တွင် ခိုင်ခံ့စွာ ရိုက်သွင်းစိုက်ထားသည်။ တုံး၏အခြားတစ်ဖက်သည် မြေတွင် ခိုင်ခံ့စွာ စိုက်ထူထားသောသစ်သားတိုင်၊ သစ်ငုတ် သို့မဟုတ် သစ်ပင်တစ်ခု၏ခြေရင်းကိုအားပြုထားသည်။ ကိုက်ထိုးမည့်သူသည် ကိုက်ခုံတွင် ထိုင်သည့်အခါ တိုင်၊ ငုတ် သို့မဟုတ် သစ်ပင်ကို မျက်နှာပြုကာ တင်ပျဉ်ခွေထိုင်ရသည်။ ကိုက်ထိုးမည့်ဓား၏ အမင်း သို့မဟုတ် အဖျားကို



**မင်းလမ်းကျေးရွာတွင် အမျိုးသမီးတစ်ဦးက ကိုက်ထိုးခြင်းကို ကျွမ်းကျင်စွာ လုပ်ဆောင်နေပုံ**

သံချောင်းကွေးတွင်းသို့ လိုအပ်သည်အထိ ထည့်သွင်းကာ အောက်မှ သပ်ဖြင့် ကျပ်ထားလိုက်ရသည်။ ကျန်တစ်ဖက်ကို ကိုက်ထိုးမည့်သူ၏ ဝမ်းဗိုက်ဖြင့် ထောက်ထားကာ ကိုက်၏လက်ကိုင်နှစ်ဖက်ကို လက်နှစ်ဖက်နှင့်ကိုင်ကာ အသွားဖြင့် မြားအရွက်ကို လိုသလို တိုက်စားခြင်းဖြစ်သည်။

ကိုက်ထိုးခြင်းသည် မြားကို မြားနှင့်တူအောင် အချောကိုင်ပေးခြင်းလည်း ဖြစ်သည်။ ကိုက်ထိုးသည့်အဆင့် ပြီးဆုံးပါက မြားသည် မြားနှင့်တူသွားပြီဟု ဆိုနိုင်သည်။

× × × × ×

## ဇဝါစိတ်ခြင်း၊ ဇဝါရိုက်ခြင်း

ကိုက်ထိုးပြီးနောက် မားကို အလှအပများ မွမ်းမံကြသည်။ ထိုသို့ပြုလုပ်ရာတွင် မားအနှောင့်ပေါ်၌ မိုးကြိုးမြှုပ်ခြင်း၊ ကြေးသား မြှုပ်ခြင်း၊ မားအရွက်တွင် ကြိုးထိုးခြင်း၊ ဇဝါရိုက်ခြင်း စသည်တို့ ပြုလုပ်ကြသည်။

ဇဝါ ဆိုသည်ကို မြန်မာအဘိဓာန် အတွဲ (၂) တွင်

၁။ ရွှေရောင်၊ ငွေရောင်စသော တောက်ပသောအရောင်တို့ဖြင့် စာလုံး၊ ပန်းခက်ပန်းနွယ်၊ ရုပ်ပုံစသည် ရေးခြယ်သော အတတ်ပညာ။

၂။ အိမ်ထောင်ပရိဘောဂ၊ မားရိုးစသည်တွင် အလှကွက်ပေါ်အောင် ကနုကမာ၊ ကျောက်စိမ်း စသည်တို့ကို ထည့်သွင်းမြှုပ်နှံသော အတတ်ပညာဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဦးပုည၏ သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်းတွင် 'ရွှေမင်ဇဝါ၊ ခရာပြောင်ရွှန်း၊ နန်းစဉ်ညွန်းသည်၊ မော်ကွန်းရွှေစာ

သံပိုင်းတည်း' ဟုလည်းကောင်း၊ စပယ်ကလောင်အမည်ဖြင့် ဒီးဒုတ်ဦးဘချိုရေးသားသည့် ဗွေသီဟာဝတ္ထုတွင် 'ဆင်စွယ်ရိုး ရွှေဇဝါရိုက် ဓားမြှောင်ကိုဆွဲထုတ်ပြီး' ဟုလည်းကောင်း လက်ာ စကားပြေများတွင် ဇဝါနှင့်ပတ်သက်၍ ထည့်သွင်းဖော်ပြ ခဲ့ကြသည်။

ဇဝါကို ဓားနှင့် မသက်ဆိုင်သောနေရာတွင် အသုံးပြုခြင်း နှင့်ပတ်သက်၍ လောကဗျူဟာကျမ်း (အင်ရုံစာတမ်း)၌

'မိဖုရားတို့တွင် မြင်သည်မင်းသား၊ ကိုယ်လုပ်တော်တို့တွင် မြင်သည် မင်းသားတို့နေရာသို့ရောက်လျှင် ဆောင်ရွက်သုံးဆောင် မြဲကား။ မင်းသားနေရာသို့ရောက်၍ သွားလာခင်းရှိ၍ သွားလာ သည်ဖြစ်စေ၊ ဝါဝင်ဝါကျွတ် သဘင်တော်တက်ကဖြစ်စေ၊ မြင်းစီးလျှင် မြင်းက ညောင်ရွက်ကိုးချပ်၊ ကကိုင်းကတောင်ဆွဲ၊ ရက်ဖောက်သံပရာခွံ၊ နှင်းနင်းသိပ် အိမ်မြှောင်ရင်ဘတ်ကွင်းဆက်၊ ပါးကာရွှေဇဝါပိန်း၊ ကတောင်အတွင်းနီ ပြင်ဟသ်ပဒါးသုတ်၊ မြင်းကြိုးက သက္ကလတ်မွမ်း သင်းချော၊ စီးနှီးသက္ကဒါန်၊ သက္ကလတ်မွမ်း၊ အောင်းတင်ရန်း၊ နောက်တက်အောင်းလုံးကို ဆွဲ၍ စီးသည်။ (စာ ၃၄၉)

မြင်းမှူးနေရာနေတို့မှာ မြင်းက ညောင်ရွက် ခုနစ်ချပ်၊ ကကိုင်း ကတောင်ဆွဲ ရက်ဖောက်သံပရာခွံ၊ နှင်းနင်းသိပ် အိမ်မြှောင်၊ ဆက်ပါးကာ ငွေဇဝါ၊ ကတောင်ဟသ်ပဒါးသုတ်၊ အတွင်း အနီသုတ်၊ မြင်းကြိုး သက္ကလတ်မွမ်း၊ စီးနှီးသက္ကဒါန် သက္ကလတ်မွမ်း၊ အောင်းတင်ရန်း၊ နောက်အောင်းတက်နှင့် စီးရသည်။' (စာ ၃၄၆) ဟု ဖော်ပြပါရှိသည်။

ခါးတွင် ဇဝါရိုက်ထားသည်ကို-

'ပြီးလျှင် သေည်ဝီဘွားကို သစ္စာတော်ပေးရန် ရေခံ ရွှေဖလားကိုတည်၍ လက်နက်ရွှေဇဝါခါး ရွှေဆင့်ကို ဖလားပေါ် တွင် စိုက်တော်မူပြီးလျှင် ယွန်းသစ္စာကို ဇင်းမယ်မြင်းသည်တော် တစ်ယောက်ရပ်၍ ဖတ်ရသည်' (ဇာ ၂၅၂) ဟု ဖော်ပြပါရှိသည်။

ဇဝါရိုက်ရန်အတွက် ခါးပေါ်တွင် ဆောက်သွား သို့မဟုတ် စို့ဖြင့် ရာဇမတ်ပုံ အကွက်ငယ်ကလေးများ ဖော်ကာ တံစဉ်းကဲ့သို့ ဖြစ်အောင် ခပ်စိပ်စိပ်ရိုက်ခြင်းကို ဇဝါစိတ်သည်ဟု ခေါ်သည်။ ခနစိတ်သည်ဟုလည်း ခေါ်သေးသည်။ ဇဝါရိုက်သည်ဆိုသည်မှာ ဇဝါစိတ်ထားသောနေရာတွင် ဒန်၊ ကြေး၊ မိုးကြိုး၊ ရွှေ၊ ငွေ အစကလေးများကိုချ၍လည်းကောင်း၊ နန်းဆွဲ၍ ထိုနန်းကလေး များကို ကွေးကာ ဝိုက်ကာ တွန့်ကာ နွယ်ကာပြု၍ချကာ ဂုင်းတူငယ် လေးဖြင့် အသာအယာ ရိုက်လိုက်ခြင်းဖြစ်သည်။ မင်းလမ်း ကျေးရွာတွင် ခါးအကြမ်းထည်ပြီးသည့်နောက် ဇဝါစိတ်ခြင်း၊ ဇဝါရိုက်ခြင်းတို့ကို သီးသန့်လုပ်ကိုင်ကြသူများရှိသည်။ ခါးတစ်ချောင်းကို မည်သို့ဇဝါရိုက်မည်ဆိုသည့်အပေါ် မူတည်၍ ဇဝါစိတ်မည့်သူက စိတ်ပေးရသည်။ အထူးသဖြင့် ခါး၏အမင်းနား တွင် စိတ်သည်ကများသည်။ အလှခါးများတွင်မူ သွေးစီးကြောင်း ပတ်ပတ်လည်ကို ဇဝါစိတ်ကြသည်။ ခါးတစ်ချောင်းလုံး အပြည့် ဇဝါရိုက်မည်ဆိုလျှင် အပြည့်စိတ်ရသည်။ အမင်းနားတွင်သာ ဇဝါစိတ်ပြီး၊ ပန်းပဲဆရာ၏ အမည်သက်သက်ကိုသာ ဇဝါရိုက် သည်ရှိသကဲ့သို့ ခါးရှက်အစအဆုံး ပန်းခက်ပန်းနွယ်များ၊ ကနုတ်ပန်းများ၊ ဗုဒ္ဓဝင်ဇာတ်ရုပ်စုံများ၊ ဇာတ်ကြီးဆယ်ဘွဲ့လာ

ပုံတော်များကို ရိုက်သည်လည်းရှိသည်။ စာတမ်းများ၊ ဂုဏ်ထူးများ၊ အမည်များ ရိုက်သည်လည်းရှိသည်။

အချို့အရပ်ဒေသများတွင် ဇဝါအစား စို့ သို့မဟုတ် ဆောက်ဖြင့် ပန်းထိုးသည်လည်း ရှိသည်။ သို့သော် မင်းလမ်းကျေးရွာတွင်မူ ဇဝါရိုက်ကြသည်ကသာ များသည်။ ဓားတစ်လက်ကို ဇဝါရိုက်လျှင် လက်ခ နှစ်ထောင်ကျပ်ခန့် ရရှိသည်ဟုဆိုသည်။ သာမန်အားဖြင့် ဇဝါရိုက်နေသည်ကို ဘေးမှကြည့်လျှင် မခက်ခဲဟု ယူဆရသည်။ ဒန်ချောင်းကလေးများကို ဇာဂနာဖြင့် ကွေးလိုက် ခွေလိုက်လုပ်ကာ ဇဝါစိတ်ထားသည့်အပေါ်တွင် တင်ပြီး တူငယ်ကလေးဖြင့် ရိုက်လိုက်သည်။ ထို့နောက် စို့ငယ်ကလေးဖြင့် ဒန်ချောင်းကလေးကို ဖြတ်ယူလိုက်သည်။ တစ်ဖန် ကွေးလိုက်



ဇဝါရိုက်ထားသော ဓားကြမ်းများ

ဝိုက်လိုက်ဖြင့်ပြုကာ ရိုက်လိုက်ပြန်သည်။ တစ်ခဏ အတွင်းမှာပင် ဓားအရွက်ပေါ်၌ ခြူးပန်းခြူးနွယ်များ၊ ပန်းခက်များ၊ စာလုံးများ ပေါ်လာသည်။ သို့သော် ကိုယ်တိုင်ဝင်ရောက် လုပ်ကိုင်ပါလျှင် အမှားပြင်၍မရသောကြောင့် ကောင်းကောင်း မွန်မွန် လက်ရာထွက်လာနိုင်မည် မဟုတ်ပေ။

မင်းလမ်းတောင်ရွာတွင် ဇဝါရိုက်ခြင်း၊ ပန်းရိုက်ခြင်းတို့ကိုသာ သီးသန့်ပြုလုပ်သည့် ဦးကျော်မြင့်၊ ဇနီး ဒေါ်ခင်သန်းကြည်နှင့်သမီး မနန်းယုစံ၊ မကေသီစံတို့ကို မေးကြည့်သောအခါ ဇဝါရိုက်လျှင် နှစ်ရက်ခန့်ရိုက်ရပြီး ရိုက်ခ ငါးထောင်ခန့်ရရှိကြောင်း ပြောပြသည်။



ဇဝါရိုက်နေစဉ်

× × × × ×

## မီးဆေးခြင်း

မားရွက်ပေါ်တွင် အဆင်တန်ဆာ အပြောက်အမွမ်းများ ပြုလုပ်ပြီးသောအခါ မား၏အသွားကို မာအောင်ပြုလုပ်ရသည်။ ယင်းကို မီးဆေးသည်ဟုခေါ်သည်။ မားဆေးသည်ဟုလည်း ခေါ်ကြသည်။ အချို့က ဆေးသားတင်သည်ဟုလည်း ခေါ်သည်။



မီးဆေးသောခွက်

စားပြုလုပ်သည့်ပန်းပဲဖိုများသို့ သွားရောက်လေ့လာမည်ဆိုလျှင် ပန်းပဲဆရာ၏ဘေး အနီးဆုံးနေရာတွင် ရေထည့်ထားသော ရှည်မျောမျောခွက်တစ်ခုကို တွေ့နိုင်သည်။ ထိုခွက်သည် မီးဆေးသည့်ခွက်ဖြစ်သည်။ မီးဆေးမည့်ရေကို ဓားအရှည်ထက် အနည်းငယ်ပိုရှည်သော သစ်လုံးထွင်းခွက်တွင်လည်းကောင်း၊ အဆစ်တို့ကိုထွင်းထားသည့် ဝါးပိုးအရင်းပိုင်းခွက်တွင်လည်းကောင်း၊ အနေတော်သံခွက်တွင်လည်းကောင်း ထည့်ထားလေ့ရှိသည်။ မီးဆေးရန်အတွက် ဓားတစ်ချောင်းလုံးကို မီးပေးရန်မလိုအပ်ပါ။ ဓားသွားကိုသာ မီးပေးရသည်။ ပန်းပဲဆရာသည် မီးပေးထားသဖြင့် ရဲနေသောဓားသွား၏ အရောင်ကိုကြည့်ကာ သင့်လျော်သည့်အချိန်သို့ရောက်လျှင် ဓားသွားကို အောက်ဘက်တွင်ထား၍ အမင်းဘက်မှ ညှပ်ဖြင့်ကိုင်ပြီး အမင်းဘက်မှစ၍ အဖျားဘက်သို့ရောက်သည်အထိ ရေနှင့် ထိသည်ဆိုရုံမျှ ထိထားကာ ဆွဲချလိုက်ရသည်။

မီးဖုတ်ထားသောဓားသွားကို ရေနှင့်ထိဆွဲပြီး ပြန်ဆယ်လိုက်သည်နှင့် မျက်စိတစ်မှိတ်ခန့်အတွင်းတွင်ပင် ရေနှင့်ထိသောအရှိန်နှင့် ဓားမှာ အရောင်ပြောင်းသွားသည်။ နီရဲနေသောအရောင်မှ ဘော်ရောင်၊ ထိုမှ အဝါနုရောင်၊ အဝါရင့်ရောင်၊ အပြာရောင်၊ ငှက်ခါးရောင် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားသည်။ သံ၏အခြေအနေနှင့် မီး၏အခြေအနေပေါ်မူတည်၍ မည်သည့်အဆင့်တွင် ဆေးသားသတ်ရမည်ကို ပန်းပဲဆရာက ကျွမ်းကျင်ပိုင်နိုင်စွာ သိထားရမည်။ ဆေးသားသတ်သည်ဆိုသည်မှာ လိုအပ်သော ဆေးသားအဆင့်ကို ရောက်ရှိသည်နှင့်

မားတစ်ချောင်းလုံးကို ရေထဲသို့ မြှုပ်အောင် ထည့်လိုက်ခြင်းဖြစ်သည်။ မားကို မီးအတွင်းမှ ထုတ်ယူလိုက်ပြီး အသွားကို ရေနှင့်ထိသည်ဆိုရုံထားသည်မှ အရောင်ပြောင်းလဲသွားခြင်း၊ ဆေးသားသတ်လိုက်ခြင်းတို့သည် စာဖြင့် ရေးပြ၊ ပြောပြသည်ကသာ ကြာမြင့်လှသော်လည်း လက်တွေ့အခြေအနေတွင်မူ တစ်ခဏအတွင်း လျှင်မြန်စွာ ပြောင်းလဲနေသည့် အရောင်များ၊ အခြေအနေများကို ကြည့်ကာ ပန်းပဲဆရာက မိမိ၏အတတ်ပညာဖြင့် လျှပ်တစ်ပြက်ဆုံးဖြတ်ရသည်။

မားဆေးရာတွင် မားအသွားကိုသာ အမာတင်နိုင်သည်။ အလွန်ဆုံး မားရှက်၏ လေးပုံတစ်ပုံခန့်အထိသာ အမာတင်နိုင်ကြပါသည်။ အလွန်ကျွမ်းကျင်လှပါမှ မားတစ်ဝက်အထိ အမာတင်နိုင်ပါသည်။ သို့သော် ပြုလုပ်ခဲလှသည်။ တစ်ချောင်းလုံး အမာတင်လျှင်လည်း မားသည် ကြွပ်ဆတ်သွားပြီး အသွားပဲ့ခြင်း၊ မားကျိုးခြင်းတို့ ဖြစ်နိုင်သည်။

မားကို မီးဆေးသည့်အခါ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မားသွားကို ပို၍ မာကျောအောင် ပြုလုပ်ရသည်။ မားရှက်၏ ကျန်သော လေးပုံသုံးပုံခန့်သည် မူလမာန္ဒန်းအတိုင်းပင်ဖြစ်သည်။ ထို့ကြောင့် မာသွားသောဘက်သို့ အနည်းငယ်လိုက်ကာအောက်ဘက်သို့ ကွေးညွှတ်သွားတတ်သည်။ ပန်းပဲဆရာက မီးဆေးအလွန်ကျွမ်းကျင်လျှင်မူ မသိသာလှချေ။ အနည်းငယ်မျှ ကော့သွားလျှင်လည်း တံစဉ်းဖြင့် ဖြေပေးကြသည်။

သာမန်အားဖြင့် မားအများစုသည် မူလကတည်းကအထက်ဘက်သို့ ကွေးညွှတ်နေသည်ဖြစ်ရာ မသိသာလှချေ။

သို့သော် စစ်ရေးပြဂုဏ်ပြုစား၊ တုတ်စား စသည်တို့ကဲ့သို့ ဖြောင့်တန်းနေသော စားများဆိုလျှင် အသွားဘက်သို့ အနည်းငယ် ကွေးညွတ်သွားသည်ကို သတိပြုမိနိုင်သည်။ ပန်းပဲဆရာသည် ထိုသို့သောစားများကို ပုံကြမ်းရိုက်စဉ်ကတည်းက အနည်းငယ် ကွေး၍ ရိုက်လေ့ရှိသည်။ မီးဆေးအလွန်ကျွမ်းကျင်သော ပန်းပဲဆရာများကမူ အသွားကို မီးပေးသည့်အခါ လိုအပ်သည့် မီးချိန်ရရှိသည်နှင့် စားကို ပက်လက်အနေအထားဖြင့် အနှောင့်ဘက်မှ စကာ ရေထဲသို့ ချလိုက်သည်။ အနှောင့်ပိုင်းသည် မီးပေးထားခြင်း မရှိသဖြင့် မထူးခြားပေ။ တဖြည်းဖြည်း အသွားဆီသို့ရောက်ကာ အသွားလည်း အမာတင်ပြီးဖြစ်သကဲ့သို့ စားလည်း ကွေးညွတ်ခြင်း မရှိတော့ပေ။ သို့သော် အလွန်ကျွမ်းကျင်သော ပန်းပဲဆရာများသာ ထိုနည်းဖြင့် မီးဆေးကြသည်။

မားတစ်ချောင်းလုံး သို့မဟုတ် သံထည်တစ်ခုလုံးကို အမာတင်ခြင်းနှင့်ပတ်သက်၍ ဗဟုသုတအနေဖြင့် ဖော်ပြလိုပါသည်။ ပန်းပဲအပါအဝင် တွင်ခုံလုပ်ငန်းများ၊ သံကို သံချင်း ပြန်လည်ခုတ်စားရသည့်လုပ်ငန်းများအတွက် သံထည်၏ အစိတ်အပိုင်းတစ်ခုကိုသာမက တစ်ခုလုံးကို အမာတင်ရန် လိုအပ်သည်လည်း ရှိတတ်သည်။ မီးဆေးခြင်းလုပ်ငန်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပန်းပဲပညာရှင်၏ ပညာ၊ သမ္မာနှင့် စေတနာတို့အပေါ်တွင် များစွာမူတည်သည်ဖြစ်ရာ သံကို မီးဆေးပြီး အခြားသံကို ပြန်လည်ဖြတ်နိုင်၊ ခုတ်စားနိုင်သည်အထိ မာကျောနိုင်ရန် ပန်းပဲဆရာအပေါ်တွင်သာ များစွာမူတည် ပါသည်။

အထူးသဖြင့် သံထည်ကို မီးပေးသည့်အခါ သင့်လျော်သည့် အပူပမာဏကို မည်သည့်ပန်းပဲဆရာမှ ခေတ်မီပစ္စည်းကိရိယာများဖြင့် တိုင်းတာလုပ်ဆောင်ခြင်းမဟုတ်ပေ။ သံ၏အရည်အသွေး၊ မီးသွေး၏အရည်အသွေး၊ မီး၏ပြင်းအားနှင့် အရောင်တို့ကို ချိန်ဆကာ သင့်လျော်ချိန်တွင် မီးဆေးခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း အချို့ဓားများ၊ ဓားကြမ်းများကို ရွှေပေါ်ထိုးသည့် ကိုက်၏အသွားနှင့် စူးဆောက်တို့သည် သံကို သံချင်း လွယ်လင့်တကူ ဖြတ်တောက် ခုတ်စားနိုင်ခြင်းဖြစ်သည်။

ထိုကဲ့သို့သော ပစ္စည်းများအတွက် သံထည်တစ်ခုလုံးကို အမာတင်ရန် ဆီဖြင့် မီးဆေးရသည်။ ဆီဆိုသည်မှာ အင်ဂျင်ဝိုင်၊ ဂီယာဝိုင် စသည့် စက်သုံးဆီများဖြစ်သည်။ ဆီဖြင့် မီးဆေးခြင်းသည် ရေဖြင့် မီးဆေးခြင်းနှင့် ပေးရသည့် မီးရှိန်ခြင်း မတူပေ။ ဆီဖြင့် အမာတင်ခြင်းသည် ပို၍ပညာပါသည်ဟု ဆိုရပါမည်။ မီးပေးများသွားလျှင် ကွဲအက်ခြင်း၊ ကြွပ်ဆတ်ခြင်းတို့ ဖြစ်ကာ အသုံးမပြုနိုင်တော့ချေ။ မီးချိန်မှန်၊ သံအရည်အသွေးမှန်၊ မီးဆေးမှန်ပါကမှ သံကို သံချင်း ခုတ်ဖြတ်နိုင်သည်အထိ မာကျောသော အရည်အသွေးကို ရရှိနိုင်ပါသည်။

× × × × ×

## ဓားသွေးခြင်း


ဓားအပါအဝင် ခုတ်ဖြတ်ကိရိယာများကို အသုံးပြု သူများအတွက် အသွားထက်မြက်အောင် သွေးတတ်ခြင်းသည် လွန်စွာ အရေးပါလှသည်။ *'ဆရာမပြ ငါးပိဖုတ်တောင်နည်းမကျ'* ဆိုသကဲ့သို့ စနစ်တကျမသွေးတတ်လျှင် ပို၍ထက်မြက်လာရမည့် အစား ပို၍ပင် တုံးသွားသောအဖြစ်များကို ဓားသွေးဖူးသူတိုင်း သိကြပါသည်။ ယနေ့ခေတ်အခါတွင် ခေတ်မီပစ္စည်းကိရိယာ များဖြင့် ခုတ်၊ ဖြတ်၊ ပိုင်း၊ ထစ် ပြုလုပ်၍ရနေပြီဟုဆိုသော်လည်း ဓားကဲ့သို့သော ခုတ်ဖြတ်ကိရိယာကိုမူ ရှောင်လွှဲ၍ မရနိုင်သေးချေ။ အထူးသဖြင့် ကျေးလက်နေပြည်သူများအတွက် ယနေ့အထိ ဓားအမျိုးမျိုးသည် လူမှုဘဝတွင် မရှိမဖြစ် အသုံးအဆောင် ဖြစ်သည်။ ထို့ကြောင့် ဓားသွေးခြင်းသည်လည်း သိသင့်သည့် အချက်တစ်ခုဖြစ်သည်။

ဓားသွေးသည်ဆိုသည်မှာ ဓား၏အသွားကို စားသွား နိုင်သောကျောက်သား သို့မဟုတ် သံသားဖြင့် ညီညာအောင်

ပွတ်တိုက်ခြင်းဖြစ်သည်။ အရာဝတ္ထုနှစ်ခု ပွတ်တိုက်လျှင် အပူထွက်ပေါ်လာလေ့ရှိသည်။ မာကျောသော ဂုဏ်သတ္တိရှိသည့် ကျောက်သားနှင့် သံသားတို့ ပွတ်တိုက်ရာတွင်လည်း အပူထွက်သည်။ ထိုထွက်ပေါ်လာသောအပူသည် ဓား၏အသွားကို မာကျောအောင် မီးဆေးထားသည်ကို ထိခိုက်နိုင်သည်။ ထို့ကြောင့် ဓားသွေးသည့်အခါ အပူထုတ်လွှတ်မှုလျော့နည်းစေရန် ရေသို့မဟုတ် ဆီကို အသုံးပြု၍ သွေးကြရသည်။

ဓားဖြင့် ခုတ်ထစ်သည်ဆိုသည်မှာ မိမိပိုင်းဖြတ်လိုသော အရာဝတ္ထုကို အသွားထက်မြက်သည့် သပ်ဖြင့် ရိုက်သွင်းလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သပ်၏ နှစ်ဖက်မျက်နှာပြင်ဟု ဆိုနိုင်သော ဓားသွား၏သွားဖုံးနှစ်ဖက်သည် အလိုက်တသင့် ညီညီညာညာ ပြေဆင်းနေရမည်။ ဓားသွေးရာတွင် ထိုသို့သွေးသည်ကို သွားဖုံးချသည်ဟု ခေါ်သည်။ သွားဖုံးနှစ်ဖက်စလုံး ညီညာရမည်။ ထို့ကြောင့် ဓားသွေးသည့်အခါ သွားဖုံးနှစ်ဖက်ကို ညီညာအောင် နှစ်ဖက်မျှသွေးရမည်။ တစ်ခြမ်းစောင်းနေလျှင် ဓားမထက်ပါ။ ထို့ပြင် သွားဖုံးများကို ပြေဆင်းစေရန်အတွက် ဓားရွက်ကို ကျောက်မျက်နှာပြင်နှင့်ထိအောင် အပြားလိုက်ချ၍သွေးရပြီး ထောင်သွေးလျှင် သွားဖုံးလုံးပြီး ဓားမထက်ခြင်း၊ ခဏနှင့် တုံးသွားခြင်းတို့ ဖြစ်တတ်သည်။ ထို့ကြောင့် ဓားသွေးရာတွင် စိတ်ရှည်ရန် လိုအပ်သည်။ စိတ်ရှည်ရှည်နှင့် နည်းစနစ်မှန်မှန်သွေးနိုင်ပါမှ ထက်မြက်သော ဓားကို အသုံးပြုနိုင်မည်ဖြစ်သည်။

ဓားသွေးရာတွင် ဓားသွေးကျောက်သည် အလွန်အရေးပါလှသည်။ ယနေ့ခေတ်တွင် အသင့်သုံး ဓားသွေးကျောက် အမျိုးမျိုးကို နိုင်ငံခြားမှ တင်သွင်းကြသည်။ ထိုကျောက်တုံးများသည် အလျား ၁၀ လက်မခန့်၊ ဖြက် ၂ လက်မခန့်နှင့် ထု ၁ လက်မခွဲခန့်ရှိပြီး တစ်ဖက်ကြမ်း တစ်ဖက်ချောဖြစ်သည်။



ဓားသွေးကျောက်


ဓားသွေးကျောက်သာမက ဓားသွေးရန် ပစ္စည်းကိရိယာများလည်း များပြားစွာ ထွက်ပေါ်လျက်ရှိသည်။ မော်တာ တပ်ထားသော ကျောက်စက်များ၊ သံအမာစားဖြင့် ပြုလုပ်ထားသော သံပြားဝိုင်းငယ်များ တပ်ဆင်ထားသည့် ဓားသွေးကိရိယာများ စသည်ဖြင့် အမျိုးအစား များပြားစွာ ပေါ်ထွက်နေသော်လည်း ဓားကို အသုံးပြုသူအများစု အထူးသဖြင့် ကျေးလက်နေပြည်သူအများစုကမူ ဓားသွေးကျောက်ဖြင့် မိရိုးဖလာအတိုင်း သွေးခြင်းကသာ ပိုမိုကောင်းမွန်သည်ဟု ယူဆကြသည်။

မိရိုးဖလာအသုံးပြုသော ဓားသွေးကျောက်မှာမူ အင်ကြင်းကျောက်များကို အသုံးများကြသည်။ အင်ကြင်းကျောက်များကမူ အရွယ်အစား အမျိုးမျိုးရှိပါသည်။ ကျောက်တုံးဖြစ်သဖြင့် ညီညာသော တစ်နေရာရာတွင် တင်၍ အလွယ်တကူ သွေးနိုင်သော်လည်း နိုင်ငံခြားဖြစ်ဓားသွေးကျောက်များကိုမူ သစ်သားတုံးတွင် အံကျထွင်းထည့်၍ဖြစ်စေ၊ အဆင်သင့်ပြုလုပ်ထားသော ပလတ်စတစ်အိမ်များတွင် ထည့်၍ဖြစ်စေ သွေးကြရသည်။



ခေတ်မီဓားသွေးကိရိယာများ

မြန်မာစကားပုံတွင် 'ယောက်ျား ဓားသွေး၊ မိန်းမ သားမွေး'ဟု ဆိုစကားရှိသည်။ ယင်းကိစ္စများသည် သာမန်အားဖြင့် မမွတာထုံးစံအတိုင်း ပြုလုပ်ဆောင်ရွက်ရသည်ဟု ဆိုသော်လည်း အရေးပါ ကြောင်း ညွှန်ပြလိုခြင်းဖြစ်သည်။ ဓားကို သေသေချာချာ မသွေးတတ်ပါက ထက်သင့်သလောက် မထက်နိုင်သကဲ့သို့ ဓားပျက်သည်အထိ ဖြစ်တတ်သည်။



မိနိုးဖလာသုံး ဓားသွေးကျောက်တုံး

စနစ်တကျ ဓားသွေးသောသူတို့သည် ဓားသွေးကျောက်ကို အကြမ်း၊ အလတ်၊ အချော သုံးစားထား၍ သွေးကြသည်။ အသွား မပေါက်သေးသော ပန်းပဲဖိုကျဓားသစ်များနှင့် မသွေးသည်မှာ ကြာပြီဖြစ်၍ အသွားတုံးနေသည့်ဓားများကို သွေးရန် ကျောက်အကြမ်းကို အသုံးပြုကြသည်။ သံချေးများကင်းစင် ပြောင်လက်သွားပြီး သွားဖုံးကျသွားသောအခါ အလတ်စား

ကျောက်ဖြင့် သွေးကြသည်။ ကျောက်အကြမ်း၊ အလတ်တို့ဖြင့် သွေး၍ အတော်အတန် ထက်လာပြီး အသွားကျသွားသော အခါတွင် ကျောက်ချောနှင့်သွေးကြသည်။ ထိုသို့မဟုတ်ဘဲ တစ်မျိုးတည်းနှင့်သွေးလျှင် ဓားထက်ရန် အချိန်ကြာမြင့်စွာ သွေးကြရ သကဲ့သို့ အသုံးမခံခြင်းလည်း ဖြစ်တတ်သည်။ ဆိုလိုသည်မှာ ကျောက်ကြမ်းဖြင့် ဓားကို ထက်အောင် သွေးထားသောအခါ အသုံးမခံဘဲ ခဏနှင့် ပြန်တုံးသွားတတ်သည်ဟု ဆိုသည်။ ထို့အတူ ကျောက်အချောဖြင့်သွေးလျှင်မူ အချိန်ကြာမြင့်စွာ သွေးကြရသည်။

မှတ်ကျောက်၏ မြန်မာ့ပန်းပဲစာအုပ်တွင် ဓားသွေးနည်း လေးမျိုးရှိသည်ဟု ဖော်ပြပါရှိသည်။ ယင်းတို့မှာ-

(၁) ရက်ကန်းခတ်သွေးနည်း၊
(၂) တယောထိုးသွေးနည်း၊
(၃) သနပ်ခါးသွေးသွေးနည်း၊
(၄) ဝိုက်သွေးနည်းတို့ ဖြစ်ပါသည်။

## (၁) ရက်ကန်းခတ်သွေးနည်း

*'ဓားသွေးမတတ် ရက်ကန်းခတ်'* ဟူသကဲ့သို့ ဓားမသွေးတတ် သူများသည် ရက်ကန်းခတ်သကဲ့သို့ ဓားကို ကျောက်ပေါ်တင်ပြီး ရှေ့နှင့်နောက် အပြားလိုက် သွေးခြင်းဖြစ်သည်။ အမှန်ကား အုံမကျသေး (အသွားမကျသေး) သော ဓားများကို ရက်ကန်းခတ် သွေးရသည်။

ထိုကဲ့သို့သွေးခြင်းဖြင့် အတော်အတန် အသွားကျလာမှ မိမိလိုသလို ပြောင်းလဲပြီး ဓားသွားထက်ရန် သွေးရသည်။ အသွားကျပြီးသော ဓားများအတွက် ထိုသွေးနည်းဖြင့် သွေးရန်

မလိုချေ။ အကယ်၍ ဓား မသွေးသည်မှာ ကြာနေပြီဖြစ်သော ကြောင့် သံချေးသံညှိများ တက်နေပါက ယင်းတို့ကို ပြောင်စင် စေရန် ကျောက်ကြမ်းဖြင့် ပွတ်တိုက်ပစ်သောနည်းလည်း ဖြစ်သည်။

## (၂) တယောထိုးသွေးနည်း

တယောထိုးသွေးနည်းဆိုသည်မှာ တယောကို ဘိုး (တယော ထိုးတံ)နှင့် ထိုးသကဲ့သို့ မည်သည့်ဓားမျိုးမဆို ကျောက်ပေါ်တင်ပြီး အထက်နှင့်အောက် တန်းတန်းမတ်မတ် သွေးခြင်းဖြစ်သည်။ ထိုသွေးနည်းသည်လည်း အမှန်အားဖြင့် ဓားပြတ်ရန်၊ ဓားထက်ရန် သွေးခြင်းမဟုတ်ချေ။ သံချေးသံညှိများ ကင်းစင်ပြောင်ရှံ၊ သာမန်ထက်ရုံမျှသာ သွေးခြင်းဖြစ်သည်။

များသောအားဖြင့် ရှည်သောဓားများ (ဓားရှည်၊ ငှက်ကြီးတောင်နှင့် သစ်ခုတ်ဓားမကြီးများ၊ ဓားမရှည်များ) ကိုသာ ကျောက်နှင့် ဓားနေရာမလောက်၍ အကွက်စေ့ရန် သွေးခြင်း ဖြစ်သည်။ ထိုသွေးနည်းဖြင့် သွေးသည့်အခါ ကျောက်ကြမ်းဖြင့်သာ သွေးကြရသည်။

ဓားကို ထက်ရန်၊ ပြတ်ရန်ထက် အကြေးအညှော် ပြောင်လက် ရန်နှင့် အုံမကျသေးသော လုပ်ပြီးစဓားသစ်များကို အုံကျစေရန် သွေးကြခြင်း ဖြစ်သည်။

အုံကျသည် မကျသည်ဆိုသည်မှာ မည်သည့်ဓားမျိုးပင် ဖြစ်စေ အသွားနှင့်အနှောင့် ဘီးသွားကဲ့သို့ တစ်ပြေးညီရှိမှ ဓား၏တစ်သက် အစဉ်အမြဲပြတ်သည်။ ဓားကို အသုံးများ၍ ဓားသွားတုံးသွားစေကာမူ အုံကျပြီးဓားသွားဖြစ်ပါက နောက်ထပ် ပြန်သွေးလိုက်လျှင် ပြတ်လွယ် ထက်လွယ်သည်။

သို့ဖြစ်၍ ဓားများကို အသစ်ကတည်းကပင်ဖြစ်စေ သို့မဟုတ် နောက်ထပ်သထားပါက သပြီးကတည်းပင် အံ့ကျအောင် သွေးထား ရသည်။

မည်သည့်ဓားမျိုးမဆို သံချိုးနေလျှင် သို့မဟုတ် မူလကတည်း ကပင် သံကောင်းမဟုတ်ခဲ့လျှင် သွေးသောအခါ ပြတ်လွယ် ထက်လွယ်သော်လည်း ခုတ်လိုက်၊ ထစ်လိုက်၊ အသုံးပြုလိုက်သည့် အခါ အသွားတုံးလွယ်လေသည်။

အဆေးထည့်သောဓား (ဆေးသားတင်ထားသောဓား) သို့မဟုတ် သံကောင်းကို လုပ်ထားသောဓားဖြစ်ပါက တစ်ခါ သွေးထား၍ ပြတ်နေပါလျှင် ကြာမြင့်စွာ အသုံးပြုသော်လည်း တော်တော်နှင့် ဓားသွား တုံးမသွားနိုင်ချေ။

သံကောင်းကို လုပ်ထားသော ဓားပင်ဖြစ်စေကာမူ မီးဆေး မကောင်းပါက (ဆေးသားတင်ညံ့ပါက) ဓားအပြတ် နည်းတတ် သည်။ (အဆေးကောင်းသည်၊ မကောင်းသည်မှာ ပန်းပဲဆရာ၏ ပညာနှင့်သာ သက်ဆိုင်သည်။)

ဓားကို ပြတ်လွယ်စေရန် အချို့က အနှောင့်ဘက်မှ ထောင်ပြီး အသွားဘက်ကို ဖိ၍သွေးတတ်ကြသည်။ ထိုကဲ့သို့ သွေးခြင်းသည် ခဏသာပြတ်၍ ကြာရှည်အသုံးပြုနိုင်လောက် အောင် မပြတ်သည့်အပြင် သွေးပုံသွေးနည်း စည်းကမ်းလည်း မဟုတ်သောကြောင့် ဓားလည်း ပစ်ရတတ်သည်။

'ကျောက်ရေဝမှ ဓားသွေးကျသည်' ဟူသည်မှာ ဓားကို စည်းကမ်းတကျ အံ့ကျအောင်သွေးထားမှ ကြာရှည်စွာ အသုံးခံ သည်ဟု ဆိုလိုရင်းဖြစ်သည်။

ဓားကို အသုံးပြုရာတွင်လည်း ဓားကိုင်သူက ကျင်လည်မှ (ဓားကိုင်ပညာရှိမှ) ဓားသက်ရှည်သည်။ ဓားကိုင် မကျင်လည်ပါက ဓားသွားပဲ့တတ်သည်။ အမင်းကျိုးတတ်သည်။ ပျော့ပျောင်းသော ဓားဖြစ်ပါက တွန့်လိမ်၍ပင် သွားတတ်သည်။ ထို့ပြင် ပြုလုပ်မည် ဖြစ်သော အထည်ဝတ္ထုပစ္စည်းနှင့် ပြုလုပ်မည့် ဓားတို့မှာလည်း သတ္တဝါနှင့်လက်နက် လိုက်လျောရပေမည်။ မလိုက်လျောပါက ဓားပျက်စီးခြင်း အကြောင်းတစ်ရပ်ဖြစ်သည်။

## (၃) သနပ်ခါးသွေး သွေးနည်း

သနပ်ခါးသွေး သွေးနည်းဆိုသည်မှာ ငယ်သောဓားဖြစ်စေ၊ ကြီးသောဓားဖြစ်စေ ညီညာသောကျောက်ပေါ်တင်ပြီး သနပ်ခါး သွေးသကဲ့သို့ ကိုယ်လိုသောနေရာတွင် ပတ်ချာဝိုင်းကာ သွေးခြင်း ပင် ဖြစ်သည်။

ထိုသို့သွေးရာတွင် ကျောက်မျက်နှာဝညီမှ သွေး၍ရသည်။ အမှန်အားဖြင့် အတော်အတန်အသွားပေါက်ပြီးသား ဓားများကို ကြာရှည်ပြတ်စေရန် အပိုအမို သွေးထားခြင်းသာ ဖြစ်ပေသည်။ ဓားသွေးဝေါဟာရအားဖြင့် 'အသွားယူသည်' ဟူ၍ဖြစ်သည်။

လိုသောနေရာတွင် ပတ်ချာလှည့်ဝိုင်းပြီး ဘယ်ညာပြန် သွေးခြင်းဖြစ်သည်။ များသောအားဖြင့် ညာသန်သူက ဘယ်လှည့် လှည့်သော်လည်းကောင်း၊ ဘယ်သန်သူက ညာလှည့်လှည့်၍သော် လည်းကောင်း အသွေးများကြသည်။

## (၄) ဝိုက်သွေးနည်း

ဝိုက်သွေးနည်းကိုကား လူတိုင်း မသွေးတတ်သည့်အပြင် အသွေးရလည်း ခက်သည်။ ထိုသွေးနည်းတွင် ရက်ကန်းခတ်၊ တယောထိုး၊ သနပ်ခါးသွေး အားလုံး ပါသွားသည်။


သွေးပုံမှာ ညီညာသောကျောက်ချောပေါ်တွင် မည်သည့် ဓားမျိုးမဆို ပထမ ကျောက်ပေါ် ဓားဖျားတင်ပြီး အထက်အတိုင်း သွေး၍ တက်သွားသည်။ အထက်တက်သောအခါ တန်းတန်း မတ်မတ်မတက်ဘဲ မြွေများတွန့်သလို တွန့်တက်သွားရ၍ အောက်ပြန် ဆွဲသောအခါ၌လည်း ထိုနည်းပင်တွန့်၍ ဆင်းလာရသည်။

အသွားရှည်သော ဓားပင်ဖြစ်စေကာမူ ဤနည်းအတိုင်း သွေးရသည်။ သွေးသောအခါ အတက်အဆင်းတွင် နှေးနှေးမဟုတ် ခပ်မြန်မြန်ပင်သွေးရ၍ ကျောက်နှင့် ဓားသွားအနေအထားကို ကြည့်ပြီး လက်က ထိန်း၍သွေးခြင်းပင် ဖြစ်ပါသည်။

× × ×

## ဓားခွေး၊ ဓားရိုး

မင်းလမ်းကျေးရွာတွင် ဓားခွေး၊ ဓားရိုး ပြုလုပ်သူတို့ကလည်း သီးသန့်ဖြစ်သည်။ မင်းလမ်းကျေးရွာတွင် ဓားရိုး လေး ငါးမျိုးခန့် ပြုလုပ်သည်ကို လေ့လာတွေ့ရှိရသည်။ ပထမတစ်မျိုးမှာ ဝါးဖြင့်



ဓားရိုးပြုလုပ်ရန် ဝါးဖြတ်နေစဉ်


ပြုလုပ်ခြင်းဖြစ်ပြီး ဒုတိယတစ်မျိုးမှာ သစ်သားဖြင့်ပြုလုပ်ခြင်းဖြစ်ကာ နောက်တစ်ခုမှာ ကြေးဖြင့်ပြုလုပ်ခြင်း ဖြစ်သည်။ စတုတ္ထတစ်မျိုးသည် စစ်ရေးပြသုံးဓားများ၏ ဓားရိုးပြုလုပ်ခြင်းဖြစ်ပြီး သတ္တုစပ်ဖြင့် ပုံလောင်းထားသည့် ဓားရိုးများကိုလည်း အသုံးပြုကြသည်။

ဝါးဖြင့် ပြုလုပ်သောဓားရိုးများသည် အကြမ်းသုံးဓားများအတွက်ဖြစ်သည်။ များသောအားဖြင့် အသားကျစ်ကာ အခေါင်းကျဉ်းသော မျှင်ဝါးဖြင့် ပြုလုပ်ကြသည်က များသည်။ မျှင်ဝါးများကို တစ်ထွာခန့်စီဖြတ်ကာ အချောကိုင်သည်။ ထို့နောက် အခွေးစွပ်လိုက်ခြင်းဖြင့် အကြမ်းသုံး ဓားရိုးရရှိသည်။ အခွေးများသည် များသောအားဖြင့် သံပိုက်အပါးများ ဖြစ်သည်။ သံပိုက်အပါးကို ဖြတ်တောက်ရာတွင် အတွင်းသို့ အနည်းငယ်သေးသော သံချောင်းလုံးကိုထည့်ကာ လက်သုံးသစ်ခန့်စီ စို့ဖြင့်ရိုက်ဖြတ်ခြင်းဖြစ်သည်။ ထို့နောက် ညီညာစေရန် ထိုသံပိုက်ထက် အနည်းငယ်သေးသော သံချောင်းလုံးတွင်စွပ်ကာ တူငယ်ကလေးဖြင့် ရိုက်၍ညှိယူလိုက်သည်။ ထို့နောက် အနေတော်ဖြတ်ထားသော ဝါး၏ထိပ်တွင် စွပ်လိုက်ခြင်းဖြင့် အခွေးတပ်ပြီး ဓားရိုးတစ်ခုကိုရရှိသည်။ ဝါးဖြင့် ပြုလုပ်သောဓားရိုးများတွင် များသောအားဖြင့်ရှေ့ခွေးတစ်ခုတည်းသာ စွပ်သည်ကများသည်။

နောက်တစ်မျိုးမှာ တန်ဖိုးနည်းသော အလှဓားများပြုလုပ်ရာတွင် သစ်သားကို ဓားရိုးအဖြစ် ပြုလုပ်ကြသည်။ မင်းလမ်းကျေးရွာတွင် ဓားရိုးပြုလုပ်ကြသည်မှာ များသောအားဖြင့်သင်းဝင်သား၊ ကျွန်း စသည်တို့ကို ပြုလုပ်လေ့ရှိသည်။ ကျွန်းသည်

ပြုလုပ်ရလွယ်သော်လည်း အမင်းတပ်သည့်အခါ ကွဲတတ်သဖြင့် အသုံးနည်းသည်။ များသောအားဖြင့် သစ်မာသားများကိုသာ လုပ်လေ့ရှိသည်။ သစ်သားဓားရိုး ပြုလုပ်ရန်အတွက် တစ်လက်မခွဲ ပတ်လည်ခန့်ရှိသော သစ်ချောင်းများကို စောင်းအနည်းငယ် သိမ်းပြီး အရှည် ရှစ်လက်မခန့် ဖြတ်ကာ ပွတ်စင်တွင် ပွတ်တိုက်ရသည်။ အချို့က ပွတ်စင်မတင်ဘဲ ကျားလျှာဖြင့် စားကာ လုံးဝန်းအောင် ပြုလုပ်သည်လည်းရှိသည်။ ဓားရိုးသည် အလယ်တွင် ဝမ်းပူကာ အစွန်းနှစ်ဖက်သို့ ပြေဆင်းသွားသော ပုံသဏ္ဌာန်ရှိသည်။ ထို့နောက် အမင်းပေါက်ကို လွန်ဖြင့် ဖောက်သည်။

လက်ကိုင်နေရာကွင် ရာဇမတ်ကွက်ကဲ့သို့ အကွက်ငယ်များ ဖြစ်အောင် လွှဖြင့် စိတ်ရှည်လက်ရှည် စိတ်ရသည်။ ပြီးလျှင်



ဓားအခွေးများ ဖြတ်တောက်နေစဉ်

ရှေ့ခွေး၊ နောက်ခွေးကို ကြေးဖြင့်ပြုလုပ်သောအခွေးဖြင့် စွပ်လိုက်သည်။ ရှေ့ခွေးသည် လက်ဝါးကာ၊ ရှေ့ဖောင်းတို့ပါဝင်ပြီး ဖြစ်သည်။ လက်ဝါးကာသည်လည်း ယောင်ယောင်သာ ကားသော လက်ဝါးကာဖြစ်သည်။ နောက်ခွေးသည် နောက်ဖောင်းနှင့် နောက်ပိတ်သံပရာခွံတို့ ပါဝင်သည်။ အချို့နောက်ဖောင်းနှင့် သံပရာခွံမပါသည်လည်း ရှိသည်။



**သစ်သားကို ကျားလျှာဖြင့်စားကော လက်ကိုင်ပြုလုပ်နေစဉ်**

မင်းလမ်းကျေးရွာတွင် ပွတ်တိုက်သောပွတ်စင်သည် မိရိုးဖလာအသုံးပြုသော ပွတ်စင်ဖြစ်သည်။ သံထည်အဖြစ် ထိပ်နှစ်ဖက်မှ အထိန်းသာပါရှိပြီး အားလုံးကို သစ်သားဖြင့်သာ အသုံးပြုထားသည်။ လည်ပတ်စေရန် သုတ်ကိုင်းနှင့် ကြိုးကို အသုံးပြုကာ ခြေထောက်ဖြင့် နင်းခြင်း၊ လျှော့ခြင်းဖြင့် လည်ပတ်စေသည်။ ဤနည်းဖြင့်ပင် ပွတ်တိုက်ကြသည်။ အခြားဒေသများကဲ့သို့ လက်လှည့်ဘီးများဖြင့် ပွတ်တိုက်ခြင်းကို မမြင်တွေ့ရချေ။

နောင်တွင် လျှပ်စစ်မီးသွယ်တန်းရရှိခဲ့လျှင်မူ လျှပ်စစ်မော်တာ အသုံးပြုသောပွတ်စင်များ ပေါ်ထွက်လာနိုင်မည်ဟု ယူဆရပါသည်။

တတိယမြောက်အမျိုးအစားမှာ ဆုဓားများ၊ လက်ဆောင် ပေးသောဓားများကဲ့သို့ တန်ဖိုးကြီးဓားများ၏ ဓားရိုးဖြစ်သည်။ ယင်းတန်ဖိုးကြီးဓားများ၏လက်ကိုင်ကို အတွင်းမှ သစ်သားခံကာ ကြေးနီဖြင့်ပြုလုပ်သည်။ ဓားရိုးတစ်ခုလုံးတွင် ပန်းများရိုက်ထား သည်။ ရှေ့ဖောင်းသည် ပန်းဖောင်းဖြစ်သည်။ နောက်ပိတ်သံပရာ ခွံသည် နောက်ဖောင်းနှင့် တစ်ဆက်တည်းဖြစ်ပြီး အလုံး အတော် အတန်ကြီးမားကာ နောက်ဘက်သို့ ရှူးသွားပြီး အချွန်သဏ္ဌာန် ဖြစ်သွားသည်။

စတုတ္ထမြောက်အမျိုးအစားမှာ စစ်ရေးပြသုံးဓား၏ အရိုး ဖြစ်သည်။ စစ်ရေးပြသုံးဓားရိုးသည် ရှေ့လက်ဝါးကာခေါ် ရှေ့ပိတ်က အဓိကဖြစ်သည်။ ရှေ့ပိတ်သည် အတော်အတန်ကြီးမားပြီး ဘဲဥ ပုံသဏ္ဌာန်ဖြစ်ကာ လက်ကိုင်ဘက်သို့ အနည်းငယ် ခွက်နေသည်။ ရှေ့ကာနှင့် နောက်ပိတ်တို့သည် လက်ကိုင်ကိုစိုက်၍ ဆက်ထား သည်။ ထို့ကြောင့် ဓားကို ကိုင်လိုက်သည်နှင့် ဓားကိုင်လက်ကို ရှေ့မှ အကာအကွယ် ပေးထားသကဲ့သို့ရှိသည်။ ဓားရိုး၏အပေါ်ဘက် ကိုလည်း ကြေးဖြင့်ပင် အုပ်ထားပြီး နောက်ပိတ်သံပရာခွံပေါ်တွင် ခွေးခြသေ့်ခေါင်း တစ်ခုမှေးထားသကဲ့သို့ ပြုလုပ်ထားသည်။ စစ်ရေးပြသုံးဓားများသည် အင်္ဂလန်လုပ်ဓားများကို တုပ လုပ်ဆောင်ရခြင်းဖြစ်သဖြင့် ယင်းကဲ့သို့ ပြုလုပ်ခြင်းဖြစ်သည်။

လက်ဝါးကာတွင်လည်း ကြယ်နှင့် တောင်ပံကားတစ်ခုကို ထုထားသည်။ အမှန်အားဖြင့် ထိုပစ္စည်းများကို ပြုလုပ်မည်ဆိုလျှင်

ပုံလောင်းကာ ဖိစက်များဖြင့် နင်း၍ တစ်ပုံစံတည်းဖြစ်အောင် ထုတ်လုပ်ကြခြင်းဖြစ်သည်။ သို့သော် မင်းလမ်းရွာတွင်မူ တစ်ခုချင်းကို လက်ဖြင့်ပင် တူအောင် ပြုလုပ်ကြသည်။ ထိုလက်ဝါးကာနှင့် နောက်ပိတ်လက်ကိုင်ကျောရိုးတို့ တပ်ဆင်ထားသည့် ဓားရိုးကို သင်းဝင် သို့မဟုတ် ပိတောက်သားဖြင့် ပြုလုပ်ကြသည်။ ထို့နောက်မှ ရောင်ဆီသုတ်သည့်အခါ နက်မှောင်သွားအောင် ပြုလုပ်ကြသည်။



မင်းလမ်းရွာရှိ မီးရိုးဖလာပွတ်တိုက်စင်

ယနေ့ခေတ်တွင် အလူမီနီယံသတ္တုစပ်ဖြင့် ပုံလောင်းထားသော ဓားရိုးလက်ကိုင်များကိုလည်း အသုံးပြုလာကြသည်။ ယင်းသတ္တုစပ်ပုံလောင်း ဓားရိုးများကို ခေတ်လူငယ်များအကြိုက်

အလှဓားများတွင် အများဆုံးသုံးသည်ကို တွေ့ရသည်။ မင်းလမ်း ကျေးရွာထွက် ဓားများတွင် သတ္တုစပ်ပုံလောင်း ဓားရိုးလက်ကိုင် များကို တပ်ဆင်ထုတ်လုပ်သော်လည်း ယင်းတို့ကို ရွာတွင်းရှိ ဖိုများတွင် ပြုလုပ်သည်ကိုမူ မတွေ့ရပါ။ ဓားကုန်သည်ကြီးများမှ တစ်ဆင့် ပုံလောင်းပြီး လက်ကိုင်အကြမ်းထည်များကို ဝယ်ယူ ရရှိနိုင်ပြီး ဓားများတွင် အဆင်သင့် တပ်ဆင်ကြခြင်း ဖြစ်သည်။ ယင်းသတ္တုစပ် ဓားရိုးများမှာ ပုံလောင်းထားခြင်းဖြစ်သဖြင့် အခွေး သီးသန့်တပ်ဆင်ရန် မလိုတော့ပေ။ လက်ဝါးကာ၊ ရှေ့ခွေး၊ ဖောင်း၊ လက်ကိုင်၊ နောက်ဖောင်း၊ နောက်ခွေး၊ နောက်ပိတ်သံပရာခွံ စသည်တို့ကို တစ်ပါတည်း ပုံဖော်သွန်းလောင်းထားပြီးဖြစ်သည်။ တပ်ဆင်ပြီးသည့်အခါတွင်မှ ဆောက်ငယ်ကလေးဖြင့် ပန်းရိုက်ကာ အလှအပပြုလုပ်သည်။

× × × × ×

## ဓားအိမ်

မင်းလမ်းကျေးရွာတွင် ဓားအိမ်ပြုလုပ်ရာ၌လည်း လေးမျိုးခန့် ကွဲပြားသည်။ ပထမတစ်မျိုးမှာ နတ်ဆက်သော ဓားများအတွက် ဓားအိမ်ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရန်အတွက် သစ်သားကို



ဓားအိမ်အကြမ်းထည်များ

အနေတော် ပိုင်းဖြတ်ပြီး အတွင်းဖြစ်မည့်ဘက်တွင် ဓားပုံစံအတိုင်း အနည်းငယ် ထွင်းယူသည်။ ထိုသို့ထွင်းရာတွင် ရွှေပေါ်ဖြင့်သာ ထွင်းသည်ဟုဆိုသည်။


ဓားနှောင့်ဘက်ပိုင်းကို ပို၍ချိုင့်အောင် ပြုလုပ်ရသည်။ ထို့နောက် နှစ်ခုဟပ်ကာ ကပ်လိုက်ပြီးနောက် ဓားအိမ်အပြင်ပိုင်းကို ရွှေပေါ်ဖြင့်ပင် လိုက်ချောလိုက်သည်။ ပြီးလျှင် ထိပ်စွပ်၊ အလယ်သံပတ်နှင့် နောက်စွပ်တို့ တပ်ဆင်လိုက်သောအခါ ဓားအိမ်တစ်ခု ရရှိသည်။ များသောအားဖြင့် ထိုဓားအိမ်များတွင် ထိပ်စွပ်၊ နောက်စွပ်နှင့် အလယ်သံပတ်တို့သာ ပါဝင်ပြီး အခြား အဆင်တန်ဆာများ မပါဝင်တော့ပါ။

ရောင်းချရမည့် ဈေးနှုန်းကိုလိုက်ကာ ထပ်စွပ်၊ အလယ် သံပတ်နှင့် နောက်စွပ်တို့သည်လည်း အရွယ်အစား အနည်းငယ် အကြီးအသေး၊ ပန်းရိုက်ခြင်း၊ မရိုက်ခြင်း စသည်တို့ ကွဲပြားခြားနား ပါသည်။

တန်ဖိုးအနည်းဆုံးဖြစ်သော နတ်ဆက်ဓားများ၏ ဓားအိမ် များကို သစ်ပွသားများဖြင့် ပြုလုပ်ပြီး ထိပ်စွပ်၊ အလယ်သံပတ်နှင့် နောက်စွပ်တို့သည် ဓားအိမ်ပြုလုပ်ထားသည့် သစ်သားနှစ်ခြမ်းကို တွဲစပ်ထားသည်ဆိုရုံမျှ သံပြားအပါးလေးများဖြင့် ပြုလုပ်လေ့ ရှိသည်။

ဒုတိယတစ်မျိုးမှာ အနည်းငယ် တန်ဖိုးမြင့်မားသော ဆောင်ဓားများ၊ အလှချိတ်ဓားများ ပြုလုပ်ရာတွင် ဓားအိမ်ကို ကျွန်းသားကဲ့သို့သော သစ်မျိုးဖြင့် ပြုလုပ်လေ့ရှိသည်။ ယင်းကဲ့သို့သော ဓားအိမ်မျိုးတွင်မူ ကြေးဖြင့်ပြုလုပ်သော ထိပ်စွပ်၊

အလယ်သံပတ်နှင့် နောက်စွပ်တို့ကို အသုံးပြုသည်။ ထိပ်စွပ်၊ အလယ်သံပတ်နှင့် နောက်စွပ်သည် အနည်းဆုံး လက်သုံးသစ်ခန့် ဖြက်ရှိပြီး အတန်အသင့် ပန်းရိုက် တန်ဆာဆင်ထားလေ့ရှိသည်။ ဓား၏ အရှည်အတိုကို လိုက်ပြီး အလယ်သံပတ် သုံးတန်၊ ငါးတန် စသည်ဖြင့် တပ်ဆင်လေ့ရှိသည်။



**သစ်သားဓားရိုက်တပ်ဓားနှင့် သစ်သားဓားအိမ်**

တတိယတစ်မျိုးမှာ ဓားအိမ်ကို သစ်သားဖြင့် ပြုလုပ် အချောကိုင်ပြီးသည့်နောက်တွင် သားရေတုအစွပ်ဖြင့် စွပ်သော ဓားအိမ်များ ဖြစ်သည်။ ယနေ့ခေတ် လူငယ်များ၏ အကြိုက် ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းသို့ပြုလုပ်ရာတွင် ဓားအိမ်ကို သစ်သားဖြင့် ပြုလုပ်ပြီးနောက် ဓားအိမ်နှင့် အံကိုက် ဖြစ်အောင် ချုပ်ထားသော သားရေတုအိတ်ကို စွပ်လိုက်ခြင်း ဖြစ်သည်။ သားရေတုအိတ်များဖြင့် ပြုလုပ်သောဓားအိမ်များတွင် အနီရောင်နှင့် အနက်ရောင်ပြောင် ပြုလုပ်သော ဓားအိမ်များ ကိုသာ တွေ့ရတတ်ပြီး အခြားအရောင်များဖြင့် ပြုလုပ်ခြင်းကို မတွေ့ရပေ။ အချို့သူများအကြိုက် အနီရောင်ပေါ်တွင်

အနက်ရောင်ကြိုးလိမ်များ၊ အကွက်ဖော်ခြင်းများ ပြုလုပ် ရောင်းချကြသကဲ့သို့ အနက်ရောင်ပေါ်တွင် အနီရောင်ဖြင့် အလှဆင်ကြသည်လည်း ရှိသည်။ များသောအားဖြင့် သားရေတု ဓားအိမ်များတွင် ထည့်သွင်းသော ဓားများ၏ လက်ကိုင်အရိုးများမှာ သတ္တုဖြင့် ပြုလုပ်လေ့ရှိသည်ကို တွေ့ရှိရသည်။

စတုတ္ထတစ်မျိုးမှာ ဆုဓားများ၊ အလှချိတ်တန်ဖိုးမြင့် ဓားများ၏ ဓားအိမ်များပြုလုပ်ခြင်း ဖြစ်သည်။ ဆုဓားများ၊ အလှချိတ်ဓားများ ပြုလုပ်သောအခါ သစ်သားဖြင့်ပင် ဓားအိမ်ကို ရှေးနည်းအတိုင်းပြုလုပ်ပြီး ဓားအိမ်တစ်ခုလုံးကို ငွေကြာ ကြေးနီပြား ဖြင့် ပတ်ကာ ဂဟေဆက်လိုက်သည်။ ပြီးလျှင် အတွင်းမှ သစ်သားကို ချွတ်ယူထားပြီး အိမ်ကို ပန်းရိုက်၊ အရောင်တင် ပြုလုပ်ပြီးမှ ပြန်စွပ်ယူသည်။ ထိပ်စွပ်နေရာတွင် ဖောင်းပြုလုပ်ထားသည်။

စစ်ရေးပြဓားအိမ်များ ပြုလုပ်ရာတွင် သစ်သားကိုသာ အသုံးပြုသည်။ ရှေ့စွပ်သာမက အဖျားသတ္တုဒါန်လည်းပါရှိပြီး အဖျားသတ္တုဒါန်သည် အတန်ငယ်ရှည်သည်။ ထိပ်စွပ်တွင်လည်း အရင်းသတ္တုဒါန်ပါရှိသည်။ ထူးခြားသည်မှာ ထိပ်စွပ်တွင် ခါးပတ်ချိတ်ရန် ကွင်းပါရှိသည်။ အလယ်သံပတ်သည် အလယ်တွင် မရှိဘဲ ထိပ်ဘက် လေးပုံတစ်ပုံခန့်တွင် ရှိပြီး နှစ်ဖက်သတ္တုဒါန် ပါရှိသည်။ အလယ်သံပတ်တွင်လည်း ခါးပတ်ချိတ်ရန် ကွင်းပါ ရှိသည်။ ယင်းတို့ကို ကြေးဝါဖြင့်ပြုလုပ်သည်။

× × × × ×

## ပန်းရိုက်ခြင်း

မင်းလမ်းကျေးရွာတွင် ပန်းရိုက်သည့်လုပ်ငန်းကို ပန်းပဲဆရာများ ကိုယ်တိုင်လုပ်ကိုင်ခြင်းထက် ပန်းရိုက်သည့်သူများထံ ပို့ကာ ရိုက်ကြသည်က များသည်။

ပန်းရိုက်ရာတွင် ဓားရိုးတွင်သာရိုက်ခြင်း၊ ဓားအိမ်တစ်ခုလုံး ရိုက်ခြင်းဟူ၍ နှစ်မျိုးနှစ်စားခွဲခြားရမည်။ သာမန်အလှဓားများ၊ နတ်ဆက်သောဓားများ၏အရိုးသည် ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း အများနှင့် အရင်းတွင်သာ ကြေးစွပ်ခွေပါရှိရာ ယင်းတို့ကိုသာ ပန်းရိုက်လေ့ရှိသည်။ ပန်းရိုက်ရာတွင်လည်း ပန်းခက်၊ ပန်းနွယ်များထက် မျဉ်းများ၊ လိုင်းများ၊ အကြမ်းထည် ပန်းများကိုသာ ရိုက်လေ့ရှိသည်။ အချို့တွင်သာ နောက်ပိတ် သံပရာခွံ ပါရှိသည်။ ထို့ကြောင့် ထိုသို့သော လက်ကိုင်များအတွက် ပန်းရိုက်ခြင်းကို အများစု လုပ်ကိုင်နိုင်ကြသည်။ ဓားရိုးတစ်ခုလုံးနှင့် ဓားအိမ်တစ်ခုလုံးကို ပန်းရိုက်ရာတွင်မူ ကျွမ်းကျင်မှု လိုအပ်သည်။ ဓားရိုးကို ပန်းရိုက်ရာတွင် ရှေ့ဖောင်းကြီး၊ နောက်ပိတ်သံပရာခွံတို့သာမက

နောက်ဖောင်းနှင့် လက်ကိုင်တွင်ပါ ပန်းခက် ပန်းနွယ်များကို ကြွကြွရွရွဖြစ်အောင် ရိုက်ကြရသည်။ ဓားအိမ်ပိုင်းတွင်လည်း တစ်ခုလုံးကို ပန်းရိုက်ရသည်ဖြစ်ရာ ကျွမ်းကျင်မှု ရှိမှသာလျှင် လှပသောဓားအိမ်တစ်ခု ရရှိနိုင်သည်။

ပန်းရိုက်ရာတွင် နှစ်မျိုးနှစ်စား ကွဲပြားသည်ဟု ဆိုနိုင်သည်။ ပထမတစ်မျိုးမှာ သာမန်အပြောက်အမွမ်းမျှသာ ထုခြင်းဖြစ်သည်။ ဈေးနှုန်းအသင့်အတင့် ရောင်းချမည့် အလှဓားများအတွက် လက်ကိုင်ဓားရိုးတွင် ပန်းရိုက်ခြင်း၊ ဓားအိမ်သံပတ်များအတွက် ပန်းရိုက်ခြင်းတို့တွင် အချောထည်နီးပါး ပြုလုပ်ပြီးသည့် ဓားရိုး၊ သံပတ်တို့၌ အပြောက်အမွမ်းများ ထုလုပ်ခြင်းဖြစ်သည်။



ပန်းရိုက်ပြီး ဓားရိုး

ယင်းသို့ ပန်းရိုက်ရာတွင် ပန်းရိုက်မည့်ဓားရိုး သို့မဟုတ် ဓားအိမ်သည် အချောထည်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဓားရိုးဆိုလျှင်လည်း သစ်သားဓားရိုးတွင် လက်ဝါးကာ၊ ရှေ့ဖောင်း၊ ရှေ့အခွေးတို့ကို တစ်တွဲတည်းပေါင်းစပ်ပြီး ကြေးဝါဖြင့် ပြုလုပ်ကာ ဓားရိုးတွင် တပ်ဆင်ပြီး အရောင်တင်ပြီးဖြစ်သည်။ ထို့အတူ နောက်ဖောင်း၊ နောက်ခွေး၊ သံပရာခွံတို့ကို တစ်တွဲတည်း ပြုလုပ် တပ်ဆင် အရောင်တင်ပြီး ဖြစ်သည်။ ဓားအိမ်ဆိုပါလျှင်လည်း

သံပတ်အစွပ်များကို ကြေးဝါဖြင့် ပြုလုပ်ကာ အရောင်တင်ပြီး ဖြစ်သည်။

ပန်းရိုက်သူသည် ထိုဓားရိုး၊ ဓားအိမ်တို့ရှိ အသင့်တပ်ဆင်အရောင်တင်ပြီး ကြေးဝါများတွင် မိမိတို့စိတ်မှန်းဖြင့် အပြောက်အမွှမ်းများကို စို့ငယ်ကလေးများနှင့် တူငယ်ကလေးများ အသုံးပြုကာ ရိုက်သွားခြင်းဖြစ်သည်။ ပန်းရိုက်ရာတွင် အားလုံး လိုလိုသည် ကြိုတင်လျာထားပြင်ဆင်ထားသည့် ခဲကြောင်းသို့မဟုတ် ခြစ်ကြောင်းပေါ်၌ အဆင်သင့်ရိုက်ခြင်း မဟုတ်ဘဲ လက်တန်းရိုက်သွားခြင်းဖြစ်သည်။ ရိုက်ရာတွင်လည်း လေးလေးမှန်မှန် ရိုက်ခြင်းမဟုတ်ဘဲ သွက်လက်လျင်မြန်စွာ ရိုက်ခြင်းဖြစ်ရာ ကနုတ်ပန်းခက်များ၊ ကောက်ကြောင်းများ စသည်တို့က ကြည့်နေစဉ်မှာပင် ပီပြင်စွာ ပေါ်လွင်လာသည်။ လက်အချိန်အဆ၊ ကျွမ်းကျင်မှု၊ အနုပညာအမြင်တို့ပေါ် မူတည်ကာ လက်ရာ မြောက်ခြင်း၊ မမြောက်ခြင်းတို့ ကွဲပြားနိုင်သော်လည်း အနားမှ ကြည့်နေသူတို့အတွက်မူ အံ့ဩဘနန်း ဖြစ်ရသည်။

ဒုတိယတစ်မျိုးမှာ ပန်းအဖောင်းရိုက်ခြင်းဖြစ်သည်။ တန်ဖိုးကြီးဓားများ၏ ဓားအိမ်နှင့် ဓားရိုးများတွင် ပန်းရိုက်ခြင်း ဖြစ်သည်။ ယင်းလုပ်ငန်းသည် ပန်းပဲပညာနှင့် ဆက်စပ်နေသည့်တိုင် ပန်းထိမ်လုပ်ငန်းဟုပင် ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ပန်းပဲကဲ့သို့ သံကိုမူတည်၍ လုပ်ကိုင်သည့် လုပ်ငန်းမဟုတ်ခြင်း၊ ယနေ့ခေတ်တွင် ကြေးဖြင့် ပြုလုပ်ကြသည်ဆိုသော်လည်း ရှေးယခင်ကမူ ငွေဖြင့် ပြုလုပ်ကြခြင်းတို့ကြောင့်ဖြစ်သည်။ ဓားအိမ်နှင့် ဓားရိုးကို ပန်းအဖောင်း တစ်နည်းအားဖြင့်

ပန်းအကြွရိုက်မည်ဆိုလျှင် ရှေးဦးစွာ လိုအပ်သည့်အရွယ်အစား ရှိမည့် ဓားရိုး သို့မဟုတ် ဓားအိမ်ကို ကြေးနီဖြင့် ပြုလုပ်ရသည်။ ယင်းဓားရိုး သို့မဟုတ် ဓားအိမ်အတွင်းသို့ ချိတ်သွင်းပြီး လိုအပ်သောပန်းပုံစံများ၊ ရုပ်ပုံများကို ကြိုတင်ရေးဆွဲရသည်။ အနုစိတ်ပန်းရိုက်ခြင်း မဟုတ်လျှင်မူ စိတ်မှန်းဖြင့် တစ်ခါတည်း ရိုက်သွားသည်လည်း ရှိသည်။ ထို့နောက် စံ့ငယ် အရွယ်အစား အမျိုးမျိုးဖြင့် ပန်းခက်၊ ကနုတ်၊ ရုပ်လုံးများကို ကြွကြွရွရွဖြစ်အောင် ရိုက်ခြင်းဖြစ်သည်။ ပန်းရိုက်သူ၏ ပညာ၊ သမ္မာနှင့် စိတ်ရှည်ခြင်း၊ အနုပညာအမြင်ရှိခြင်းတို့အပေါ် မူတည်ကာ လက်ရာကောင်းမွန်ခြင်း၊ သင့်တင့်ခြင်း စသည်တို့ ကွဲပြားနိုင်သည်။

ယင်းသို့ ပန်းရိုက်ပြီးနောက်တွင်မှ ချိပ်များကို အပူပေးကာ ဖယ်ရှားလိုက်ခြင်းဖြင့် ပန်းရိုက်ပြီး ဓားရိုး၊ ဓားအိမ်များကို ရရှိသည်။

မင်းလမ်းကျေးရွာတွင် ပန်းရိုက်ခြင်းလုပ်ငန်းကို အများအားဖြင့် အမျိုးသမီးငယ်များက ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရသည်။ အချို့ဆိုလျှင် မိသားစု အလိုက် ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့မြင်ခဲ့ရသည်။





ဓားရိုးပန်းရိုက်နေကြသည့် အမျိုးသမီးငယ်များ

× × × × ×

## ဓားအိမ်နှင့် ဓားရိုးအရောင်တင်ခြင်း

ဓားတစ်လက်ပြုလုပ်ပြီးသောအခါ ရှုချင့်စဖွယ် တင့်တင့်တယ်တယ် ဖြစ်စေရန်အတွက် ပထမဦးစွာ အရောင်တင်ခြင်းကို ဆောင်ရွက်ရသည်။ ဓားရိုးနှင့်ဓားအိမ်ကို အရောင်တင်ရာတွင် ပြုလုပ်ထားသောပစ္စည်းကိုလိုက်၍ ကွဲပြားခြားနားသည်။

အလှဓား၊ နတ်ဆက်သောဓားများသည် သစ်သားရိုး၊ သစ်သားအိမ်များသာဖြစ်ကြရာ အသုံးပြုသည့် သစ်ကိုလိုက်၍ အရောင်တင်ကြရသည်။ ပိတောက်၊ ကျွန်း၊ သင်းဝင် စသော သစ်များဖြင့် ပြုလုပ်သည့် ဓားရိုး၊ ဓားအိမ်များကို များသောအားဖြင့် အရောင်တင်ဆီ သုတ်လိမ်းကာ အရောင်တင်ကြသည်။ မူလကပင် ဆွဲဆောင်မှုရှိပြီးဖြစ်သော သစ်အရောင်ကို ပိုမိုတောက်ပြောင်သွားစေရန်သာ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော် အရောင်တင်ဆီ အများစုသည် သစ်သားပေါ် သုတ်လိမ်းလိုက်ပါက သစ်သားတွင်ရှိသော အပေါက်ကလေးများအတွင်းသို့ ဝင်ရောက်သွားတတ်သဖြင့် အရောင်တင်ဆီ မသုတ်လိမ်းမီ

ထိုသစ်ပေါက်ကလေးများကို ပိတ်သွားအောင် ဦးစွာပြုလုပ်ရသည်။ ယင်းသို့ပြုလုပ်ရာတွင် မိရိုးဖလာနည်းဖြစ်သော မြေဖြူ သို့မဟုတ် မြေဝါမှုန့်ကို အရောင်တင်ဆီဖြင့် ခပ်ပျစ်ပျစ်ရောစပ်ကာ သုတ်လိမ်းရသည်။ ခြောက်သွားသည့်အခါ ကော်ပတ်နုနုဖြင့် တိုက်စားပြီးနောက်မှ အရောင်တင်ဆီသုတ်လိုက်ပါက မူလ သစ်သားအရောင်ကို မပျက်စေဘဲ လှပစွာ တောက်ပြောင်နေမည်။

တန်ဖိုးနည်းဓားများအတွက် သစ်ပွသားများဖြင့် ပြုလုပ်သောဓားအိမ်များကိုမူ အနက်ရောင်သုတ်လိမ်းလေ့ရှိသည်။ အချို့က အနက်ရောင်သဘော်ဆေးသုတ်ကြသော်လည်း အများစုကမူ အနက်မှုန့်နှင့် အရောင်တင်ဆီကို ရောစပ်သုတ်လေ့ရှိကြပါသည်။ အနက်မှုန့်မှာ ပရိဘောဂပစ္စည်းများ ရောင်းချသော ဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ အချို့သော ရှေးရိုးဆန်သူများကမူ အနက်မှုန့်ထက် ကျွန်းသားမှိုင်းက ပိုမိုကောင်းမွန်သည်ဟုဆိုကြသည်။ ကျွန်းသားမှိုင်းရရှိရန် ကျွန်းသစ်သားအပိုင်းအစများကို စုပုံမီးရှို့ပြီး မီးတောက်အပေါ်တွင် သွတ်ပြားဟောင်းတစ်ချပ်ကို ထားရှိပါက တစ်ခဏအတွင်းမှာပင် ကျပ်ခိုးမှိုင်းများ ရရှိနိုင်သည်။ ယင်းကို အသာအယာ ခြစ်ချယူပြီး အသုံးပြုကြခြင်းဖြစ်ပါသည်။


ကြေးဝါဖြင့်ပြုလုပ်သော ဓားအခွေးများ၊ ဓားအိမ်၊ ရှေ့စွပ်၊ နောက်စွပ်၊ အလယ်သံပတ်နှင့် သက္ကဒါန်များကို လွယ်လင့်တကူ အရောင်တင်နိုင်သည်။ ကြေးဝါကို မီးပေးကာ ကြေးညှော်သန့်စင်လိုက်ပြီးနောက် ကုလားကင်ပွန်းသီးရည်တွင် စိမ်ကာ ပွတ်တိုက်ခြင်းဖြင့်ဖြစ်စေ၊ ကြေးတိုက်ဆေးဖြင့် ပွတ်တိုက်၍ဖြစ်စေ

ပြောင်လက်အောင် ပြုလုပ်နိုင်သည်။ သို့သော် ကြေးနီဖြင့် ပြုလုပ်သော ပန်းအပြည့်ရိုက် ခေါင်းအိမ်နှင့် ခေါင်းရိုးတို့ကိုမူ မင်းလမ်းရွာတွင် အရောင်မတင်နိုင်ဘဲ မန္တလေးသို့ပို့၍ အရောင်တင်သည်ဟု သိရသည်။ များသောအားဖြင့် ငွေရည်စိမ်ခြင်းဖြစ်ပြီး ယခုနောက်ပိုင်းတွင် နီကယ်လည်း စိမ်ကြသည်။

ကြေးထည်များကို ငွေရည်စိမ်ခြင်းနှင့်ပတ်သက်၍ ဗဟုသုတအလို့ငှာ ဖော်ပြလိုသည်။ ကြေးထည်များကို လွယ်လင့်တကူ ငွေရည်စိမ်နိုင်သောနည်းလမ်းမှာ ငွေနိုက်ထရိုက်ဖြင့် အရောင်တင်ခြင်းဖြစ်သည်။ ထိုသို့ အရောင်တင်နိုင်ရန်အတွက် ငွေကန်တစ်ခု အဆင်သင့်ရှိရမည်။ ငွေကန်ဆိုသည်မှာ ဘက်ထရီသုံးမိုးရေသို့မဟုတ် သောက်ရေသန့်ကဲ့သို့ ရေသန့်သန့်ထဲတွင် ငွေနိုက်ထရိုက်နှင့် ပေါ်တက်တို့ကို သင့်လျော်သောအချိုးအစားဖြင့် ဖျော်စပ်ထားသော ပျော်ဝင်ရည်ဖြစ်သည်။ ထိုပျော်ဝင်ရည်တွင် မိမိအလိုရှိသော ကြေးထည်ပစ္စည်းကို စိမ်ခြင်းဖြင့် ငွေရောင်တောက်လာသည်။ ပထမဦးစွာ မိမိငွေရောင်တင်မည့် ကြေးထည်တွင် ဆီ အစရှိသော ကြေးညှော်များ ကပ်ငြိမနေစေရန် အနည်းငယ်မီးဖုတ်ပေးရသည်။ ထို့နောက် ကုလားကင်ပွန်းသီးကို အစေးအနည်းငယ် ထွက်ရုံမျှ မီးဖုတ်ပြီး စိမ်ထားသော ရေထဲတွင်နှစ်၍ ကြေးဝက်မှင်ဘီးဖြင့် ပြောင်လက်အောင် ပွတ်တိုက်ရသည်။ ကြေးနီသို့မဟုတ် ကြေးဝါရောင် ပြောင်ဝင်းလာသည့်အခါ ငွေကန်ထဲတွင် တစ်မိနစ်မှ သုံးမိနစ်အထိ စိမ်ထားလိုက်ရသည်။ ထိုအခါ မူလကြေးရောင် ပျောက်ပြီး ငွေအညီများကပ်ကာ အဖြူရောင်သို့ ပြောင်းသွားသည်။ ထိုသို့ ပြောင်းသွားသောအခါ ဆယ်ယူပြီး

ကုလားကင်ပွန်းသီးရည်ထဲတွင်ပင် ကြေးဝက်မှင်ဘီးဖြင့် ခွပ်ဖွဖွ ပွတ်တိုက်ဆေးကြောသည့်အခါ ငွေရောင်ဝင်းလက်သော ဓားအိမ်၊ ဓားရိုးတို့ကို ရရှိသည်။

ထိုအခါ ထုံးရေကြည်အနည်းငယ်စိမ်ပေးပြီး အခြောက်ခံလိုက်လျှင် ကြေးထည်များကို ဖွေးဝင်းတောက်ပြောင်သော ငွေရောင်ဖြင့် ရရှိနိုင်ပါသည်။



အရောင်တင်ပြီး ပန်းအပြည့်ရိုက် ဓားအိမ်တစ်ခု

× × × × ×

## ပန်းပဲမိသားစုများ

မင်းလမ်းကျေးရွာတွင် ပန်းပဲကို မိသားစုအလိုက် လုပ်ကိုင်ကြသည်။ ထုတ်လုပ်သည့် ပစ္စည်းအမျိုးအစား ကွဲပြားသော်လည်း ပန်းပဲနှင့်နီးနွယ်သည့် လုပ်ငန်းများသာဖြစ်ကြသည်။ အိမ်တိုင်းလိုလိုတွင် ဖိုရှိကြသည်မှန်သော်လည်း ထုတ်လုပ်သည့်ပစ္စည်းကွဲပြားသည်။ အဓိကမှာ ဓားလုပ်ကိုင်ကြသော်လည်း အလှဓားဟုခေါ်ကြသော လေးကင်းဓား၊ ငှက်ကြီးတောင်ဓား၊ ဂျပန်ဓား စသည့် ဓားရှည်များကို အိမ်တိုင်းထုတ်လုပ်ကြသည်မဟုတ်ပါ။ အချို့ပန်းပဲဖိုများသည် ထိုကဲ့သို့ အလှဓားများကို အလျှင်းထုတ်လုပ်ခြင်းမရှိဘဲ ဓားမ၊ မီးဖိုချောင်သုံးဓား စသော ဓားငယ်များကိုသာ ပြုလုပ်ကြသည်။ အချို့က ကိုင်းခုတ်ဓား၊ သစ်ဝါးခုတ်ဓား၊ အသားခုတ်ဓားကဲ့သို့ လုပ်ငန်းသုံးဓားကြီးများကို ထုတ်လုပ်သည်။ ထွန်သွားများ၊ တလယ်ပါဟု ဒေသအခေါ်ဖြင့် ခေါ်ဆိုကြသော တူရွင်းများ စသည့် လယ်ယာသုံး သံထည်ပစ္စည်းများ ထုတ်လုပ်သည့် ပန်းပဲဖိုများလည်းရှိသည်။ ဓားရိုးတွင် တပ်ဆင်သည့် ဓားအခွေး သီးသန့်လုပ်ကိုင်သူများ၊ ပန်းထိမ်လုပ်ငန်းနှင့်


နှီးနွယ်သည့် ပန်းရိုက်၊ ပန်းအပြောက်ထု၊ ဇဝါစိတ်၊ ဇဝါရိုက် လုပ်ကိုင်ကြသူများ၊ မားအိမ်ချည်းလုပ်ကိုင်ကြသူများ၊ မားရိုးချည်း လုပ်ကိုင်ကြသူများလည်း ရှိသည်။ ထိုကဲ့သို့ ပန်းပဲလုပ်ငန်းကိုပင် မတူကွဲပြားစွာ လုပ်ကိုင်ကြသော်လည်း အများစုမှာ မိသားစု လိုက် လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရသည်။

အချို့မှာ မိမိအိမ်တွင်ပင် မိသားစုလိုက် တာဝန်ခွဲဝေ လုပ်ကိုင်ကြသော်လည်း အချို့မှာ အခြားပန်းပဲဖိုများသို့ သွားရောက် ကာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို လုပ်ကိုင်ကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် ခင်ပွန်းလုပ်သူက တူမရိုက်ခြင်း၊ ဇနီးဖြစ်သူက အခြားပန်းပဲဖိုတစ်ခုတွင် ဖိုထိုးခြင်း၊ သမီးဖြစ်သူက အခြား တစ်နေရာတွင် ပန်းရိုက်၊ ဇဝါရိုက်ခြင်း စသည်တို့ကို လုပ်ကိုင် ကြသည်။ ဖိုမတူ၊ လုပ်ငန်းမတူသော်လည်း တစ်မိသားစုလုံး တစ်နည်းမဟုတ်တစ်နည်း ပန်းပဲပညာဖြင့် အသက်မွေးသည်ဟု ဆိုရမည်။ ထို့ကြောင့် မင်းလမ်းကျေးရွာ မိသားစုများသည် ပန်းပဲမိသားစုများဖြစ်ကြသည်။

မင်းလမ်းကျေးရွာတွင် ပန်းပဲလုပ်ကိုင်သူများမှာ မိသားစု အစဉ်အဆက်အလိုက် ပန်းပဲပညာကို လက်ဆင့်ကမ်းခဲ့ကြသူများ ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ ဘိုးဘေးများက လက်ဆင့်ကမ်းခဲ့သော ပန်းပဲပညာ၊ ဆရာသမားများက သင်ကြား ခဲ့သော ပန်းပဲပညာတို့ကို တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းကာ မျှဝေခဲ့ကြသည်ဟု ဆိုနိုင်သည်။ ပန်းပဲပညာသည် လက်ထပ် သင်ကြားပေး၍ရသော ပညာရပ်တစ်ခုဟု မဆိုနိုင်ပေ။ အထူး သဖြင့် မြန်မာ့မိရိုးဖလာအတတ်ပညာများသည် သင်ဆရာ၊

မြင်ဆရာ၊ ကြားဆရာဆိုသကဲ့သို့ သင်ယူ၊ မြင်တွေ့၊ ကြားနာခြင်းတို့ ပြည့်စုံမှသာ တတ်မြောက်လေ့ရှိသည်။ ကိုယ်တိုင်သင်ယူခြင်း၊ ကိုယ်တိုင်လေ့လာဆည်းပူးခြင်း၊ တီထွင်ဖန်တီးခြင်းတို့ဖြင့်သာ တတ်မြောက်လာကြသည်ဖြစ်ရာ မိဘဆရာသမားများက သင်ကြားသည်ထက် ကိုယ်တိုင်ကလည်း စိတ်ပါဝင်စားစွာ သင်ယူလေ့လာမှသာလျှင် တတ်မြောက်နိုင်မည်ဖြစ်ပါသည်။

သာဓက တင်ပြရပါလျှင် ထင်ရှားသော ပန်းပဲဆရာကြီး ဦးတင်ရွှေမိသားစုတွင် ဖခင်ဖြစ်သူ ဦးတင်ရွှေက ကိုဝင်းညွန့် အပါအဝင် သားသမီးများကို ပညာလက်ဆင့်ကမ်းခဲ့ရာ ယနေ့ အချိန်မှာပင် ပန်းပဲလုပ်ငန်းကို ဦးစီးလုပ်ကိုင်နိုင်သည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် ပန်းရိုက်၊ ဇဝါရိုက်လုပ်ငန်းများ လုပ်ကိုင်သော ဦးကျော်မြင့်ဇနီး ဒေါ်ခင်သန်းကြည်တို့က သမီးများ



ဦးကျော်မြင့်၊ ဇနီး ဒေါ်ခင်စန်းကြည်၊ သမီး မကေသီစံ

ဖြစ်ကြသော မနန်းယုစံ၊ မကေသီစံတို့ကို ပညာအမွေ ပေးထားသည်ဖြစ်ရာ သမီးများသည် ပန်းရိုက်၊ ဇဝါရိုက်ခြင်းကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ကြသည်ကို တွေ့ရှိရပါသည်။




ဦးတင်ရွှေနှင့် သား ကိုဝင်းညွှန့်

× × × × ×

## ဖယ်သွားထံသို့

မင်းလမ်းကျေးရွာထွက်ဓားများသည် တပ်မတော် စစ်ကျောင်းကြီးများ၊ ရဲသိပ္ပံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် စသော ကျောင်းများ၏ ကျောင်းဆင်းပွဲအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့် သော ဓားများဖြစ်သည်။ သာမန်အားဖြင့် ငွေဓားဆုဆိုသည်မှာ ထူးခြားသည်ဟု မဆိုနိုင်ပါ။ သို့စေကာမူ သက်ဆိုင်ရာသင်တန်း အသီးသီးတွင် ဆုချီးမြှင့်ခြင်းခံရသူများ၊ ငွေဓားဆုနှင့် ပွတ်ကာ



စံပြဆုဓား

သိကာ လွဲချော်ခဲ့ရသူများအတွက်ဖြင့် များစွာတန်ဖိုးကြီးမားလှပါသည်။ B.C (Best Cadet) ဟု အတိုကောက် ခေါ်ဆိုလေ့ရှိသော အကောင်းဆုံးသင်တန်းသားဆုအတွက် သက်ဆိုင်ရာ သင်တန်းကာလတစ်လျှောက် အကောင်းဆုံးဖြစ်အောင် ကြိုးစား၊ အားထုတ်၊ ပြုမူ၊ နေထိုင်၊ လေ့ကျင့်ရသည်ဖြစ်ရာ လွန်စွာပင်ပန်းလှပါသည်။ ကာလရှည်ကြာစွာ ကြိုးစားအားထုတ်ပြီးနောက် မိမိကဲ့သို့ အပြင်းအထန် ကြိုးစားခဲ့ရသူများကို ကျော်ဖြတ်ပြီးမှ ဆွတ်ခူးနိုင်သည့်ဆုဖြစ်ပေရာ အလွန်ဂုဏ်ယူ မြတ်နိုးတန်ဖိုးထားကြသောဆုဖြစ်ပါသည်။ ထိုဆုကို ရရှိသူအတွက် များစွာဂုဏ်ယူတန်ဖိုးထားစရာဖြစ်သကဲ့သို့ သမိုင်းနှင့်ချီသည့် မှတ်တမ်းလည်း ဖြစ်ပေသည်။ ထိုဆုကို မင်းလမ်းရွှာက ပြုလုပ်ပေးရခြင်းသည် မင်းလမ်းရွှာအတွက် ဂုဏ်ယူစရာဖြစ်သကဲ့သို့ ဆုရရှိသူအတွက်လည်း မင်းလမ်းရွှာကို တန်ဖိုးထားစရာဟု ဆိုရမည်။

ထို့အပြင် တပ်မတော်နေ့အပါအဝင် စစ်ရေးပြအခမ်းအနားများ၌ အသုံးပြုသောဓားများကိုလည်း မင်းလမ်းရွှာတွင် ထုတ်လုပ်သည်။ ရှေ့တွင် တင်ပြခဲ့သကဲ့သို့ စစ်ရေးပြ အခမ်းအနားသုံး ဂုဏ်ပြုဓားများသည် တပ်မတော်တစ်ခု၏ အဆင်တန်ဆာ၊ အဆောင်အယောင်တစ်ခုဖြစ်သဖြင့် မရှိမဖြစ် စစ်ဝတ်တန်ဆာ တစ်ခုဟု ဆိုနိုင်သည်။ ထိုအရေးပါလှသော စစ်ဝတ်တန်ဆာကို ယခင်က နိုင်ငံခြားတိုင်းပြည်များမှ မှာယူတင်သွင်းခဲ့ရသည်ဖြစ်ရာ နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာသုံးစွဲခဲ့ရသည်။ ထို့ပြင် ယဉ်ကျေးမှု ထွန်းကားသော၊ လက်မှုပညာရပ်များ ထွန်းကားသော နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံမှ မှာယူသုံးစွဲရသည်ဆိုသည်မှာ

နိုင်ငံ၏ဂုဏ်သိက္ခာကို ပွန်းပဲ့စေသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း နိုင်ငံအကြီးအကဲ၊ တပ်မတော်အကြီးအကဲတို့က မိမိနိုင်ငံအတွင်းရှိ လက်မှုပညာရှင်များကို ရှာဖွေဖော်ထုတ်ကာ အပ်နှံလုပ်ဆောင်စေခြင်းသည် မင်းလမ်းရွာ၏ တန်ဖိုးမဖြတ်နိုင်သော သမိုင်းဖြစ်သကဲ့သို့ နိုင်ငံ၏ဂုဏ်သိက္ခာကို မြင့်မားအောင် လုပ်ဆောင်ခြင်းဟုလည်း ဆိုနိုင်သည်။ ထိုလုပ်ဆောင်ချက်သည်ပင် မင်းလမ်းရွာကို မှတ်တမ်းတင် ချီးကျူးအပ်သော လုပ်ဆောင်ချက်ဟု ဆိုရမည်။

အမှတ်တရ လက်ဆောင်ပေးရန်၊ သိမ်းဆည်းထားရန်စသည်တို့အတွက်လည်း မင်းလမ်းကျေးရွာက အလှဓားများကို ထုတ်လုပ်ပါသည်။ မြန်မာတိုင်းရင်းသားတို့သည် ရှေးအစဉ်အလာကတည်းက ဓားကို တန်ဖိုးထားခဲ့ကြသည်။ ယနေ့ခေတ်ကာလအထိ မြန်မာနိုင်ငံ အရပ်ဒေသအတော်များများတွင် အိမ်တိုင်းလိုလို၌ ဓားကို ကာကွယ်ရေးလက်နက်အဖြစ် အသုံးပြုနေကြဆဲဖြစ်သည်။ အချို့သောတိုင်းရင်းသားများ (အထူးသဖြင့် ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၊ ချင်းတိုင်းရင်းသားမျိုးနွယ်စုများ)၏ မိရိုးဖလာ ဓလေ့ထုံးစံများအရ ဆောင်ဓားများ ဆောင်လေ့ရှိသည်။ သို့သော် ဗမာတိုင်းရင်းသားများတွင်မူ ထိုသို့မရှိပါ။ သို့စေကာမူ ရှေးထုံးတမ်းအစဉ်အလာများကို အလေးထားသူများ၊ ဘိုးစဉ်ဘောင်ဆက်က နန်းတွင်း သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ အစဉ်အလာရှိခဲ့သူ မိသားစုများက ရှေးဟောင်းဓားများကို အိမ်တွင် တန်ဖိုးထား ချိတ်ဆွဲလေ့ရှိသည်။ ရှေးဟောင်းဓားမရှိသည့်တိုင် အလှဝယ်ယူ ချိတ်ဆွဲထားသည်များလည်းရှိပါသည်။

ထို့ပြင် ဓားများကို နိုင်ငံတော်အဆင့် ညွှဲသည်တော်များကို နိုင်ငံအကြီးအကဲများက လက်ဆောင်အဖြစ် ပေးအပ်လေ့လည်း ရှိသည်။ ယနေ့ခေတ်တွင် နိုင်ငံတကာမှ လာရောက်ကြသည့် နိုင်ငံအကြီးအကဲများ အပါအဝင် နိုင်ငံခြားဧည့်သည်တော်များအား ဓားလက်ဆောင်ပေးသည်ကို မတွေ့ရသလောက်ဖြစ်သော်လည်း ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက နိုင်ငံခြားဧည့်သည်တော်များအား ကတ္တီပါအိတ်စွပ် ငွေဓား လက်ဆောင်ပေးခဲ့သည်ကို မှတ်တမ်းများတွင် တွေ့ရှိရပါသည်။



**ပါလီမန်ဒီမိုကရေစီခေတ် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ကတ္တီပါအိတ်စွပ် ငွေဓားလက်ဆောင်ပေးအပ်စဉ်**

အချို့သူများသည် ဝါသနာအရ ဓားများ စုဆောင်းလေ့ရှိကြသည်။ ဓားများစုဆောင်းရာတွင် လုပ်ငန်းခွင်သုံးဓားများထက် အလှချိတ်ဆွဲသောဓားများ၊ ဟိုင်းရင်းသားတို့၏ ဓားများ၊ တိုင်းတစ်ပါးသားတို့၏ ဓားများကို ဝယ်ယူစုဆောင်းလေ့ ရှိသည်။ မြန်မာ့ရိုးရာဓားများအနက် ပုံသဏ္ဍာန်ကွဲပြားခြားနားသော ငှက်ကြီးတောင်ဓား၊ စလွယ်ဓား၊ လေးကင်းဓား စသည့်ဓားများ၊ ရှမ်းဓား၊ အင်းလေးဓား၊ ကချင်ဓား၊ ရဝမ်ဓား၊ လီဆူဓား၊ ရှမ်းတရုတ်ဓား စသည့် တိုင်းရင်းသားတို့၏ဓားများ၊ ဂျပန်ကင်ဒိုဓား၊ ဂေါ်ရခါးဓားကောက်၊ တရုတ်ရှောင်လင်ဓား စသော တိုင်းတစ်ပါးသားတို့ဓားများသည် အများဆုံး ဝယ်ယူ စုဆောင်းလေ့ရှိသော ဓားများဖြစ်ကြသည်။

ထို့ပြင် မိရိုးဖလာယုံကြည်မှုအတွက် နတ်ဆက်သည့်ဓားများကိုလည်း ထုတ်လုပ်သည်။ မိရိုးဖလာ နတ်ကိုးကွယ်ကြသူများသည် ဓားများကို ဆက်သလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် အများစုမှာ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်မှာ မှန်သော်လည်း တစ်ပြိုင်တည်းမှာပင် မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုအနေဖြင့် နတ်ကိုးကွယ်ကြသူများလည်း များစွာရှိသည်။ အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်းစသည်ဖြင့် မိရိုးဖလာယုံကြည်ကိုးကွယ်ကြသော နတ်များတွင် ဘုရင်၊ မင်းညီ၊ မင်းသားနှင့် စစ်သည်တော်စသည်တို့မှ နတ်ဖြစ်ခဲ့ကြသည်ဟု ယုံကြည်ကြသောနတ်များ၊ စော်ဘွားများ၊ နယ်စားပယ်စားများမှ နတ်ဖြစ်ခဲ့ကြသည်ဟု ယုံကြည်ကြသော နတ်များကို ဓားများဆက်သကြသည်။ စနစ်တကျကောက်ယူထားသောစစ်တမ်းနှင့် မှတ်တမ်းမှတ်ရာများ အတိအကျ မရှိသည့်

တိုင် စတီသဘောဖြစ်စေ၊ လေးလေးနက်နက်ဖြစ်စေ ယုံကြည်ကြသဖြင့် နတ်ကိုးကွယ်ကြသူများမှာ အတိုင်းအတာ ပမာဏတစ်ခုအထိ မနည်းလှဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း နတ်ဆက်ဓားများ၏ဈေးကွက်မှာ သေးငယ်လှသည်မဟုတ်ဟု ဆိုရပါမည်။




ဓားနှင့် နတ်ရုပ်များ

အလှဓားများ၊ နတ်ဆက်ဓားများကို ရန်ကုန်၊ မန္တလေးမြို့ကြီးများအသီးသီးသို့ တင်ပို့ရောင်းချရသည်။ ပျော်ဘွယ်မြို့တွင် ဓားရောင်းချသောဆိုင်ကြီးများရှိရာ ထိုဆိုင်ကြီးများသို့လည်း ပေးပို့ရသည်။ မြန်မာပြည်အရပ်ရပ်ရှိ ဆယ့်နှစ်လရာသီ ဘုရားပွဲများ၊ မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားပုထိုးများ၏ စောင်းတန်းများရှိ ဈေးဆိုင်များတွင်လည်း မင်းလမ်းဓားများကို ရောင်းချကြ

သည်။ ထိုသို့ရောင်းချရာတွင် ပျော်ဘွယ်မြို့မှ ဓားရောင်းချသော ဆိုင်ကြီးများသည် မင်းလမ်းရွာမှ ပန်းပဲလုပ်ငန်းများထံတွင် ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားစနစ်ဖြင့် အပ်နှံကြသည်က များသည်ဟု ဆိုသည်။ ထိုဓားဆိုင်ကြီးများမှတစ်ဆင့် အနယ်နယ် အရပ်ရပ်ရှိ ဖောက်သည်များထံသို့ ပေးပို့ရောင်းချကြသည်ဟု သိရသည်။ ထို့ပြင် မန္တလေးမြို့၊ ရန်ကုန်မြို့ အစရှိသောမြို့ကြီးများရှိ နိဗ္ဗာန်ကုန်ဆိုင်များက တိုက်ရိုက်မှာယူခြင်းများလည်းရှိကြောင်း သိရသည်။

ယခုအခါတွင် မင်းလမ်းရွာအဝင် လမ်းထိပ် ရန်ကုန်-မန္တလေးလမ်းဟောင်းဘေး ဝဲယာ၌ အလှဓားအမျိုးမျိုး၊ ဆောင်ဓား အမျိုးမျိုး၊ လုပ်ငန်းခွင်သုံးဓားအမျိုးမျိုး၊ မီးဖိုချောင်သုံး ဓားအမျိုးမျိုးတို့ကို မိသားစုအလိုက် ယာယီဆိုင်ခန်းငယ်များဖွင့်၍ ရောင်းချကြသည်ကိုလည်း တွေ့ရသည်။ ဓားများသည် လူတို့၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်အသုံးအဆောင်တစ်ခု ဖြစ်သော်လည်း လူတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်ထိပါးနိုင်သော လက်နက်တစ်မျိုးလည်း ဖြစ်သည်။ ထို့ကြောင့် လမ်းဘေးတွင် ဓားများကို အလွယ်တကူ ရောင်းချနေခြင်းနှင့်ပတ်သက်၍ မင်းလမ်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို မေးမြန်းကြည့်ရာတွင် သူတို့ လမ်းဘေးမှာ ရောင်းမှသာ ဖြတ်သွားဖြတ်လာများက ဝယ်ယူ ကြသဖြင့် စားဝတ်နေရေး အဆင်ပြေကြမည်ဖြစ်ကြောင်း၊ မိမိ အိမ်ထွက်၊ ရွာထွက်ပစ္စည်းကို ရောင်းချခြင်းဖြစ်ပြီး အခြား ရည်ရွယ်ချက်မရှိသဖြင့် အန္တရာယ်ဖြစ်လောက်နိုင်သည်ဟု မထင်မြင်မိပါကြောင်း ပြောကြားခဲ့သည်ကို မှတ်သားမိပါသည်။



**မင်းလမ်းရွာအဝင် လမ်းဘေးမှ ဓားဆိုင်တစ်ဆိုင်**

သာမန်အားဖြင့် ပန်းပဲလုပ်ကာ ဓားထုတ်လုပ်ခြင်းသည် ထူးခြားလှသည်ဟု မဆိုနိုင်ပါ။ လူတို့၏နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်တစ်ခုကို မြန်မာ့ရိုးရာ အတတ်ပညာတစ်ခုဖြင့် ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် မင်းလမ်းကျေးရွာမှ ပြုလုပ်သော ဓားများကမူ သမားရိုးကျအသုံးအဆောင်တစ်ခုလည်းဖြစ်၊ အမှတ်တရပစ္စည်းတစ်ခု အနေနှင့်လည်းဟုတ်၊ အဆောင်အယောင်တစ်ခုဟု ဆိုလျှင်လည်းမမှား၊ ဂုဏ်ဒြပ်တစ်ခုဟုလည်း ဆိုနိုင်သည့် ဓားများဖြစ်သည်။ မင်းလမ်းဓားသည် အခမ်းအနားများမှသည် မီးဖိုချောင်အထိ၊ နိုင်ငံအကြီးအကဲများမှသည် လက်လုပ်လက်စား အထိ၊ အလှာစုံ၊ လူတန်းစားပေါင်းစုံတို့၏ လက်တွင်းသို့ ရောက်ရှိခဲ့ပါတော့သည်။ ။

× × × × ×

## ကျမ်းကိုးစာရင်း

၁။ စပယ် (ဒီးဒုတ်ဦးဘချို)။ ဘွေသိဟာ။ ရန်ကုန်၊ ဒီးဒုတ်။
၂။ တိုး၊ ဦး။ ရာမရကန်။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၅။
၃။ တင်သိန်း၊ ဒေါက်တာ (ဘူမိဗေဒ)။ မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှု။ ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၁။
၄။ ဒသမတန်း မြန်မာကဗျာလက်ရွေးစင်။ ရန်ကုန်၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ၁၉၈၅။
၅။ နတ်ရှင်၊ ဒဂုန်။ မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်း။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈။
၆။ ပုညာ၊ ဦး။ သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၁၁။
၇။ ပန်းလှ၊ နိုင်။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း။ ရန်ကုန်၊ မြဝတီစာပေတိုက်၊ ၁၉၈၇။
၈။ ဖိုးကျား၊ ဦး။ ၃၇ မင်း။ ဒုတိယအကြိမ်။ ရန်ကုန်၊ ပါရမီစာပေ၊ ၁၉၉၉။
၉။ ဖိုးလှိုင်၊ ဦး။ ယောအတွင်းဝန်။ ကာယနုပဿနာကျမ်း။
၁၀။ ဘားမားဂေဇက်တီးယား၊ ရမည်းသင်း ဒိစကြိတ်။ ၁၉၃၉။

၁၁။ ဘိုးသင်း၊ ဦး။ အထက်တန်းမြန်မာကဗျာသင်ကြားရေး။ ရန်ကုန်၊ မိုးကြည်စာပေ၊ ၁၉၉၂။
၁၂။ မဟာမင်းလှမင်းခေါင်ကျော် (ဦးရွှန်း)။ မဟာသုတသောမပျို့။
၁၃။ မိုးကြည်၊ မေမြို့။ စာပေခေတ်ကိုးခေတ်မှ မြန်မာကဗျာများအဖွင့်။
၁၄။ မင်းယက္ခ၊ မြန်မာ့ဓား။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၅။
၁၅။ မောင်မောင်တင်၊ ဦး။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး။ ရန်ကုန်၊ စကားဝါစာပေ၊ ၁၉၈၉။
၁၆။ မောင်မောင်တင်၊ ဦး။ ရွှေနန်းသုံးဝေါဟာရအဘိဓာန်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၅။
၁၇။ မုံရွေးဆရာတော်။ ကုသပျို့။
၁၈။ မြန်မာစာအဖွဲ့။ မြန်မာစာအဘိဓာန်အတွဲ (၂)။ ရန်ကုန်၊ ယင်းအဖွဲ့၊ ၁၉၇၉။
၁၉။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၅)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၁။
၂၀။ မှန်ပြည်နယ်နေ့အထိမ်းအမှတ်စာစောင်၊ ၁၉၇၈။
၂၁။ မှတ်ကျောက်။ မြန်မာ့ပန်းပဲ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၅။
၂၂။ မှိုင်း၊ သခင်ကိုယ်တော်။ မျောက်ကဏ္ဍ၊ ရန်ကုန်၊ သူရိယ၊ ၁၉၄၂။
၂၃။ ရှေးဟောင်းမြန်မာကျောက်စာများ ပထမတွဲ။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၇၂။

၂၄။ လင်းထိုက်တင်လှိုင်။ သမိုင်းမှတ်တိုင် မြစ်သားဆယ့်တစ်ခရိုင်။ ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၃။
၂၅။ လမ်းစဉ်သတင်း၊ တွဲ ၁၀၊ မှတ် ၁၂။
၂၆။ လှသမိန်။ အနောက်နန်းမိဖုရားမမြကလေးနှင့် လှိုင်ထိပ်ခေါင်တင် ဘဝနှင့်စာပေ။ ရန်ကုန်၊ စန္ဒာဝင်းစာပေ၊ ၁၉၆၉။
၂၇။ ဝရာဘိသယ်နာထဆရာတော်။ မဏိကုဏ္ဍလဝတ္ထု။
၂၈။ သီရိဥဇနာ၊ အင်းရုံရွာစားဝန်ကြီး။ လောကဗျူဟာကျမ်း (အင်းရုံစာတမ်း)။ ရန်ကုန်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ၂၀၀၁။
၂၉။ သုခ၊ သုခမှတ်စု။ ဆဋ္ဌမအကြိမ်၊ ရန်ကုန်၊ ပါရမီစာပေ၊ ၁၉၉၇။
၃၀။ သိန်းကြီး၊ ဆရာ၊ မှော်ဘီ။ ပေါရာဏဒီပနီ (ပထမတွဲ)။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၁။
၃၁။ အထက်တန်းကဗျာလက်ရွေးစင်။ ရန်ကုန်။ ပညာရေးဝန်ကြီးဌာန၊ ၁၉၇၇။
၃၂။ အိုင်ချင်းကဗျာများ။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်မြန်မာစာအသင်း၊ ၁၉၈၅။



၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆု

# ပန်းပဲစွမ်းအား-မြန်မာ့ဓိးလေဝိးဓား

## ဇော်လွင်ဦး (ဟင်္သာတ)

အဖ ဦးဝင်းကြည်၊ အမိ ဒေါ်ရီရီတို့က ၁၉၆၄ ခုနှစ်တွင် ဟင်္သာတမြို့၌ မွေးဖွားခဲ့ပါသည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးသားဖြစ်သည်။

အခြေခံပညာကို အ·မ·က (လယ်ပြင်-ဟင်္သာတ)၊ အ·လ·က (၁) ဟင်္သာတနှင့် အ ·ထ ·က (၁) ဟင်္သာတတို့တွင် ပညာဆည်းပူးခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲအောင်မြင်ခဲ့သည်။

၁၉၈၂ ခုနှစ်တွင် ဟင်္သာတကောလိပ်၌ မြန်မာစာအဓိကဖြင့် ပထမနှစ် တောင်တက်ရောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့ပါသည်။ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် မဟာဝိဇ္ဇာအရည်အချင်းစစ် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တက်ရောက်ခဲ့သည်။

၁၉၈၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဟင်္သာတမြို့နယ် တာငုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းပြ၊ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ငွေလထုတ် ရွှေအသွေးဂျာနယ် အတွဲ (၂၅)၊ အမှတ် (၂၃) တွင် "နေရာမှန်"အမည်ရှိ စာမူဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် စာပဒေသာ ပထမဆုနှင့် သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆု၊ ၂၀၁၃ ခုနှစ် ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ကျမ်းစာပေဒုတိယဆု၊ ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု[ပြိုင်ပွဲ]တွင် သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆုတို့ကို ရရှိခဲ့သည်။

အမည်ရင်း - ဦးဇော်လွင်ဦး ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၇၈၊ ရန်ရှင်း ၂ လမ်း၊ ကာ[illegible]
ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသ[illegible]

စာပေဗိမာန်
K2524
KS 700